# သစ်တောကြေးမုံ

၂၀၁၇ ခုနှစ် ၊ ဒီဇင်ဘာလ

## မြန်မာနိုင်ငံသစ်တောကျောင်း (၁၁၃)ကြိမ်မြောက် ကျောင်းဆင်းပွဲ အခမ်းအနား





# မာတိကာ

- မြန်မာနိုင်ငံသစ်တောကျောင်း(၁၁၃)ကြိမ်မြောက် ကျောင်းဆင်းပွဲ အခမ်းအနား — မျက်နှာဖုံး
- စာတည်းအဖွဲ့မှ စာဖတ်သူများထံသို့ နှုတ်ခွန်းဆက်လွှာ — ၁
- သတင်းများကဏ္ဍ — ၂ - ၈
- တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ — ၉ - ၁၂
- သက်တမ်းကြီးသောသစ်ပင်များကြီးထွားမှုအလွန်နှေးသွားရခြင်း . . . . — ၁၃ - ၁၅
- ကြွေလွင့်ပြန်ပြီ ကြယ်တစ်ပွင့် — ၁၆
- ကချင်ပြည်နယ်မှ အပင်မျိုးစိတ်သစ်တစ်မျိုးတွေ့ရှိ — ၁၇ - ၁၉
- တာကော်တံတားမှသည် လင်းတင့်ကျက်များရှိရာသို့ --- — ၂၀ - ၂၃
- ကမ္ဘာမြေပြန်လည်စိမ်းလန်းဖို့သစ်တောသစ်ပင်ထိန်းသိမ်းကြစို့ -- — ၂၄ - ၂၅
- စည်းကမ်းဥပဒေလိုက်နာလို့ တောတောင်ရေမြေထိန်းကြစို့ (ကဗျာ) — ၂၅
- တိုတိုထွာထွာ မှတ်စရာ(၁၃) — ၂၆ - ၂၇
- ဝါးမျိုးစိတ်များကိုကွင်းဆင်းလေ့လာခြင်းသုတေသန — ၂၈ - ၃၀
- မြင်းစာမြက် — ၃၁ ၊ ၃၄
- မြေးငယ်သစ်သစ်သို့ပေးစာ--- — ၃၂ - ၃၄
- ကျွန်တော်တို့နှစ်ယောက်၏သစ်တောကျောင်းဆရာဘဝ --- — ၃၅ - ၃၉
- ရိပ်ရောက်(ကဗျာ) — ၃၉
- ဥယျာဉ်မှူး၏ဝေဒနာ — ၄၀ - ၄၁
- SOIL AND WATER CONSERVATION MEASURES FOR LAND REHABILITATION AND AGROFORESTRY — ၄၂ - ၄၅
- တက်ကြွအားသွန်နိုင်ငံဝန်ဒ္ဓ — ၄၆ - ၄၈
- ဒိုဒို — ၄၉ - ကျောဖုံး

**စာတည်းချုပ်နှင့် ထုတ်ဝေသူ**

ဦးအောင်ချိန်
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် – (မြ– ၀၀၄၀၀)

**ဆက်သွယ်ရန်** - ၀၆၇-၄၀၅၃၃၄
extension@forestdepartment.gov.mm

**စာတည်း**

ဦးလှမြင့် ၊ လက်ထောက်ညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

ဦးအောင်ကျော်ဦး — လက်ထောက်ညွှန်ကြားရေးမှူး
ဦးစိန်မိုး — လက်ထောက်ညွှန်ကြားရေးမှူး
ဦးကိုကိုထွန်း — ဦးစီးအရာရှိ

**ပုံနှိပ်သူ**

ဦးမြင့်ထွန်း(မြ –၀၀၆၆၀)
မဥ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## စာတည်းအဖွဲ့မှ စာဖတ်သူများထံသို့ နှုတ်ခွန်းဆက်လွှာ

ယခုလထုတ်သစ်တောကြေးမုံသည် ဒီဇင်ဘာလထုတ်ဖြစ်သဖြင့် ၂၀၁၇ခုနှစ်မှ ၂၀၁၈ခုနှစ်သို့ကူးပြောင်းသောအချိန်ကာလလည်းဖြစ်ပါသည်။ နှစ်တစ်နှစ်ပြောင်းသည်နှင့်အမျှ သစ်တောကြေးမုံသည်လည်း သက်တမ်းထပ်မံတိုးလာပါသည်။ ပထမဦးဆုံး "သစ်တောသတင်းလွှာ"အမည်ဖြင့် ထုတ်ဝေခဲ့ပါသည်။ ၂၀၀၄ခုနှစ်၌ "သစ်တောရေးရာဂျာနယ်"အမည်ဖြင့်နှစ်လတစ်ကြိမ်ထုတ်ဝေခဲ့ပြီး ၂၀၀၇ခုနှစ်ဇန်နဝါရီလမှစတင်၍ တစ်လတစ်ကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ထို့နောက် ၂၀၁၁ခုနှစ် ဇူလိုင်လမှစ၍ "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဂျာနယ်"အဖြစ်အမည်ပြောင်းလဲထုတ်ဝေခဲ့ပါသည်။ ယခုအမည်ဖြစ်သည့်"သစ်တောကြေးမုံ"အား ၂၀၁၆ခုနှစ် ဧပြီလမှ စတင်ပြောင်းလဲထုတ်ဝေခဲ့သည်မှာ ၂၀၁၇ခုနှစ် ဒီဇင်ဘာလသို့ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

သစ်တောကြေးမုံတွင် နိုင်ငံတော်အဆင့်မှ သစ်တောရေးရာကဏ္ဍနှင့်ပတ်သက်သောသတင်းများ၊ ပြည်ထောင်စုဝန်ကြီးနှင့်ဌာနဆိုင်ရာအကြီးအကဲများ၏သတင်းများ၊ လုပ်ငန်းများနှင့်သတင်းဓာတ်ပုံများ၊ ဗဟုသုတဖြစ်စေမည့် ပညာရပ်ဆိုင်ရာဆောင်းပါးများ၊ နိုင်ငံတကာမှပတ်ဝန်းကျင်ရေးရာသတင်းများ၊ ကာတွန်း၊ ကဗျာ၊ ဝတ္ထုစသည်ဖြင့် စုံစုံလင်လင်ဖော်ပြနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်သာမက နိုင်ငံတကာသဘာဝသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ကြိုးပမ်းမှု ၊ ဖြစ်ပေါ်တိုးတက်မှုများကိုလည်းအချိန်နှင့်တပြေးညီစုဆောင်း၍ ဖော်ပြလျက်ရှိပါသည်။ သစ်တောကြေးမုံသည်လစဉ်ထုတ်ဖြစ်ခြင်း၊ ပြည်နယ်တိုင်းအားလုံးသို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိခြင်းများကြောင့် ဌာနတွင်းစာအုပ်များမှသာမက ပြင်ပမှစာမူများ၊ မိမိတို့ဝန်ကြီးဌာနမှထုတ်ဝေခဲ့သည့် စာအုပ်၊ စာတမ်းများထဲမှ အများသိသင့်ဖတ်သင့်သည့် "အဟောင်းထဲမှအကောင်းများ"ဟုဆိုအပ်သည့်အကြောင်းအရာများကိုလည်း ပြန်လည်ထည့်သွင်းဖော်ပြပေးလျက်ရှိပါသည်။ သစ်တောကြေးမုံထုတ်ဝေခြင်း၏ရည်ရွယ်ချက်ဖြစ်သော သစ်တောပြုစုထိန်းသိမ်းရေးဆိုင်ရာဆောင်ရွက်ချက်များ၊ သစ်တောသယံဇာတများရေရှည်တည်တံ့ရေးအတွက် ပြည်သူများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးစသည်များကို အများသိမြင်လာစေရန်အတွက် စာစောင်အား ပြည်သူအတွင်း ဖတ်ရှုလေ့လာနိုင်ရေးကိုပါရည်ရွယ်၍ ပြင်ပရုံးစာကြည့်တိုက်များ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့်ဆက်စပ်လျက်ရှိသည့် လုပ်ငန်းဌာနများသို့ ပေးပို့ဖြန့်ဝေလျက်ရှိပါသည်။

အထူးဖော်ပြပေးလိုသည်မှာ သစ်တောကြေးမုံသို့ ဆောင်းပါးများ၊ သတင်းအချက်အလက်များ၊ ကဗျာများ၊ ဓါတ်ပုံများနှင့် အခြားသိကောင်းစရာများကို ပေးပို့လျက်ရှိကြသည့် ကလောင်ရှင်များပင်ဖြစ်ပါသည်။ အချို့ကလောင်ရှင်များဆိုပါလျှင် လစဉ်လိုလိုစဉ်ဆက်မပြတ်ရေးသားပေးပို့လျက်ရှိကြပါသည်။ အစဉ်အမြဲပါဝင်ရေးသားသူများ၊ ရံဖန်ရံခါပါဝင်ရေးသားသူများအားလုံးသည် "သစ်တောကြေးမုံ"ပုံမှန်ထွက်ရှိရေး၏ အဓိကမောင်းနှင်အားများဖြစ်ကြပါသဖြင့် အထူးကျေးဇူးတင်လေးစားဂုဏ်ပြုထိုက်ပါသည်။

သစ်တောကြေးမုံ လစဉ်အဆင့်အတန်းမီစွာ အချိန်မီထွက်ရှိနိုင်ရေးအတွက် စာတည်းမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဂျာနယ်အဆင့်အတန်းပိုမိုတိုးတက်စေရန်အတွက် သစ်တောကြေးမုံနှင့်ပတ်သက်၍ ကောင်းမွန်သောအကြံပေးချက်များကိုလည်း ဖိတ်ခေါ်အပ်ပါသည်။ သစ်တောမူဝါဒတွင်ပါဝင်သော ပြည်သူအတွင်း အသိပညာရှင်သန်စေခြင်း(Awareness)နှင့် ပူးပေါင်းဆောင်ရွက်လာစေခြင်း(Participation)အပိုင်းများနှင့် ဌာနတွင်းဝန်ထမ်းများအား ပညာရပ်နှင့်ဗဟုသုတပိုင်းဆိုင်ရာ အသိအမြင်ဖြန့်ဝေနိုင်သည်ဆိုလျှင် သစ်တောကြေးမုံကို ကြိုးပမ်းဆောင်ရွက်ရကျိုးနပ်ပြီဖြစ်ပါကြောင်း ရေးသားတင်ပြ၍ နှစ်သစ်(၂၀၁၈)ခုနှစ်အားကြိုဆိုနှုတ်ဆက်လိုက်ပါသည်။

### သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားတွဲ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ်မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။

## ပြင်ဦးလွင်မြို့၊ မြန်မာနိုင်ငံသစ်တောကျောင်း အခြေခံသစ်တောပညာသင်တန်းအမှတ်စဉ်(၁၁၃)၊ အဆင့်မြင့်မြေတိုင်းသင်တန်းအမှတ်စဉ်(၅၁)နှင့် အခြေခံမြေတိုင်းသင်တန်းအမှတ်စဉ်(၇၆) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခြင်း



သစ်တောဦးစီးဌာန အကျိုးပြုစာစောင်ဖြစ်သည့် သစ်တောကြေးမုံ၏ ပင်တိုင်ဆောင်းပါးရှင်ဖြစ်သည့် ဦးစိန်သက်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

ပြင်ဦးလွင်မြို့၊ မြန်မာနိုင်ငံသစ်တောကျောင်း၊ အခြေခံသစ်တောပညာသင်တန်းအမှတ်စဉ်(၁၁၃)၊ အဆင့်မြင့်မြေတိုင်းသင်တန်းအမှတ်စဉ်(၅၁)နှင့် အခြေခံမြေတိုင်းသင်တန်းအမှတ်စဉ်(၇၆) သင်တန်းဆင်းစစ်ရေးပြအခမ်းအနားကို(၂၇-၁၁-၂၀၁၇)ရက်နေ့ နံနက်(၇း၃၀)နာရီအချိန်တွင် ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံမြေတိုင်းကျောင်း စစ်ရေးပြကွင်း၌ပြုလုပ်ရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အရာထမ်း/အမှုထမ်းများ၊ အငြိမ်းစားအရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျောင်းဆင်းသင်တန်းသားများနှင့်မိသားစုများတက်ရောက်ကြပါသည်။

စစ်ရေးပြအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသစ်တောကျောင်းနှင့် မြေတိုင်းကျောင်းတို့မှ သင်တန်းထူးချွန်ဆုရသင်တန်းသားများနှင့် စစ်ရေးပြအကောင်းဆုံးတပ်ခွဲကို ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ဆက်လက်၍ အလံကိုင်တပ်ဖွဲ့နှင့် သင်တန်းဆင်းတပ်ဖွဲ့များမှ ပြည်ထောင်စုဝန်ကြီးအား စစ်ကြောင်းပုံစံဖြင့် ချီတက်အလေးပြုခဲ့ကြပါသည်။

သင်တန်းဆင်း အောင်လက်မှတ်ချီးမြှင့်ပေးအပ်သည့်အခမ်းအနားကို မြန်မာနိုင်ငံသစ်တောကျောင်း၊ ကျွန်းရတနာခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသစ်တောကျောင်းကို ၁၈၉၈ခုနှစ်မှစ၍ သာယာဝတီမြို့၌ စတင်ဖွင့်လှစ်ခဲ့ပြီး အရည်အချင်းပြည့်မီစွာ မွေးထုတ်ခဲ့သော သင်တန်းသားများစွာ မွေးထုတ်သင်ကြားပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသစ်တောကျောင်းတွင် အခြေခံသစ်တောပညာသင်တန်းကို ဘာသာရပ်(၁၄)ခုဖြင့် အမှတ်စဉ်(၁၁၂)မှစ၍ သင်ကြားခဲ့ပြီး ယခုအမှတ်စဉ်(၁၁၃)တွင် ခေတ်မီနည်းပညာများ အသုံးချတတ်စေရန်ရည်ရွယ်ပြီး ကွန်ပျူတာဘာသာရပ်ကိုပါ ထည့်သွင်းသင်ကြားပို့ချခဲ့ကြောင်း၊ သင်တန်းသားများအနေဖြင့် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထုဗဟိုပြု လူမှုစီးပွားတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများမှ သစ်တောဦးစီးဌာန အကျိုးပြုစာစောင်၊ ဆောင်းပါးများရေးသားခဲ့သည့် အငြိမ်းစား သစ်တောအရာရှိကြီး(၂)ဦးနှင့် ပေးအပ်ထားသောတာဝန်ကို ထူးချွန်အောင်မြင်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသော သစ်တောဦးစီးဌာန၊ အရာထမ်း/အမှုထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများအားပေးအပ်ခြင်း၊ ထူးချွန်ဆုရသင်တန်းသားများအားဆုများပေးအပ်ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ကာ အလှူရှင်များမှ မြန်မာနိုင်ငံ သစ်တောကျောင်းသို့ အလှူငွေများပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။



ထူးချွန်ဆုရရှိသူကျောင်းသားတစ်ဦးအား အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီမှ ဆုချီးမြှင့်စဉ်။

## သစ်တောလယ်ယာထုတ်လုပ်သူ အဖွဲ့အစည်းများဆိုင်ရာအာရှအဆင့် ညီလာခံဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာ့ပတ်ဝန်းကျင်ထူထောင်ထိန်းသိမ်းရေးကွန်ယက်(MERN)နှင့် FAO သစ်တောလယ်ယာလုပ်ငန်းဆိုင်ရာပံ့ပိုးမှု အစီအစဉ်(FFF) အဖွဲ့တို့ဦးဆောင်မှုဖြင့် သစ်တောကဏ္ဍထုတ်လုပ်သူ အဖွဲ့အစည်းများဆိုင်ရာ အာရှအဆင့်ညီလာခံဖွင့်ပွဲ အခမ်းအနားကို(၂၀-၁၁-၂၀၁၇)ရက်နေ့၊ နံနက်(၈း၃၀)နာရီအချိန်တွင် နေပြည်တော်၊ သင်္ဂဟဟိုတယ် ၌ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်း တက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့လူသားများ၏စားဝတ်နေရေးအတွက် ကောင်းမွန်ခိုင်မာသော ဥပဒေမူဘောင်၊ စီးပွားရေးမူဝါဒနှင့် ဆက်စပ်မူဝါဒမူဘောင်ဆိုင်ရာ အကူအညီများထောက်ပံ့ခြင်း၊ ခိုင်မာထိရောက်သော ထုတ်လုပ်သူအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊

သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၆ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်တွင် ဒေသခံအစုအဖွဲ့များကို သစ်တောသယံဇာတ အခြေပြုစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ပြဋ္ဌာန်းပေးထားသလို နည်းပညာနှင့် အရင်းအနှီးအကူအညီများ ရရှိနိုင်ရေးကူညီပံ့ပိုးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအမျိုးသား သစ်တောကဏ္ဍ ပင်မစီမံကိန်းတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော(CF)ဧရိယာဟက်တာပေါင်း(၉၂၀၀၀၀)ခန့် တည်ထောင်ဆောင်ရွက်ရန်ရည်မှန်းထားပြီး လက်ရှိအချိန်ထိ အသုံးပြုသူအဖွဲ့ဝင်ဦးရေ(၈၇၀၀၀)ကျော်ပါဝင်သော အသုံးပြုသူအဖွဲ့(၃၇၇၄)ဖွဲ့ကို CF ဧရိယာဟက်တာ(၁၈၀၀၀၀)ကျော် ဆောင်ရွက်ခွင့်လက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါ၍ ရည်မှန်းချက်၏(၂၀%)အထိ အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အရှိန်အဟုန်မြင့်ဆောင်ရွက်နိုင်စေရန် ဦးစီးရုံးချုပ်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ခရိုင်အဆင့် CF Unit အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေသလို CFလုပ်ငန်းနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ NGO/ INGOများပါဝင်သည့် အမျိုးသားအဆင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာလုပ်ငန်းအဖွဲ့(CFNWG)ကို ၂၀၁၃ ခုနှစ်ကတည်းက ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းစဉ်များချမှတ်ခြင်း၊ အခက်အခဲ အဟန့်အတားများကို ဆွေးနွေးညှိနှိုင်းခြင်း၊ အတွေ့အကြုံဖလှယ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် နိုင်ငံသားတိုင်းသစ်တောမြေ၊ မိမိပိုင်မြေများတွင် ကျွန်း၊ ပျဉ်းကတိုးအစရှိသော အဖိုးတန်သစ်မျိုးများစိုက်ပျိုးနိုင်ရန် သစ်တောဥပဒေတွင် ထည့်သွင်းပြင်ဆင်လျက်ရှိပါကြောင်း၊ သစ်တောနှင့် စိုက်ပျိုးရေးကဏ္ဍသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်(၁၇)ချက်ကို ဖြည့်ဆည်းနိုင်ရေး ထုတ်လုပ်သူများဆိုင်ရာ အဖွဲ့အစည်းများသည် အဓိကအခန်းကဏ္ဍက ပါဝင်ပတ်သက်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာအရာရှိကြီးများ၊ NGO၊ INGOများမှ ကိုယ်စားလှယ်များနှင့် ကမ္ဘောဒီးယား၊ လာအို၊ မွန်ဂိုလီးယား၊ မြန်မာ၊ နီပေါ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ နယ်သာလန်၊ ကင်မရွန်၊ တရုတ်၊ အိန္ဒိယနိုင်ငံများမှ သစ်တောကဏ္ဍထုတ်လုပ်သူအဖွဲ့အစည်းများ၊ အာရှလယ်သမားများအသင်းမှ ကိုယ်စားလှယ်များ၊ FAO မှကိုယ်စားလှယ်များ စသည့်နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်(၅၀)ကျော်နှင့် မြန်မာနိုင်ငံမှ CF လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ကိုယ်စားလှယ်(၇၀)ကျော် စုစုပေါင်းကိုယ်စားလှယ်ဦးရေ(၁၂၀)ကျော် တက်ရောက်ခဲ့ကြပါသည်။

## အင်းတော်ကြီးဇီဝအဝန်းနယ်မြေ အသိအမှတ်ပြု အထိမ်းအမှတ်အခမ်းအနားကျင်းပ






သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် အောက်တိုဘာ ၃၀ ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့သို့ ရောက်ရှိပြီး၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ ရုံးတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ နှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အဖွင့်အမှာစကားအသီးသီးပြောကြားခဲ့ကြသည်။ အခမ်းအနားတွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်က သစ်တောကဏ္ဍဆိုင်ရာ လုပ်ငန်းကိစ္စများ၊ နိုင်ငံတကာအသိအမှတ်ပြုဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးကိစ္စများ၊ ကမ္ဘာ့သဘာဝအမွေအနှစ် အဆိုပြုတင်ပြခြင်း ကိစ္စရပ်များနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

ကချင်ပြည်နယ်၊မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးကန်၊ ရွှေမဥ္ဇူဘုရားဓမ္မာရုံတွင်(၃၁-၁၀-၂၀၁၇)ရက်နေ့က ကျင်းပပြုလုပ်သည့် အင်းတော်ကြီး ဇီဝအဝန်းနယ်မြေ အသိအမှတ်ပြုခံရခြင်း အထိမ်းအမှတ်အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက ဇီဝမျိုးစုံမျိုးကွဲများသည် လူသားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကကျတဲ့ ဂေဟစနစ် ဝန်ဆောင်မှုတွေကို ပံ့ပိုးပေးလျက်ရှိရာ မြန်မာနိုင်ငံ၌လည်း အမျိုးအစားစုံလင်လှတဲ့ ဂေဟစနစ်များကို ကိုယ်စားပြုထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် သဘာဝနယ်မြေတည်ထောင်ရေးကို အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံဧရိယာ၏ (၁၀)%ကို သဘာဝနယ်မြေအဖြစ် သတ်မှတ်ရန် ရည်မှန်းချက်ထားရှိကာ လက်ရှိတွင် နိုင်ငံဧရိယာ၏(၅. ၈၉)%ရှိသည့် သဘာဝနယ်မြေ(၄၀)ခုကို တည်ထောင်ထားပြီးဖြစ်ပါကြောင်း၊ အင်းတော်ကြီးကန်သည် အရှေ့တောင်အာရှဒေသတွင် တတိယအကြီးဆုံးရေကန်ကြီးဖြစ်ပြီး အင်းတော်ကြီးကန်နှင့် ပတ်ဝန်းကျင်ဒေသကို ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ် (AHP)အဖြစ်လည်းကောင်း၊ ၂၀၀၄ခုနှစ်တွင် ငှက်မျိုးစိတ်အရေးကြီးနယ်မြေ (IBA) အဖြစ်လည်းကောင်း၊ ၂၀၁၄ခုနှစ်တွင် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းလမ်းကြောင်း မိတ်ဖက်အဖွဲ့(EAAFP)၏ ကွန်ယက်နယ်မြေအဖြစ်လည်းကောင်း၊ ၂၀၁၆ခုနှစ်တွင် ရမ်ဆာရေဝပ်ဒေသ (Ramsar Site)အဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် လူသားနှင့်ဇီဝအဝန်းနယ်မြေ (Biosphere Reserve)အဖြစ်လည်းကောင်း အသီးသီးသတ်မှတ်ခံခဲ့ရပါကြောင်း၊ အဓိကအရေးကြီးဆုံးအချက်မှာ ဒေသခံပြည်သူများ၏ ထောက်ခံအားပေးမှု၊ ပူးပေါင်းပါဝင်မှုဖြစ်ပါကြောင်း၊ လူသားနှင့်ဇီဝအဝန်းနယ်မြေ အစီအစဉ်သည် နိုင်ငံနှင့် နိုင်ငံတကာတွင်ထားရှိသည့် ဦးစားပေးလုပ်ငန်းစဉ်များဖြစ်သည့် ရာသီဥတုပြောင်းလဲမှုလျော့နည်းသက်သာရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူထုအခြေပြု လုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို လွန်စွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဂျာမနီနိုင်ငံ သံအမတ်ကြီး၊ တက်ရောက်လာသော ဧည့်သည်တော်များသည် အင်းတော်ကြီးကန် အတွင်း စက်လှေများဖြင့် လှည့်လည်စစ်ဆေးကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။

ဆည်နှင့်ရေ ၊ ရေနှင့်တော
သည်ဆည်တွေ ရွှေရေကိန်းဖို့
ထိန်းရှာတဲ့တော

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးသို့ ကွင်းဆင်းစစ်ဆေးခြင်းနှင့် သစ်တောကဏ္ဍဆိုင်ရာ အတွေ့အကြုံများ နှီးနှောဖလှယ်ပွဲတက်ရောက်ခြင်း



သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် နိုဝင်ဘာ(၂၅)ရက်နေ့တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မင်းဝံတောင်ဘေးမဲ့တောသို့ရောက်ရှိပြီး မင်းဝံတောင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ မြေပြိုရေတိုက်စားမှုကာကွယ်ရေးနှင့် ရေမြေထိန်းသိမ်းရေးလုပ်ငန်းများအတွက် ဗက်တီဗာမြက် (vetiver grass) စိုက်ပျိုးခြင်း ဆောင်ရွက်ထားရှိမှု၊ ကွန်တိုဘောင်စိုက်ခင်းများ စိုက်ပျိုးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်အတွင်းရှိ Green Light ကျောက်မျက်လုပ်ငန်းသို့ရောက်ရှိရာ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်အသင်းချုပ်ဥက္ကဋ္ဌက ကျောက်စိမ်းကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်မှု အဆင့်ဆင့်အား လုပ်ငန်းတစ်ခုချင်းအလိုက် အလုပ်ရုံအတွင်း လှည့်လည်ရှင်းလင်းပြသပါသည်။ အဆိုပါကုမ္ပဏီသည် ကျောက်စိမ်းကုန်ကြမ်း အရည်အသွေးအပေါ် ခွဲခြမ်းစိတ်ဖြာ၍ ပန်းပုရုပ်အမျိုးမျိုး၊ ကျောက်စိမ်းပုတီးများ၊ ကျောက်စိမ်းလက်ကောက်၊ လည်ဆွဲနှင့်ဆွဲသီးအမျိုးမျိုးအားထုတ်လုပ်ကာ ပြည်တွင်း ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာ၂၆ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့၊ မြန်မာနိုင်ငံ မြေတိုင်းကျောင်းခန်းမ၌ ကျင်းပပြုလုပ်သည့် သစ်တောကဏ္ဍဆိုင်ရာ အတွေ့အကြုံနှီးနှောဖလှယ်ပွဲသို့ တက်ရောက်ခဲ့သည်။ အဆိုပါအခမ်းအနား၌ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းခေါင်းစဉ်တစ်ခုချင်းအလိုက် တင်ပြချက်များအပေါ် အငြိမ်းစားသစ်တောအရာရှိကြီးများနှင့် တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြကြောင်းသိရသည်။ အဆိုပါအခမ်းအနားသို့ အငြိမ်းစားသစ်တောအရာရှိကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လုပ်ငန်းဌာနများမှ ဌာနအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တာဝန်ခံများ တက်ရောက်ကြကြောင်းသိရှိရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံသစ်တောကျောင်း လေ့ကျင့်ရေးစိုက်ခင်း (ထင်းရှူး)ကေ(၉၀၀)အတွင်းရှိ သစ်တောဦးစီးဌာနက တည်ထောင်စိုက်ပျိုးထားသည့် ကော်ဖီစမ်းသပ်စိုက်ခင်း(၅)ကေနှင့် မြန်မာနိုင်ငံသစ်တောကျောင်းမှ စမ်းသပ်စိုက်ပျိုးထားသည့် ကော်ဖီစိုက်ခင်း(၂)ကေတို့အား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားခဲ့ပါသည်။



## မြန်မာနိုင်ငံ၏ အဏ္ဏဝါထိန်းသိမ်းရေးဆိုင်ရာ မူဝါဒ(မူကြမ်း)ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ



မြန်မာနိုင်ငံ၏ အဏ္ဏဝါထိန်းသိမ်းရေးဆိုင်ရာ မူဝါဒ(မူကြမ်း)ရေးဆွဲရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို(၁၆-၁၁-၂၀၁၇)ရက်နေ့ နံနက်(၈း၃၀)နာရီအချိန်တွင် မန်းမြန်မာဟိုတယ်၊နေပြည်တော်၌ ကျင်းပပြုလုပ်ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်အဖွင့်အမှာစကားပြောကြား၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ တက္ကသိုလ်များမှ ဆရာ/ဆရာမများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ကနေဒါနိုင်ငံ၊ ဗစ်တိုးရီးယားတက္ကသိုလ်မှ ပါမောက္ခ Mr. Philip Dearden နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တက်ရောက်လာသူများမှ မြန်မာနိုင်ငံ၏ အဏ္ဏဝါကာကွယ်ရေပြင်ဆိုင်ရာ ဇုန်အမျိုးအစားများခွဲခြားခြင်း၊ မူဘောင်များဆွေးနွေးခြင်း၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ တင်ပြကြပါသည်။

ယခုကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသည် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်ဖြစ်သော ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင်ဆိုင်ရာ မူဝါဒရေးဆွဲရန်ကျင်းပခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းနှင့် ကြီးမားကျယ်ပြန့်သော အဏ္ဏဝါနယ်မြေသည် ရခိုင်ပြည်နယ်၊ နတ်မြစ်မှတောင်ဘက် ထိုင်းနိုင်ငံနှင့်ထိစပ်နေသော ကော့သောင်းအထိ ၂၈၃၁ ကီလိုမီတာ ရှည်လျားပါသည်။ ကမ်းဦးရေတိမ်ပိုင်းသည် စတုရန်းကီလိုမီတာ၂၂၅၀၀၀ ခန့်ရှိပြီး ပင်လယ်ပြင်စီးပွားရေးပိုင်နက်ဇုန် (Exclusive Economic Zone-EEZ)မှာ စတုရန်းကီလိုမီတာ ၄၈၆၀၀၀ ခန့်ရှိပါသည်။

မြန်မာနိုင်ငံ၏ အဏ္ဏဝါနှင့် ကမ်းရိုးတန်းဒေသများတွင် ကျရောက်လျက်ရှိသည့် အဓိကခြိမ်းခြောက်မှုများမှာ ထာဝစဉ်မတည်တံ့နိုင်သော ငါးဖမ်းဆီးခြင်း၊ ပင်လယ်ပြင်ညစ်ညမ်းလာခြင်း၊ ငါးမျိုးစိတ်များရှင်သန်ရန် အလွန်အရေးပါသော ဒီရေတော၊ ပင်လယ်မြက်နှင့်သန္တာကျောက်တန်းများအား အခြားအသုံးချမှုများကြောင့် ပျက်စီးလာခြင်းတို့ဖြစ်ပြီး ယနေ့ခေတ်ရာသီဥတုပြောင်းလဲမှုသည် အဏ္ဏဝါနှင့်ကမ်းရိုးတန်းဒေသများတွင်ရှိသော ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများအတွက် ထိခိုက်မှုများ ဖြစ်ပေါ်စေပြီး ထုတ်လုပ်မှုကိုကျဆင်းစေခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

ယနေ့ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲမှပေါ်ပေါက်လာမည့် အဏ္ဏဝါရေပြင်နှင့် ကမ်းရိုးတန်းဒေသဆိုင်ရာ နိုင်ငံအဆင့်မူဝါဒသည် အဏ္ဏဝါနှင့်ကမ်းရိုးတန်းဒေသ သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့သတ်မှတ်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းတွင်ထားရှိသော ကတိကဝတ်များအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပြီး အဓိကအရေးကြီးသည့်အချက်မှာ ကမ်းရိုးတန်းနှင့်အဏ္ဏဝါဆိုင်ရာ မူဝါဒရေးဆွဲရာတွင် ထိန်းသိမ်းကာကွယ်ရေး ကဏ္ဍတစ်ခုတည်းအတွက်သာမက ထိန်းသိမ်းကာကွယ်ရေး၊ စီမံအုပ်ချုပ်ရေးနှင့်ရေရှည်တည်တံ့စွာ အသုံးချရေး ကဏ္ဍ(၃)ခုလုံးကို လွှမ်းခြုံသည့် မူဝါဒဖြစ်ရန် လိုအပ်မည်ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲကို (၁၇-၁၁-၂၀၁၇)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

### သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း

သဘာဝတောများတွင် အဖိုးတန်သစ်မျိုးများ၏ သဘာဝမျိုးဆက်ခြင်း မလုံလောက်တော့သည့်နေရာများ (ဥပမာ-သစ်ထုတ်ပြီးတောများ၊ မျိုးဆက်ပင်များအား ထိခိုက်ပျက်စီးသည့်နေရာများ၊ Seed bearers မရှိတော့သည့်နေရာများ)တွင် မူလတော၏အနေအထားအား ထိခိုက်မှုမရှိစေဘဲ အဖိုးတန်သစ်မျိုးများအား ဖြည့်စွက်စိုက်ပျိုးခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် အဆင့်အတန်းနိမ့်ကျလာသော(သို့မဟုတ်) ပျက်စီးယိုယွင်းလာသော သဘာဝတောများအား အဖိုးတန်သစ်မျိုး ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်စသည့်သစ်မျိုးများ ဖြည့်စွက်စိုက်ပျိုးခြင်းဖြင့် တောတန်ဖိုးပြန်လည်မြှင့်တင်ရန်ဖြစ်ပါသည်။

SOP for Enrichment Planting

## ကျေးလက်မြေယာအသုံးချပိုင်ခွင့် လေ့လာဆန်းစစ်သည့် စီမံကိန်းအတွေ့အကြုံနှင့်ရလဒ်များ ပြန်လည်မျှဝေခြင်း အလုပ်ရုံဆွေးနွေးပွဲ



နေပြည်တော် Horizon Lake View Hotel ဟိုတယ်၌(၂၈-၁၁-၂၀၁၇)ရက်နေ့ နံနက်(၉)နာရီအချိန်တွင် Presenting Project Lessons Learned Workshop အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ရာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ United States Agency for International Development USAID Mission မှတာဝန်ရှိသူများ၊ Tetratech နှင့် ဖိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြပြီး USAID၏ရန်ပုံငွေကြေးအကူအညီဖြင့် သစ်တောဦးစီးဌာနနှင့် Tetratech တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေသော ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်းလျော့ပါးရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် မြေယာပိုင်ခွင့်၊ မြေယာခွဲဝေ အသုံးချခွင့်အပါအဝင် သယံဇာတများ စီမံအုပ်ချုပ်ခြင်းဆိုင်ရာစီမံကိန်း Tenure and Global Climate Change-USAID Myanmar Land Tenure Project ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ကျေးလက်မြေယာအသုံးချပိုင်ခွင့် လေ့လာဆန်းစစ်သည့် စီမံကိန်းအတွေ့အကြုံများနှင့် ရလဒ်များ ပြန်လည်မျှဝေခြင်းဆိုင်ရာများ ဆွေးနွေးကြပါသည်။

++++++++++++++++++++++++++++++++++++++++++++++++++++

## EU FLEGT VPA အမျိုးသားအဆင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစိုးရကဏ္ဍကိုယ်စားလှယ်များအား ရှင်းလင်းဆွေးနွေးပွဲ



မြန်မာနိုင်ငံသည် ဥရောပသမဂ္ဂနှင့်ပူးပေါင်း၍ သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာမိတ်ဖက်အဖြစ် ဆန္ဒအလျောက် သဘောတူညီချက် (EU FLEGT VPA)လုပ်ငန်းစဉ်အား ကြိုတင်ပြင်ဆင်သည့်အဆင့်မှ ပါဝင်ဆောင်ရွက်လျက်ရှိရာ အမျိုးသားအဆင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့(MSG) အစိုးရကဏ္ဍကိုယ်စားလှယ်များအား (Forest Law Enforcement, Governance and Trade - Voluntary Partnership Agreement-FLEGT -VPA)ရှင်းလင်းဆွေးနွေးပွဲကို (၂၉-၁၁-၂၀၁၇)ရက်နေ့ နံနက်(၉)နာရီအချိန်တွင် တော်ဝင် နေပြည်တော်ဟိုတယ်၊ နေပြည်တော်၌ ကျင်းပပြုလုပ်ရာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် သစ်တောဥပဒေစိုးမိုးမှု၊စီမံအုပ်ချုပ်မှုနှင့် ကုန်သွယ်မှု FLEGT VPA လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သည့်ရည်ရွယ်ချက်မှာ တရားမဝင်သစ်ကုန်သွယ်မှုကို တိုက်ဖျက်ရန်၊ သစ်တောစီမံအုပ်ချုပ်မှုစနစ်(Forest Governance)ကို အားကောင်းလာစေပြီး ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုကို အထောက်အကူဖြစ်စေရန်နှင့် မြန်မာနိုင်ငံမှသစ်များ ဥရောပသမဂ္ဂ(EU)သို့ FLEGT လိုင်စင်ဖြင့် တရားဝင်တင်ပို့ရန်ဖြစ်ပါသည်။

၂၀၁၇နှစ်ကုန်ပိုင်း (သို့မဟုတ်) ၂၀၁၈နှစ်ဆန်းပိုင်းတွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ကို အမျိုးသားအဆင့်နှင့် နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ ပြည်နယ်တို့တွင် ဖွဲ့စည်းနိုင်ရန် မျှော်မှန်းထားပြီး FLEGT VPA လုပ်ငန်းစဉ်များကို အောင်မြင်သည့်အထိ ဖော်ဆောင်သွားရမည်ဖြစ်ပါသည်။ အစိုးရကဏ္ဍမှ အမျိုးသားအဆင့် သုံးပွင့်ဆိုင်

ညွန့်ပေါင်းအဖွဲ့တွင်ပါဝင်ရမည့် ကိုယ်စားလှယ်များအနေဖြင့် ကြားဖြတ်လုပ်ငန်းအဖွဲ့၏တာဝန်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကျိုးဆက်စပ်ပတ်သက်သူများအားလုံးပါဝင်၍ ဘုံသဘောတူညီချက်များရရှိရန် ပွင့်လင်းမြင်သာစွာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်နိုင်သည်အထိ ဆွေးနွေးညှိနှိုင်းအဖြေရှာဆောင်ရွက်ရန်ဖြစ်ပါသည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲသို့ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(မူဝါဒနှင့်စီမံကိန်း)၊ မြန်မာနိုင်ငံ FLEGT အတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကြားဖြတ်လုပ်ငန်းအဖွဲ့(ITF)ကိုယ်စားလှယ်များ၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့(MSG) ကိုယ်စားလှယ်များ၊ FLEGT Unit မှ ကိုယ်စားလှယ်များ၊ သစ်တောဦးစီးဌာနမှ အရာရှိကြီးများ တက်ရောက်ခဲ့သည်။

**ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ခပေါင်းသစ်တောကြိုးဝိုင်းအတွင်းသို့ ဂျာမနီနိုင်ငံ၊ ဂိုတင်ဂန်တက္ကသိုလ်မှ ပါမောက္ခ Dr. Ralph Mitloehner၊ ကြီးကြပ်သူဆရာများနှင့် မဟာသိပ္ပံသင်တန်းသားများ ကွင်းဆင်းသုတေသနဆောင်ရွက်ခြင်း**




ဂျာမနီနိုင်ငံ၊ ဂိုတင်ဂန်တက္ကသိုလ်မှ ပါမောက္ခနှင့်ကြီးကြပ်သူဆရာ(၃)ဦးနှင့်အတူ နိုင်ငံပေါင်း(၁၅)နိုင်ငံမှ မဟာသိပ္ပံသင်တန်းသား(၂၈)ဦး စုစုပေါင်း(၃၁)ဦးတို့သည် အုတ်တွင်းမြို့နယ်ရှိ သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာန၊ လက်ပံခုံသစ်တောသုတေသနစခန်းတွင် စခန်းချနေထိုင်၍ အုတ်တွင်းမြို့နယ်၊ ခပေါင်းကြိုးဝိုင်းတွင် သုတေသနလုပ်ငန်းများကို (၂၄-၁၀-၂၀၁၇)ရက်နေ့မှ (၂၀-၁၁-၂၀၁၇)ရက်နေ့အထိ စုစုပေါင်း(၂၈)ရက်ကြာ ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။ ဂျာမနီနိုင်ငံ ဂိုတင်ဂန်တက္ကသိုလ်တွင် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ကျော်မှစတင်ပြီး မြန်မာနိုင်ငံ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် German Academic Exchange Services(DAAD) ပညာသင်ဆုအစီအစဉ်များဖြင့် ဂိုတင်ဂန်တက္ကသိုလ်တွင် မဟာသိပ္ပံနှင့် ပါရဂူဘွဲ့သင်တန်းများ တက်ရောက်သင်ကြားခဲ့ရာ ယခုအချိန်အထိ ပါရဂူဘွဲ့ရရှိသူ(၁၁)ဦး၊ မဟာသိပ္ပံဘွဲ့ရရှိသူ(၁၀)ဦးနှင့် တက်ရောက်သင်ကြားလျက်ရှိသူ(၁)ဦးရှိပါသည်။

International Tropical Forestry နိုင်ငံတကာ အပူပိုင်းသစ်တောပညာ မဟာသိပ္ပံသင်တန်း၏ ထူးခြားချက်မှာ နိုင်ငံခြားတိုင်းပြည်များရှိ သစ်တောများသို့သွားရောက်၍ ကိန်းကဏန်းအချက်အလက်ကောက်ယူခြင်းနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းကို စီမံကိန်းတစ်ရပ်အဖြစ် ဆောင်ရွက်ရခြင်းဖြစ်ပြီး ၂၀၀၇ ခုနှစ်မှစတင်၍ အာရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံများတွင် ကွင်းဆင်းသုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယခုအကြိမ်တွင် မြန်မာနိုင်ငံသို့ လာရောက်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ကွင်းဆင်းဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းများမှာသစ်တောမူဝါဒ၊ သစ်တောသယံဇာတစာရင်းကောက်ယူခြင်း၊ သစ်တောဘောဂဗေဒ၊ သစ်တောပြုစုပျိုးထောင်ခြင်း၊ သစ်တောမျိုးရိုးဗီဇ၊ သစ်တောသစ်ထုတ်လုပ်ငန်းများ၊ သစ်တောမြေဆီလွှာ၊ သစ်တောထိန်းသိမ်းခြင်း၊ သစ်တောသတ္တဗေဒနှင့်ကာကွယ်ခြင်း၊ သစ်သားဇီဝဗေဒ၊ သစ်တောသီးနှံရောနှောစိုက်ပျိုးခြင်း၊ အပင်မျိုးစုံမျိုးကွဲနှင့် ဇီဝအခြေပြုရာသီဥတုလေ့လာခြင်းစသည့် အကြောင်းအရာပေါင်း ၁၃ခုကိုအဖွဲ့များဖွဲ့ဆောင်ရွက်ကြပါသည်။ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဆောင်ရွက်မည့် သုတေသနလုပ်ငန်းများကို တင်ပြဆွေးနွေးအကြံဉာဏ်ရယူခြင်းအတွက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား လာရောက်တွေ့ဆုံခဲ့ကြပြီး ၂၀၁၇ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်နေ့၊ နံနက် ၉ နာရီခွဲ၌ ကျောင်းသားကျောင်းသူကိုယ်စားလှယ်အဖွဲ့ ၁၃ ဖွဲ့မှ မိမိတို့ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကိုတင်ပြခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းတို့ဆောင်ရွက်ပြီးနောက် ဂျာမနီနိုင်ငံဂိုတင်ဂန်တက္ကသိုလ်မှ ကျောင်းသူကျောင်းသားများသည် ရေဆင်း၊ သစ်တောသုတေသနဌာနမှတစ်ဆင့် ပုဂံ၊ ညောင်ဦး၊ ပုပ္ပါးရှိဘေးမဲ့တောဥယျာဉ်များနှင့် မန္တလေးမြို့များသို့ သွားရောက်ခဲ့ကြပါသည်။

# တရားမဝင်သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိခြင်းသတင်းများ

## ရှမ်းပြည်နယ်





၂-၁၁-၂၀၁၇ ရက်နေ့တွင် ရှမ်းပြည်နယ်၊ သစ်တောဦးစီးဌာန၊ လားရှိုးခရိုင်၊ သိန်နီမြို့နယ်မှ သစ်တောဝန်ထမ်းများအဖွဲ့သည် သိန်နီမြို့နယ်၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၁၉၁/၇)ပန်ဖတ်ကျေးရွာအနီးနေရာတို့မှ တရားမဝင်ပိတောက် ခါးရွေ(၅၂)တုံး(၅.၉၆၁၀)တန်အား တင်ဆောင်လာသည့် ယာဉ်အမှတ်၊ 2D-8137 တပ်ဆင်ထားသော Nissan Diesel (၁၂)ဘီးယာဉ်အား တရားခံ(၁)ဦးဖြင့်လည်းကောင်း၊ တရားမဝင် ပိတောက်ခါးရွေ/သစ်လုံး(၁၄၀)တုံး/လုံး (၁၃.၅၇၄၀)တန်တင်ဆောင်ထားသည့် ယာဉ်အမှတ် 2H-5719 တပ်ဆင်ထားသော CHANG LONG (၂၂)ဘီးယာဉ်အား တရားခံ(၁)ဦးဖြင့်လည်းကောင်း၊ တရားမဝင် ပိတောက်ခါးရွေ/သစ်လုံး(၁၂၈)တုံး/လုံး (၁၂.၈၄၃၀)တန် တင်ဆောင်ထားသည့် ယာဉ်အမှတ် 7L-5840 တပ်ဆင်ထားသော Nissan Diesel (၂၂)ဘီး ယာဉ်(၁)စီးအားလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး အဆိုပါဖမ်းဆီးရမိ တရားမဝင်သစ် စုစုပေါင်း(၃၂.၃၇၈၀)တန်၊ သစ်တင်ယာဉ်များနှင့် တရားခံများအား ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ၆(၁)အရ အမှုဖွင့်အရေးယူဆောင်ရွက်ထားပါသည်။

## မန္တလေးတိုင်းဒေသကြီး



၄-၁၁-၂၀၁၇ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး။ သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်မှ ဦးစီးအရာရှိဦးဆောင်သည့် သစ်တောဝန်ထမ်းများနှင့် ၁၆ မိုင်စစ်ဆေးရေးဂိတ်မှ တာဝန်ကျအဖွဲ့တို့ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင် မြို့နယ်၊ ပြင်စာဘိနယ်၊ မန္တလေး-လားရှိုး အတက်လမ်း၊ မိုင်တိုင်အမှတ်(၂၀)မိုင် (၅)ဖာလုံအနီး၌ တရားမဝင် ပိတောက်ခွဲသား(၁၃၅)ချောင်း (၁၆.၈၂၈)တန်အား တင်ဆောင်လာသည့် ယာဉ်အမှတ်၊ 7E-3521 တပ်ဆင်ထားသော(၂၂)ဘီးတွဲယာဉ်အား တရားခံ(၁)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

## ရခိုင်ပြည်နယ်





၁၃-၁၁-၂၀၁၇ ရက်နေ့၌ ရခိုင်ပြည်နယ်၊ သစ်တောဦးစီးဌာန၊ သံတွဲခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ခေါင်းဆောင်၍ တောင်ကုတ်မြို့နယ် ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများပါဝင်သည့်အဖွဲ့သည် တရားမဝင် သစ်ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းဆောင်ရွက်ခဲ့ရာ တောင်ကုတ်မြို့နယ်၊ တန်းလွဲချောင်းနှင့် မအီချောင်းအနီး ပတ်ဝန်းကျင်နေရာများမှ တရားမဝင် သဃန်း၊ တောင်သရက်၊ ပိန္နဲ၊ သစ်ပုတ်၊ နဘဲသစ်ခွဲသား စုစုပေါင်း(၈၈)ချောင်း (၁၀.၃၃၁၄)တန်အား ဖမ်းဆီးရမိခဲ့ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး





စစ်ကိုင်းတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ ကသာခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးဦးဆောင်သည့် ကသာခရိုင်နှင့် ဗန်းမောက်မြို့နယ်မှ သစ်တောဝန်ထမ်းများနှင့်သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် သရက်ကုန်း ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၆-၁၁-၂၀၁၇ရက်နေ့တွင် ဗန်းမောက်မြို့နယ်၊ ကလပ်ကြိုးဝိုင်း၊ အကွက်အမှတ်(၁၂)အတွင်း လိပ်ဆော့ကုန်းနေရာမှ တရားမဝင်ကျွန်းသစ်လုံး/ခွဲသား(၁၉၁၀)လုံး/ချောင်း (၃၂.၈၁၀)တန် နှင့်အတူ သစ်စက်အင်ဂျင်(၁)လုံးအပါအဝင် သစ်စက်ဆက်စပ်ပစ္စည်းများနှင့် ချိန်းဆော(၁)လက်အားလည်းကောင်း၊ ၇-၁၁-၂၀၁၇ရက်နေ့တွင် ကလပ်ကြိုးဝိုင်း၊ အကွက်အမှတ်(၁၂)အတွင်းရှိ အဆိုပါနေရာအနီးဝန်းကျင်မှ တရားမဝင်ကျွန်း သစ်လုံး(၄၁)လုံး (၁၀.၀၅၂)တန်နှင့် ပုဂ္ဂလိကပိုင်သစ်ဆွဲဆင်(အထီး)(၁)ကောင်အား တရားခံ(၃)ဦးဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။

## ပဲခူးတိုင်းဒေသကြီး






၁၄-၁၁-၂၀၁၇ ရက်နေ့၌ ဦးစီးရုံးချုပ်၊ စစ်ဆေးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးခေါင်းဆောင်၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့မှ ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖြူးမြို့နယ်၊ ဇေယျဝတီမြို့သစ်၊ သွင်ထူးဆီဆိုင်အနီးတွင် ယာဉ်အမှတ် 5N/4086 တပ်ဆင်ထားသော Hino(၁၂)ဘီးယာဉ်ပေါ်မှ တရားမဝင် ပျဉ်းကတိုးခွဲသား(၉၁)ချောင်း (၇.၅၂၄၀) တန်အားလည်းကောင်း၊ သိမ်ကုန်းရပ်ကွက် တေဇရာမဘုန်းကြီးကျောင်းအနီးတွင် ယာဉ်အမှတ်၊ 3C/9905 တပ်ဆင် ထားသော Hino(၁၂)ဘီးယာဉ်ပေါ်မှ တရားမဝင် ပျဉ်းကတိုးခွဲသား(၅၂)ချောင်း (၅.၈၀၆၄)တန်အားလည်းကောင်း၊ ၁၅-၁၁-၂၀၁၇ ရက်နေ့၌ ဖြူးမြို့နယ်၊ သိမ်ကုန်းရပ်ကွက်၊ တေဇရာမဘုန်းကြီးကျောင်းဝင်း၊ လေသာဘုန်းကြီးကျောင်းဝင်း၊ ရွှေမဟာဗောဓိဘုန်းကြီးကျောင်းဝင်းနှင့် သချိုင်းကုန်းအနီး ဦးသိန်းဇော်ဦးခြံဝင်းအတွင်းတို့မှ တရားမဝင် ကျွန်း/ ပျဉ်းကတိုး ခွဲသား(၁၂၃၂)ချောင်း (၃၂.၇၄၃၆)တန်နှင့် အင်ဂျင်(၁)လုံးအပါအဝင် သစ်စက်ဆက်စပ်ပစ္စည်းများအားလည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။

## တနင်္သာရီတိုင်းဒေသကြီး



၁၉-၁၁-၂၀၁၇ ရက်နေ့၌ တနင်္သာရီတိုင်းဒေသကြီး၊ သစ်တော ဦးစီးဌာန၊ မြိတ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်၍ မြိတ်မြို့နယ်မှ သစ်တောဝန်ထမ်းများပါဝင်သည့်အဖွဲ့သည် တရား မဝင်သစ် ရှာဖွေဖော်ထုတ် ဖမ်းဆီးခြင်းဆောင်ရွက်ခဲ့ရာ မြိတ်မြို့နယ်၊ ကျွဲကူးကျေးရွာဝန်းကျင်မှ တရားမဝင် ကဒွတ်ခွဲသား(၁၅၇)ချောင်း (၂၀.၈၉၂၆)တန်အား တရားခံ(၈)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

# မြန်မာနိုင်ငံ၏ တရားမဝင်သစ်ထုတ်လုပ်မှုများ တားဆီးဆောင်ရွက်နေမှုများ

တိုးချဲ့ပညာပေးရေးဌာနမှ ဘာသာပြန်ဆိုဖော်ပြသည်။

ယခုနှစ် ဇန်နဝါရီလတွင် သတင်းပေးချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးတင့်ခိုင်နှင့် ဝန်ထမ်းနှစ်ဦးသည် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်း၍ ရန်ကုန်မြို့ MIP ဆိပ်ကမ်းရှိ ကုန်သေတ္တာ(၂)လုံးကို ဖွင့်ဖောက်စစ်ဆေးခဲ့ရာတွင် တရားမဝင်ကျွန်းသစ်(၃၃)တန်ကိုဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ၎င်းဆိပ်ကမ်းသည် မြန်မာနိုင်ငံတွင် အကြီးဆုံးဆိပ်ကမ်းတစ်ခုဖြစ်ပြီး နိုင်ငံခြားသို့ မြန်မာ့သစ်များ တရားဝင်တင်ပို့သည့် လမ်းကြောင်းတစ်ခုလည်းဖြစ်သည်။ယခုနှစ်တွင် တရားမဝင်သစ် တန်ပေါင်း(၁၅၀၀)ခန့် ဖမ်းဆီးရမိခဲ့ပြီး ထိုဖမ်းဆီးရရှိမှုသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖမ်းဆီးရရှိမှုများအနက် အများဆုံးဖမ်းဆီးရမိခြင်းဖြစ်ကြောင်းသိရသည်။



လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးတင့်ခိုင်၏ ပြောကြားချက်အရ ကုန်သေတ္တာများကို သစ်တောဦးစီးဌာနမှ တံဆိပ်ရိုက်နှိပ်ထားခြင်း မရှိသေးကြောင်းသိရသည်။

သစ်တောဦးစီးဌာန၊ စစ်ဆေးရေးအဖွဲ့အနေဖြင့် ကုန်သေတ္တာများထဲသို့ ကုန်ပစ္စည်းများတင်ဆောင်မှုကို စောင့်ကြည့်စစ်ဆေးပြီး သစ်တောဦးစီးဌာနမှ ခွင့်ပြုချက်လက်မှတ်ရရှိမှသာ နိုင်ငံခြားတင်ပို့ရန် ဆိပ်ကမ်းသို့ပို့ဆောင်ခွင့်ပြုပေးသည်။



လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးတင့်ခိုင်က ကုန်သေတ္တာများကို ရှာဖွေစစ်ဆေးရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ အကောက်ခွန်ဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ရကြောင်း ပြောကြားခဲ့သည်။ အကယ်၍ ကုန်သေတ္တာများအတွင်း သစ်များ ရှာဖွေတွေ့ရှိခြင်းမရှိပါက ထိုသို့လုပ်ဆောင်မှုသည် ၎င်းအတွက်စွန့်စားမှုတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၎င်း၏ လုပ်ဆောင်ချက်အရ ကုန်သေတ္တာ(၂)လုံးကို စတင်ဖွင့်ဖောက်စစ်ဆေးရာတွင် တရားမဝင်ကျွန်းသစ်များကို ဖမ်းဆီးရမိခဲ့သည်။ သတင်းကွင်းဆက်အရ ဆက်လက်ရှာဖွေစစ်ဆေးရာတွင် နောက်ထပ်ကုန် သေတ္တာ(၁၁)လုံးအတွင်းတွင် စုစုပေါင်းပိတောက်(၁၆၃)တန်ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။ ထိုဖမ်းဆီးရရှိမှုများနှင့် စပ်လျဉ်း၍ Smart Export and Import Company မှ Managing Director နှင့် Myanmar Bean and Timber Trading မှ Managing Director တို့အား သစ်တောဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထပ်မံ၍ မင်္ဂလာဒုံမြို့နယ်တွင် သစ်မှောင်ခိုသယ်ယူမှုများကို စစ်ဆေးခဲ့ရာ ပိတောက်(၃၇၅)တန်ကို ဖမ်းဆီးရမိခဲ့သည်။





တရားမဝင်သစ်ထုတ်လုပ်မှုများနှင့် ပတ်သက်၍ သစ်တောဥပဒေ(၁၉၉၂)တွင် ပြစ်မှုပြစ်ဒဏ်များ ပြဋ္ဌာန်းထားသည်။ တရားမဝင်သစ် သယ်ယူရွှေ့ပြောင်းခြင်းနှင့် လက်ဝယ်ထားရှိခြင်းများနှင့် ပတ်သက်သော ပြစ်မှုများအား ငွေဒဏ်ကျပ်(၂၀၀၀၀)အထိဖြစ်စေ၊ ထောင်ဒဏ်(၂)နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ပြစ်ဒဏ်ချမှတ်နိုင်ပြီး ကျွန်းသစ်ဖြစ်ပါက ငွေကျပ်(၅၀၀၀၀)အထိဖြစ်စေ၊ ထောင်ဒဏ်(၇)နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေပြစ်ဒဏ်ချမှတ်နိုင်သည်။

တရားမဝင်သစ်ထုတ်လုပ်မှု တိုက်ဖျက်ရေးတွင် တရားဥပဒေစိုးမိုးမှုသည် အဓိကကျပေသည်။ UNODC မှ တောရိုင်းတိရစ္ဆာန်နှင့် သစ်တောကဏ္ဍဆိုင်ရာ မှုခင်းများတိုက်ဖျက်ရေးဒေသဆိုင်ရာ ညှိနှိုင်းဆောင်ရွက်သူ Giovanni Broussard က မြန်မာနိုင်ငံတွင် တရားမဝင်သစ်ထုတ်လုပ်မှုကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုအဖြစ်သာ ယူဆနေကြဆဲဖြစ်ပြီး ထိုကိစ္စနှင့်ပတ်သက်၍ တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် သစ်တောဦးစီးဌာနတစ်ခုတည်းသာမက အခြားသောဌာနဆိုင်ရာ

များပါ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုကြောင်း ပြောကြားခဲ့သည်။

Broussard က လာဘ်စားမှုပပျောက်ရေးသည်လည်း အဓိကလုပ်ဆောင်ရမည့် လုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်ရန်လိုနေဆဲ ဖြစ်ကြောင်းပြောကြားခဲ့သည်။ ဝန်ထမ်းများအား ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်းအားဖြင့် လာဘ်စားမှုများ လျော့နည်းစေနိုင်သည်။ သို့ရာတွင် ၎င်းဒေသတွင် တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအနေဖြင့် ပြောင်းရွှေ့ရခြင်း မရှိသည့်အတွက် လာဘ်စားမှုများ ဆက်လက်ရှိနေဆဲဖြစ်ကြောင်း Broussard က ပြောကြားခဲ့သည်။ ထို့ပြင် သစ်သယ်ယူပို့ဆောင်သည့် လမ်းကြောင်းများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်စစ်ဆေးရန် လိုအပ်သည်။ သို့မှသာ လာဘ်စားမှုများ ဖြစ်ပွားနေသော နေရာဒေသများကို သိရှိနိုင်မည်ဖြစ်သည့်အပြင် လာဘ်စားမှုပပျောက်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်း ချမှတ်နိုင်မည်ဖြစ်သည်။

(Source: Mongabay Series, Global Forests, "Myanmar struggles to fight the crimes of illegal logging", by Ann Wang on 1 November, 2017)

တိုင်းဒေသကြီးနှင့် ပြည်နယ်၊ သစ်တောဦးစီးဌာနများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်
ဧပြီလမှ နိုဝင်ဘာလအထိ တရားမဝင်သစ် ဖမ်းဆီးရမိမှု
ပြည်ထောင်စုစာရင်းချုပ်

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၆၆၃၇.၉၅၆၄ | |
| ၂ | သစ်မာ | တန် | ၉၀၂၈.၇၅၈၁ | |
| ၃ | အခြား | တန် | ၁၆၈၂၀.၃၅၃၆ | |
| စုစုပေါင်း | | | ၃၂၄၈၇.၀၆၈၁ | |
| ၄ | မီးသွေး | တန် | ၄၅၆၈.၆၅၃၄ | |
| ၅ | ကား | စီး | ၁၆၈၇ | |
| ၆ | မြေတူးစက်/မြေကော်စက်/ ကရိန်း | စီး | ၇ | |
| ၇ | ထော်လာဂျီ/ ဒီန်းဒေါင်း/ ထွန်စက် | စီး | ၁၀၈ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ် | စီး | ၄၇၄ | |
| ၉ | စက်လှေ/ ပဲ့ထောင်/ရေယာဉ် | စီး | ၁၆၈ | |
| စုစုပေါင်း | | | ၂၄၄၄ | စဉ် (၅) မှ (၉)၊ ယာဉ်/ ယန္တရား |
| ၁၀ | သစ်စက်/ အင်ဂျင် | လုံး | ၃၀၆ | |



# သက်တမ်းကြီးသောသစ်ပင်များ ကြီးထွားမှုအလွန်နှေးသွားရခြင်း၏ အကြောင်းရင်းကို လေ့လာခြင်း

ဝင်းချစ် (အမျိုးသားစာပေဆုရ)

စာရေးသူတို့နိုင်ငံမှ အကြီးဆုံးကျွန်းပင်ကြီးများ၏အကြောင်းကို လေ့လာရင်း ယင်းကျွန်းပင်ကြီးများ၏ကြီးထွားမှုသည် အလွန်ပင်နှေးလျက်ရှိသည်ကို သိရှိလာရပါသည်။ ဇန်းမောက်မြို့နယ်၊ နန့်ကျင်ကြိုးဝိုင်းမှ ရင်စို့လုံးပတ် ၂၆ပေ–၈လက်မရှိသော ကျွန်းပင်ကြီးသည်စတင်တွေ့ရှိခဲ့သည့် ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလက ရင်စို့လုံးပတ် ၂၆ ပေ – ၄ လက်မရှိခဲ့ပြီး ပြင်ဦးလွင်မြို့နယ်၊ ဘော်ကြိုးဝိုင်းမှရင်စို့လုံးပတ် ၂၅ပေ–၂လက်မရှိနေသည့်"သစ်လု"အမည်ရ ကျွန်းပင်ကြီးသည် စတင်တွေ့ရှိခဲ့သည့် ၁၉၉၆ ခုနှစ်၊ မေလက ရင်စို့လုံးပတ် ၂၄ ပေ–၆ လက်မရှိခဲ့ကြောင်း မှတ်သားထားပါသည်။ ထို့ကြောင့် **ဇန်းမောက်ကျွန်းပင်ကြီးသည် တစ်နှစ်လျှင် လုံးပတ်ဝ.၂လက်မနှုန်းကြီးထွားပြီး ပြင်ဦးလွင်မှ သစ်လုကျွန်းပင်ကြီးသည် တစ်နှစ်လျှင်လုံးပတ် ဝ.၃၈လက်မနှုန်းကြီးထွားကြောင်း** သိရှိနိုင်ပါသည်။

သစ်ပင်များ၏ ကြီးထွားမှုကိုပြရာတွင် အပင်ငယ်ရွယ်စဉ်၌ ရင်စို့လုံးပတ်နှင့်အမြင့်ကိုဖော်ပြလေ့ရှိပြီး အပင်ကြီးလာသည့်အခါတွင် အမြင့်ကို အလေးမထားတော့ဘဲ လုံးပတ် သို့မဟုတ် အချင်းကိုသာ ဖော်ပြလေ့ရှိကြပါသည်။ ပညာရပ်ဆန်ဆန်ဖော်ပြသည့်အခါ တစ်လက်မတွင်ရှိသည့် နှစ်ကွင်းအရေအတွက်(rings per inch)နှင့်ပြလေ့ရှိပါသည်။ လုံးပတ်/အချင်းဖြင့် ဖော်ပြသည်ဖြစ်စေ အချင်းဝက်ပေါ်တွင်မှတည်သည့် နှစ်ကွင်းအရေအတွက်နှင့် ဖော်ပြသည်ဖြစ်စေ အလျား(Linear) ပေါ်တွင်သာ မူတည်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပင်စည်၏လုံးပတ်နှင့် အလျားပေါ်တွင်မူတည်၍ တွက်သောထုထည်ကို ထည့်သွင်းမစဉ်းစားသကဲ့သို့ ဖြစ်နေပါသည်။ ဤအချက်ကို ဇယား(၁)တွင်ဖော်ပြထားသော ကိန်းဂဏန်းအချက်အလက်များအရ ပေါ်လွင်ထင်ရှားစေပါသည်။

အဆိုပါဇယားအရ ခါးလယ်လုံးပတ် ၃ပေနှင့် အလျားပေ၂၀ရှိသော သစ်ပင်တစ်ပင်၏ ပင်စည်သည်(အချိန်ကာလတစ်ခုအတွင်း) တစ်လက်မတိုးလာခြင်းကြောင့် တိုးပွားလာမည့် ပင်စည်၏ထုထည်သည် ဝ.၉၇ကုဗပေသာရှိသော်လည်း ပေ ၃၀ရှိသည့် ပင်စည်၏ ထုထည်သည်၂.၈၉ ကုဗပေရှိနေပါသည်။ ထိုနည်းတူပင် လုံးပတ်ပေ၂၀ ရှိသော သစ်ပင်၏ပင်စည်တိုးပွားမှုထုထည်နှင့် လုံးပတ်ပေ၃၀ရှိသော သစ်ပင်၏ ပင်စည်တိုးပွားမှု ထုထည်များသည် ၁၉.၁၅ ကုဗပေနှင့် ၂၈.၇၁ ကုဗပေအသီးသီး ရှိနေကြကြောင်းတွေ့ရှိနိုင်ပါသည်။ သစ်ပင်များ၏ အစာချက်လုပ်နိုင်မှု စွမ်းအားသည် သက်တမ်းကိုလိုက်၍ ပြောင်းလဲမှုမရှိပါက တိုးပွားလာသည့် သစ်သားထုထည်ပမာဏပို၍ များလာသည်နှင့်အမျှ တိုးပွားရန်ယူရသည့် အချိန်ကာလလည်းပို၍ကြာမြင့်မည်ဖြစ်ပါသည်။ သစ်ပင်များသက်တမ်း အလွန်ကြီးလာလျှင် အစာချက်လုပ်နိုင်စွမ်း–တစ်နည်းအားဖြင့် သစ်သားတိုးပွားမှု လျော့နည်းလာသည်ဆိုသည့် အထောက်အထားများကို မတွေ့ရှိဘူးသေးပါ။ စာရေးသူလေ့လာမှု အားနည်းခြင်းလည်းဖြစ်နိုင်ပါသည်။ (စကားချပ်–သဘာဝသစ်တောများနှင့် သစ်တောစိုက်ခင်းများ၏ တစ်နှစ်ပျမ်းမျှတိုးပွားမှု – Mean Annual Increment (MAI)ကို ထုထည်ပမာဏဖြင့်သာဖော်ပြလေ့ရှိပါသည်။ယူနစ်များမှာ ton $acre^{-1}yr^{-1}$ သို့မဟုတ် $m^3ha^{-1}yr^{-1}$ ဖြစ်ကြသည်။



ဇယား(၁)။ ခါးလယ်လုံးပတ်အမျိုးမျိုးနှင့် ပင်စည်အလျားအမျိုးမျိုး၌ လုံးပတ် ၁လက်မပိုကြီးလာသည့်အခါ၌ ပင်စည်တွင်တိုးပွားလာမည့် ပင်စည်၏ထုထည်ပမာဏ

| စဉ် | ပင်စည်၏ ခါးလယ်လုံးပတ် (ပေ) | ပင်စည်၏ အလျား (ပေ) | အစဦး ထုထည် (ကုဗပေ) | နောက်ဆုံး ထုထည် (ကုဗပေ) | တိုးပွားလာသည့် ထုထည် (ကုဗပေ) |
|---|---|---|---|---|---|
| ၁ | ၃ | ၂၀ | ၁၄.၃၃ | ၁၅.၃၀ | ၀.၉၇ |
| ၂ | ၄ | ၂၀ | ၂၅.၄၈ | ၂၆.၇၇ | ၁.၂၉ |
| ၃ | ၅ | ၂၅ | ၄၉.၇၆ | ၅၁.၇၇ | ၂.၀၁ |
| ၄ | ၆ | ၃၀ | ၈၅.၉၉ | ၈၈.၈၈ | ၂.၈၉ |
| ၅ | ၇ | ၃၅ | ၁၃၆.၅၄ | ၁၄၀.၄၇ | ၃.၉၃ |
| ၆ | ၈ | ၄၀ | ၂၀၃.၈၂ | ၂၀၈.၉၅ | ၅.၁၃ |
| ၇ | ၉ | ၄၅ | ၂၉၀.၂၁ | ၂၉၆.၆၉ | ၆.၄၈ |
| ၈ | ၁၀ | ၅၀ | ၃၉၈.၀၉ | ၄၀၆.၀၉ | ၈.၀၀ |
| ၉ | ၁၅ | ၅၅ | ၉၈၅.၂၇ | ၉၉၈.၄၅ | ၁၃.၁၈ |
| ၁၀ | ၂၀ | ၆၀ | ၁၉၁၀.၈၃ | ၁၉၂၉.၉၈ | ၁၉.၁၅ |
| ၁၁ | ၂၅ | ၆၀ | ၂၉၈၅.၆၇ | ၃၀၀၉.၆၀ | ၂၃.၉၃ |
| ၁၂ | ၃၀ | ၆၀ | ၄၂၉၉.၃၆ | ၄၃၂၈.၀၇ | ၂၈.၇၁ |
| ၁၃ | ၃၅ | ၆၀ | ၅၈၅၁.၉၁ | ၅၈၈၅.၄၀ | ၃၃.၄၉ |

**မှတ်ချက်။ပင်စည်များကို လုံးဝန်းဖြောင့်တန်းသည်ဟုယူဆပြီး ထုထည်ကို $V = \pi r^2 L$ ဖြင့်တွက်ချက်ထားသည်။**

ဇယား(၁)အရ–ခါးလယ်လုံးပတ် ၃ပေရှိသည့်ပင်စည်သည် လုံးပတ် ၁လက်မကြီးလာရာတွင် တိုးပွားလာသည့် ထုထည်သည် ၀.၉၇ကုဗပေ(၁ ကုဗပေဟုဆိုပါစို့)ရှိသည်။ တွက်ချက်မှုများ လွယ်ကူရှင်းလင်းစေရန် သစ်သားထုထည် ၁ ကုဗပေ တိုးပွားရန် အချိန်၁နှစ်ကြာသည်ဟုယူပါမည်။(သစ်မျိုးကိုလိုက်၍ အချိန်ကွာခြားမှုရှိပါသည်။ လေး၊ငါး၊ခြောက်လကြာနိုင်သကဲ့သို့ သုံး၊လေးနှစ်လည်းကြာနိုင်ပါသည်။) ဤအချက်ကိုအခြေခံ၍ ပင်စည်အရွယ်အစားအမျိုးမျိုး၌ ၁ လက်မကြီးရန် ကြာမည့်အချိန်ကာလအသီးသီးကို ဇယား(၂)တွင် ဖော်ပြထားပါသည်။

ဇယား(၂)။ လုံးပတ် ၁လက်မပိုကြီးလာရန် ပင်စည်အရွယ်အစားအမျိုးမျိုးအတွက် ကြာမည့်အချိန်

| စဉ် | ပင်စည်၏ ခါးလယ်လုံးပတ် (ပေ) | ပင်စည်၏ အမြင့် (ပေ) | ခါးလယ်လုံးပတ် ၁ လက်မကြီးလာသဖြင့် တိုးပွားလာသည့် ထုထည် (ကုဗပေ) | ပင်စည်၏ ခါးလယ်လုံးပတ် ၁လက်မကြီးလာရန် ကြာမည့် အချိန် (နှစ်) |
|---|---|---|---|---|
| ၁ | ၃ | ၂၀ | ၀.၉၇ | ၁.၀ |
| ၂ | ၄ | ၂၀ | ၁.၂၉ | ၁.၃ |
| ၃ | ၅ | ၂၅ | ၂.၀၁ | ၂.၀ |
| ၄ | ၆ | ၃၀ | ၂.၈၉ | ၂.၉ |
| ၅ | ၇ | ၃၅ | ၃.၉၃ | ၃.၉ |
| ၆ | ၈ | ၄၀ | ၅.၁၃ | ၅.၁ |
| ၇ | ၉ | ၄၅ | ၆.၄၈ | ၆.၅ |
| ၈ | ၁၀ | ၅၀ | ၈.၀၀ | ၈.၀ |
| ၉ | ၁၅ | ၅၅ | ၁၃.၁၈ | ၁၃.၂ |
| ၁၀ | ၂၀ | ၆၀ | ၁၉.၁၅ | ၁၉.၂ |
| ၁၁ | ၂၅ | ၆၀ | ၂၃.၉၃ | ၂၃.၉ |
| ၁၂ | ၃၀ | ၆၀ | ၂၈.၇၁ | ၂၈.၇ |
| ၁၃ | ၃၅ | ၆၀ | ၃၃.၄၉ | ၃၃.၅ |

ဇယား(၂)အရ–ပင်စည်လုံးပတ် ၁လက်မကြီးလာရန်–ခါးလယ်လုံးပတ်၁၀ပေနှင့်အမြင့်ပေ၂၀ရှိသော သစ်ပင်အတွက် ၈ နှစ်ကြာမည်ဖြစ်ပြီး ခါးလယ်လုံးပတ်ပေ၂၀နှင့် အမြင့်ပေ၆၀ရှိသည့်သစ်ပင်အတွက် ၁၉နှစ်ကျော်ခန့်ကြာမည်ဖြစ်ကာ၊ ခါးလယ်လုံးပတ်ပေ ၃၀နှင့် အမြင့်ပေ ၆၀ ရှိသောသစ်ပင်အတွက် ၂၉ နှစ်ခန့်ကြာမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။

ထို့ကြောင့် ပင်စည်လုံးပတ်ကြီးလာသည်နှင့်အမျှ လုံးပတ် ၁ လက်မပိုကြီးလာရန် အချိန်ပို၍ကြာလာကြောင်း ထင်ရှားပါသည်။ တစ်နည်းအားဖြင့်ဆိုသော် ၁ လက်မတွင်ရှိသော နှစ်ကွင်းအရေအတွက် ပို၍များလာမည်ဖြစ်သည်။ ထို့ကြောင့် ပင်လျှင် အရွယ်ကြီးသော သစ်လုံးများ၏ အပြင်ဘက်ပိုင်းရှိ နှစ်ကွင်းများ(Outer Growth Rings)သည် အလွန်စိပ်နေခြင်းဖြစ်သည်။(ယခုအခါ သစ်ပင်များကိုခုတ်လှဲပြီးနောက် တောထဲတွင် ကျန်ခဲ့သောသစ်ငုတ်များ(Stump)ရှိ နှစ်ကွင်းများ၏ အနေအထားကိုလေ့လာပြီး လွန်ခဲ့သောခေတ်ကာလများကဖြစ်ပေါ်ခဲ့သည့် ရာသီဥတုအခြေအနေများကို လေ့လာသည့်ပညာရပ်ကို စိတ်ဝင်စားသူ၊ လေ့လာသူများပြားလျက်ရှိပါသည်။ ယင်းပညာရပ်ကို"Tree Ring Analysis" ဟုခေါ်ပါသည်။ အထက်တွင်ဖော်ပြပါ ရှင်းလင်းချက်(နှစ်ကွင်းများကျဲခြင်း၊စိပ်ခြင်း)တွင် ရာသီဥတုပြောင်းလဲမှုကြောင့် နှစ်ကွင်းများ၏ အနေအထားပြောင်းလဲမှုဖြစ်သည်ကို ချန်လှပ်ထားပါသည်။)



**အူတိုင်နှင့်နီးသော နှစ်ကွင်းများကျဲနေပြီး အခေါက်နှင့်နီးသည့် နှစ်ကွင်းများစိပ်နေသည်ကိုတွေ့ရပုံ**

ထို့ပြင် ပင်စည်၏ ထုထည်တိုးပွားမှုသည် လုံးပတ်အရွယ်အစားပေါ်တွင်သာမက အမြင့်ပေါ်တွင်လည်း မူတည်နေသည်။ ခါးလယ်လုံးပတ်ပေ ၂၀ရှိပြီး အမြင့်ပေ ၆၀ရှိသော ပင်စည်သည် လုံးပတ် ၁ လက်မပိုကြီးလာသည့်အခါ ထုထည် ၁၉.၁၅ကုဗပေတိုးပွားလာမည်ဖြစ်ပြီး (ဇယား-၁) အကယ်၍ ယင်းပင်စည်သည် အမြင့်ပေ ၃၀သာရှိမည်ဆိုပါက ထုထည်သည် ၉.၅၆ကုဗပေသာတိုးပွားမည်ဖြစ်သည်။ ထို့ကြောင့် သစ်မျိုးချင်းတူပြီး လုံးပတ်အရွယ်အစားချင်းလည်းတူလျှင် ပို၍မြင့်သောပင်စည်၏ အပြင်ဘက်ပိုင်းရှိ နှစ်ကွင်းများသည် ပို၍စိပ်နေမည်ဖြစ်သည်။ သစ်တောထဲတွင် ပေါက်ရောက်သည့် ကညင်ပင်ကဲ့သို့သော သစ်ပင်ကြီးများ၏ ပင်စည်သည် အလျားရှည်ပြီး မြို့ထဲရွာထဲတွင် ပေါက်ရောက်သည့် သဘော်ကုက္ကိုပင်ကဲ့သို့သော သစ်ပင်ကြီးများ၏ပင်စည်သည် အလျားတိုမည်ဖြစ်ပါသည်။ မြင်လွယ်သော သာဓကနှစ်ခုကိုဖော်ပြပါမည်။ မြန်မာ့တတိယအကြီးဆုံးဖြစ်သော ဗန်းမောက်မှကျွန်းပင်ကြီးသည် ၁၉၉၇ခုနှစ်က ရင်စို့လုံးပတ် ၂၆ပေ-၄လက်မနှင့် အမြင့်ပေ ၁၂၀ ရှိခဲ့ပြီး၊ ၂၀၁၇ခုနှစ်တွင် ရင်စို့လုံးပတ်၂၆ပေ-၈လက်မနှင့် အမြင့်ပေ ၁၂၀ ရှိကြောင်းသိရပါသည်။ ၁၉၉၇ခုနှစ်ကရှိခဲ့သော ထိုသစ်ပင်ကြီး၏ ပင်စည်အလျားကို ပေ ၈၀၊ ခါးလယ်လုံးပတ်ကို ၂၅ပေဟုယူဆပြီး တွက်မည်ဆိုပါက နှစ်ပေါင်း ၂၀ အတွင်း တိုးပွားလာသော သစ်ထုထည်ပမာဏသည် ၁၀၇ ကုဗပေခန့်ရှိမည်ဖြစ်ပါသည်။ ထိုနည်းတူပင် ပြင်ဦးလွင်မှ မြန်မာ့စတုတ္ထအကြီးဆုံး ကျွန်းပင်ကြီးသည် ၁၉၉၆ခုနှစ်က ရင်စို့လုံးပတ် ၂၄ပေ-၆လက်မနှင့် အမြင့် ၁၈၈ပေရှိခဲ့ပြီး ၂၀၁၇ခုနှစ်တွင် ရင်စို့လုံးပတ် ၂၅ပေ-၂လက်မနှင့်အမြင့်၁၈၅ပေရှိပါသည်။ ၁၉၉၆ခုနှစ်ကရှိခဲ့သော ယင်းကျွန်းပင်ကြီး၏ ပင်စည်အလျားကို ပေ ၁၀၀၊ ခါးလယ်လုံးပတ်ကို ၂၂ပေဟုယူဆမည်ဆိုပါက ၂၁နှစ်အတွင်း တိုးပွားလာသော သစ်ထုထည်ပမာဏသည် ၂၃၇ကုဗပေရှိမည်ဖြစ်ပါသည်။

ယခုဖော်ပြခဲ့သော ကိန်းဂဏန်းများသည် မည်သည့်သစ်မျိုးကိုမျှ ရည်ညွှန်းခြင်းမဟုတ်ဘဲ သစ်ပင်သက်တမ်းကြီးလာသည်နှင့်အမျှ လုံးပတ်တစ်လက်မပိုကြီးရန်အတွက် သစ်သားထုထည်ပမာဏ သိသာစွာပိုများလာခြင်းကြောင့် ယင်းထုထည်ပမာဏဖြစ်ပေါ်လာစေရန် နှစ်ပေါင်းများစွာကြာမြင့်သည်ကို လွယ်ကူထင်ရှားစွာ ပြသနိုင်ရန်အတွက် လွယ်ကူသည့် ကိန်းဂဏန်းများကို အခြေခံထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။အချုပ်အားဖြင့်ဆိုသော် သစ်ပင်၏ကြီးထွားနှုန်းကို ရင်စို့လုံးပတ်(သို့မဟုတ်) ရင်စို့အချင်းပေါ်တွင်မူတည်၍ ဖော်ပြသည့်အခါ သက်တမ်းကြီးရင့်လာသော သစ်ပင်ကြီးများ၏ ကြီးထွားနှုန်းသည် အလွန်နှေးသည်ဟုထင်ရသော်လည်း ထုထည်ပေါ်တွင်အခြေခံပါက သစ်သားတိုးပွားမှုသည် ပုံမှန်အတိုင်းပင်ဖြစ်ကြောင်း တွေ့မြင်နိုင်ပါသည်။



ရင်စို့လုံးပတ် ၁၅ ပေ ၁၀လက်မနှင့် အမြင့်ပေ ၈၀ ရှိ၍ ပင်စည် လုံးဝန်းဖြောင့်တန်းပြီးရှည်လျားသော ကညင်ပင်ကြီးအား တွေ့ရပုံ။

# ကြွေလွင့်ပြန်ပြီ ကြယ်တစ်ပွင့်



ဆရာကြင် – အပြည့်အစုံကတော့ ဆရာဦးအောင်ကြင်၊ သစ်တောတက္ကသိုလ် ပါမောက္ခချုပ် အငြိမ်းစားဆရာကြီး။ ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ (၈)ရက်နေ့ အသက် (၇၈)နှစ် ဗုဒ္ဓဘာသာဝင်များ အယူအဆအရ သာသနာသက္ကရာဇ် ၅၀၀၀ကို အနှစ်(၁၀၀)– တစ်နှစ်လျော့လျှင် ယခုသာသနာ သက္ကရာဇ်–၂၅၀၀ကျော်ဆိုတော့ လျော့နှစ်(၂၅)နှစ်သက်တမ်း တစ်ရာနုတ်လျှင်(၇၅)နှစ် ဘာပဲပြောပြော ဆရာကြင်က ဗုဒ္ဓဘာသာသတ်မှတ် သက်တမ်းထက်(၃) နှစ်ကြီးများ တောင် ပိုနေရသေးတာဘဲ ကံကောင်း၊ ကုသိုလ်ကောင်း တယ်ဘဲပြောရမှာပေါ့။ သေတစ်နေ့ မွေးတစ်နေ့ ရှောင်လွှဲ မရတာကတော့ အနိစ္စသဘောအရ သေမင်းကိုပါပဲ။

ဦးအောင်ကြင်ကတော့ ပညာတော်သင်နဲ့ ဂျာမဏီ သွား– ပြန်လာတော့ တက္ကသိုလ်သင်ကြားရေးကို ဇောက်ချ လုပ်လာတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ။ ဝါသနာအရ ဌာနမှာ အချိန်ကောင်းနေဆဲမှာ ပညာသင်ကြားရေးကို ဦးစား ပေးတာကိုက ချီးမွမ်းစရာ အချက်တစ်ချက်၊ သထုံဆောင် အဆောင်မှူးလုပ်ရင်း ရန်ကုန်တက္ကသိုလ် သစ်တောပညာ ဌာနမှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ရေဆင်းပျဉ်းမနား မှာ စိုက်ပျိုးမွေးမြူရေးနှင့် သစ်တောတက္ကသိုလ် တည်ထောင် ရာမှာပါဝင်ခဲ့သော ပုဂ္ဂိုလ်ကြီးပါ။

သစ်တောတက္ကသိုလ်ကြီး စုပေါင်းတက္ကသိုလ်က ခွဲတဲ့အခါမှာလည်း ဆရာကြင် ပါဝင်ခဲ့ပါတယ်။ ပထမဦးဆုံး ပါမောက္ခချုပ် ဦးစောရန်အောင်စိုး၊ ဒုတိယပါမောက္ခချုပ် ဦးစိုးတင့်တို့အပြီးမှာ တတိယမြောက်ပါမောက္ခချုပ် တာဝန် ယူခဲ့တဲ့ပုဂ္ဂိုလ်ပါ။ သစ်တောဘွဲ့ရပညာရှင် အမြောက်အ မြားပေါက်ဖွားအောင် သင်ကြားခဲ့တဲ့ ဆရာကြီးတစ်ဦးပါ။ ဒီအပြင် ပါရဂူဘွဲ့များ ပညာသင်ရရှိရေးအတွက် ဂျာမနီ တက္ကသိုလ်များနဲ့ ချိတ်ဆက်ပြီး ပံ့ပိုးခဲ့တဲ့ ဆရာကြီးတစ်ဦး ဖြစ်ပါတယ်။

ပါမောက္ခချုပ်က အငြိမ်းစားယူပြီးတဲ့အခါ Renewable Energy ဘာသာရပ်နဲ့ မီးဖိုများဆင့်ပွား ထုတ်ပေးရာမှာလည်း ဦးဆောင်ခဲ့သူတစ်ဦးဖြစ်ပါတယ်။ ဖရီဒါ(FREDA) သစ်တောသယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုး တိုးတက်ရေးနှင့် ထိမ်းသိမ်းရေးအသင်းမှာ ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင် (Central Committee)တစ်ဦး အဖြစ် တစ်တပ်တစ်အား တာဝန်သိသိနဲ့ ဆောင်ရွက်ခဲ့ပါတယ်။

တစ်နေ့မှာ သေမင်းကိုမလွှဲမသွေ ဆင်နွှဲရမည် မည်ဆိုတာသိကြပါတယ်။ FREDA အသင်းကြီး၏ ၂၀၁၇ ခုနှစ် စတုတ္ထအကြိမ်အစည်းအဝေးကို ၃၀–၈–၂၀၁၇ ရက် နေ့က ကျင်းပခဲ့ပါတယ်။ အဲဒီအစည်းအဝေးကို တက်ကြွစွာ ပါဝင်ခဲ့ပါသေးတယ်။ ၂၀၁၇ ခုနှစ် သောကြာနေ့ စက်တင် ဘာလ(၈)ရက်နေ့မှာ နာရေးသတင်းသိရတော့ မယုံမကြည် ဖြစ်ခဲ့ပြီး သေချာစွာစုံစမ်းမှ မှန်ကန်ကြောင်း သိရပါတယ်။ စာစုခေါင်းကြီးမှာ အမည်တပ်ခဲ့သလိုဘဲ သစ်တောပညာ ရှင်များကို ကြယ်ပွင့်များကဲ့သို့ တန်ဆာဆင်ပြီး ကြွေလွင့် သွားရတဲ့ ကြယ်တစ်ပွင့်လို့ တင်စားခဲ့တာပါ။ မည်သူတစ်ဦး တစ်ယောက်မျှ ရှောင်လွှဲခြင်းမပြုနိုင်တဲ့ သေမင်းကို အား လုံးကြုံကြရမှာပါ။ လုပ်ဖော်ကိုင်ဘက်ရောင်းရင်း သူငယ်ချင်း ကြီး ကောင်းရာသုဂတိလားစေဖို့ ဆုတောင်းအပ်ပါတယ်။ သွားနှင့်ပေဦးတော့ ကြယ်ပွင့်လေးတစ်ပွင့်ရယ်။ ဒို့များလည်း ဘယ်တော့ကြွေမယ် ဆိုတာကတော့မသိကြသေးပေ။ ကောင်းကင်ကြီးက ကြယ်ပွင့်များ ကြွေသကဲ့သို့ တစ်ဖြုတ် ဖြုတ်နဲ့ကုန်ကြတော့မှာပါ။ နောင်လာမဲ့မျိုးဆက်များရှိနေ ဆဲ မျိုးဆက်များက ကြယ်ပွင့်တွေထဲမှာ ပါဝင်လာကြတော့ မှာပါ။ ကြယ်ပွင့်တွေကတော့ တစ်ကြယ်ကြွေ–တစ်ကြယ် ပွင့်နဲ့ ဆက်လက်သွားနေကြမှာတော့မလွဲပါ။ ရှိပြီးသား တောက်ပဆဲ ကြယ်ပွင့်များလည်း မကြွေပါစေနဲ့–တက် သစ်စကြယ်ပွင့်များပွင့်လင်းကြပါစေလို့ ဆုမွန်ပြုအပ်ပါတယ်။

မောင်သန်း (ရန်ကုန်တက္ကသိုလ်)




# *Reinwardtia glandulifera* (Linaceae), a new species from Kachin State, Northern Myanmar

BIN YANG[1,2], SHI-SHUN ZHOU[2], KYAW WIN MAUNG[3] & YUN-HONG TAN[1,2*]

*[1]Southeast Asia Biodiversity Research Institute, Chinese Academy of Sciences, Yezin, Nay Pyi Taw 05282, Myanmar; E-mail: tyh@xtbg.org.cn [2]Center for Integrative Conservation, Xishuangbanna Tropical Botanical Garden, Chinese Academy of Sciences, Menglun, Mengla, Yunnan 666303,.China [3]Forest Research Institute, Forest Department, Ministry of Natural Resources and Environmental Conservation, Yezin, Nay Pyi Taw 05282, Myanmar*

*Reinwardtia indica* နှင့်အတူ မျိုးစု(Genus) *Reinwardtia* သည် အဓိကအားဖြင့် အိန္ဒိယမြောက်ပိုင်း၊ တရုတ်နှင့် အရှေ့တောင်အာရှတွင် ပျံ့နှံ့ပေါက်ရောက်သည်။ ထိုမျိုးစုသည် Family Linaceae Sub-family Linoideae နှင့် Tribe Eulineae အောက်တွင်ပါရှိသည်။ *Reinwardtia indica* သည် ဝတ်မှုန်ခံတိုင်(Style) အချိုးအစားမညီသော (heterostylous)ပန်းပွင့်ဖြစ်သည်။ ဝတ်မှုန်(pollen)နှင့် ဝတ်မှုန်ခံ(stigma)သည် ပုံသဏ္ဌာန်(၂)မျိုးပါရှိသည်။ သမိုင်းကြောင်းအရဆိုလျှင် မြန်မာနိုင်ငံတွင် *Reinwardtia* (၂)မျိုးရှိကြောင်း မှတ်တမ်းတင်ထားရှိပြီးဖြစ်ပါသည်။ မှတ်တမ်းတင်ထားရှိသော *Reinwardtia* မျိုးစိတ်များမှာ R. tetragyna နှင့် R. trigyna တို့ဖြစ်ပါသည်။ သို့ရာတွင် *R. trigyna* ကို *Reinwardtia indica* ၏အမျိုးတူ(synonym)အဖြစ် သတ်မှတ်ခဲ့ပါသည်။

၂၀၁၄-၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် XTBG နှင့် KIBအဖွဲ့(၂)ဖွဲ့သည် သစ်တောသုတေသနဌာနနှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံမြောက်ပိုင်းတွင် ဇီဝမျိုးစုံမျိုးကွဲစာရင်းကောက်ယူရန် ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။ ၎င်းကွင်းဆင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တွင် *Reinwardia* ၏အပင်အစိတ်အပိုင်း နမူနာ(Specimen)များကို ကချင်ပြည်နယ် ပူတာအိုမှတွေ့ရှိခဲ့ပါသည်။ တွေ့ရှိခဲ့သော အပင်နမူနာများ၏ ခန္ဓာဗေဒ(Anatomy)နှင့် ပြင်ပရုပ်သွင်(Morphology) လက္ခဏာများကို အခြေခံ၍ *Reinwardia indica* နှင့်နှိုင်းယှဉ်ပြီး အသေးစိတ်စစ်ဆေးခဲ့ပါသည်။ မြန်မာနိုင်ငံမှ စုဆောင်းခဲ့သော Specimens များသည် သိပ္ပံပညာရပ်ဆိုင်ရာ မျိုးစိတ်အသစ်ဖြစ်သည်ဟု ကောက်ချက်ချခဲ့ပါသည်။ ၎င်း၏အပင်သရုပ်ဖော်ပြချက်များနှင့် သရုပ်ဖော်ပုံများကိုဖော်ပြခဲ့ပါသည်။

## Taxonomic treatment **အပင်မျိုးခွဲခြားခြင်း ဆန်းစစ်မှု**

*Reinwardtia glandulifera* သည် *Reinwardtia indica* နှင့်တူညီပါသည်။ သို့သော် ကွဲပြားသည့်အချက်များမှာ ပွင့်ခံရွက်(Bract)နှင့် ပွင့်ဖတ်အုံ(Calyx)တို့မှာ ဘဲဥပုံ(Elliptic)ပုံမှ ဘဲဥဇောက်ထိုးပုံ (Obovate elliptic)ပုံရှိခြင်း။ (၆.၀–၇.၅ × ၁.၀–၃.၅)မီလီမီတာရှည်ပြီး ရွက်နားတစ်လျှောက်တွင် ဂလင်းများပါသည့် ထူထပ်သောအမွေးများရှိခြင်း။ ပွင့်ဖတ်အုံ(Calyx)များရှိခြင်း၊ အောက်ခြေတွင် ကွာနေသောပွင့်ချပ်များနှင့် ဝတ်မှုန်ခံတိုင်(၅)ခုရှိသော ပန်းပွင့်များရှိခြင်းသည် ကွဲပြားသည့်အချက်များဖြစ်ပါသည်။ ချုံပင်အမျိုးအစားဖြစ်ပြီး ၁၁.၅ စင်တီမီတာခန့်အမြင့်ရှိသည်။ အကိုင်းသည် အနည်းငယ်လုံးဝိုင်းပြီး ကိုင်းပေါ်တွင် အလျားလိုက်အစင်းကြောင်းများရှိသည်။ အမွေးမရှိပါ။

အရွက်များသည် ပျံ့ကျဲစွာတည်ရှိပြီး အကိုင်းထိပ်တွင်စုထွက်ကြသည်။ ရွက်ညှာ(Petiole)သည် ၃.၇–၇.၀ မီလီမီတာရှည်ပြီးအမွေးမရှိပါ။ ရွက်ပြားသည် ဘဲဥပုံမှ ဘဲဥဇောက်ထိုးပုံရှိပြီး အရှည်(၃.၂–၁၀.၈×၀.၈–၃.၃) စင်တီမီတာရှိပြီး အမွေးမရှိပါ။ အလယ်ရွက်ကြောသည် ကျောဘက်တွင် ပို၍ထင်ရှားသည်။ ရွက်ကြောမွှာလေးများသည် မျက်နှာပြင်နှစ်ဖက်လုံးတွင် အနည်းငယ်ထင်ရှားသည်။ အရွက်၏အခြေပိုင်းသည် အောက်ဘက်သို့ချွန်သည်။

ရွက်နားညီပြီး အမွေးများမရှိပါ။ ရွက်ပြားထိပ်သည် ထိပ်ချွန်မှ လုံးဝိုင်းလုနီးပါးရှိသည်။ ပန်းခိုင်သည် ကြားထွက်အဆုံးရှိ ပန်းခိုင်ဖြစ်သည်။ ပန်းခိုင်တွင် ပန်းပွင့်(၃)ပွင့်မှ ပန်းပွင့်များစွာပါသည်။ ပွင့်ကိုင်းသည် (၀ . ၅–၂ . ၅)စင်တီမီတာရှိပြီး အခြေရှိပွင့်ခံရွက်သည် အရွက်နှင့်တူသည်။ ကြွေလွယ်သည်။ ပွင့်ခံရွက်သည် ဘဲဥပုံမှ ဘဲဥဖောက်ထိုးပုံရှိသည်။ (၆.၀ – ၇.၅ × ၂.၀– ၃.၅)မီလီမီတာ အရွယ်ရှိသည်။ အနားတစ်လျှောက် ဂလင်းပါသော အမွေးများရှိသည်။ ၎င်းအမွေးများသည် ၀.၃–၀.၅ မီလီမီတာရှည်သည်။ ပွင့်ညှာသည် ၀.၄–၀.၉ စင်တီမီတာရှည်ပြီး အမွေးများမရှိပါ။


photographed by Yun-Hong Tan

FIGURE1. *Reinwardtia glandulifera,* A-B...Habit, C..Inflorescence, D-E..Fruit, F-G ..Stamen and pistil, showing heteromorphy, H..Petals, 1..Bract and calyx.

ပွင့်ဖတ်အုံသည် ရှည်မျောမျောဥပုံမှ ဥဖောက်ထိုးပုံရှိသည်။ ပွင့်ဖတ်များသည် (၆. ၀–၈. ၀×၃–၄)မီလီမီတာရှိပြီး ထင်ရှားသည်။ သို့သော် အောက်ခြေတွင် တစ်ခုနှင့်တစ်ခုထပ်နေသည်။ အနားတွင် ဂလင်းပါသော အမွေးများပါရှိသည်။ ၎င်းအမွေးများသည် ၀. ၂ မီလီမီတာခန့်ရှည်ပြီး ထိပ်ဖျားတွင်အနည်းငယ်သော ထင်ရှားသည်။ ပန်းပွင့်သည် ဝတ်မှုန်ခံတိုင်အမျိုးအစားမတူသော ပန်းပွင့်ဖြစ်သည်။ အချင်း ၁. ၈–၂. ၈ စင်တီမီတာရှိသည်။ ပွင့်ချပ်သည် အဝါရောင်ရှိပြီး လုံ့သွားဖောက်ထိုးပုံရှိသည်။ (၁. ၆– ၁. ၉ × ၀. ၈) စင်တီမီတာခန့်ရှိပြီးထင်ရှားသည်။ သို့သော်အောက်ခြေတွင်လိပ်ပြီး အနည်းငယ် ထပ်နေသည်။ စပိုးဖိုရွက်ရှည်/တိုသော ပန်းပွင့်(Pin flowers)များတွင် ၀. ၈ စင်တီမီတာခန့် ရှည်သော စပိုးဖိုရွက်များသည်အနည်းနှင့်အများကွာနေခြင်း(သို့မဟုတ်)ပေါင်းပြီး အောက်ခြေတွင် ကွင်းကဲ့သို့ ဖြစ်နေပါသည်။ ဝတ်ဆံများသည် ၁. ၅ မီလီမီတာခန့်ရှည်ပြီး အဖိုအင်္ဂါမြုံ(Staminodes)သည် ဇီးကွက်ပုံ အဖတ်ကလေးများကဲ့သို့ ဖြစ်နေသည်။ ဝတ်မှုန်ခံတိုင်(၅)ခုရှိသည်။ ၁. ၃–၁. ၅စင်တီမီတာခန့်ရှည်သည်။သေးသွယ်သည့်ချည်မျှင်ကဲ့သို့ဖြစ်နေသည်။ ကွာနေမည်(သို့မဟုတ်) စင်တီမီတာခန့်ရှည်သည်။ အနည်းနှင့်အများပေါင်းပြီး အောက်ခြေတွင်ကွင်းကလေးတစ်ခုဖြစ်နေမည်။ ဝတ်ဆံသည် ၁. ၅ မီလီမီတာ ခန့်ရှည်သည်။ အဖိုအင်္ဂါမြုံဖြစ်ပြီး သေးသွယ်ရှည်လျားသော သုံးမြောင်ပုံဖြစ်နေပါသည်။ ၎င်းကို ဇီးကွက်ပုံဟုခေါ်ပါသည်။ ဝတ်မှုန်ခံတိုင်(၅)ခုရှိသည်။ အမျှင်ပုံရှိပြီး ကွာနေသည်။


FIGURE(2). *Reinwardtia glandulifera,* A.. Habit, B.. Leaf, C..Stamen and pistil, showing heteromorphy, D..Petals, E .. Bracts, F.. Furit, G.. Capsule, H.. Seed and locule. *Illustration by Zheng-Meng Yang based on the holotype, Myanmar Esped.877.*

သို့သော် အောက်ခြေပိုင်းတွင် ပေါင်းနေသည်။ ၀.၈ စင်တီမီတာရှည်သည်။ ဝတ်မှုန်ခံတိုင်၏ထိပ်တွင် အဖုကလေးများရှိသည်။ အစေ့အိမ်(၅)ခုပါပြီးပူးနေသည်။ အစေ့အိမ်တစ်ခုစီတွင် သေးငယ်သောအခန်း(၂)ခုပါရှိသည်။ အခန်းတစ်ခန်းစီတွင် အစေ့လောင်းတစ်ခုစီပါရှိသည်။ အသီးသည်အမြောင်းလိုက် အက်ကွဲသီးဖြစ်သည်။ လုံးဝိုင်းပုံရှိသည်။ အခန်း(၁၀)ခန်းကွဲသွားသည်။ အစေ့သည် ကျောက်ကပ်ပုံ(သို့မဟုတ်) ဥပုံရှိသည်။

**ပန်းပွင့်ချိန်**-- ပန်းပွင့်ချိန်မှာ အောက်တိုဘာလမှ နိုဝင်ဘာလအထိဖြစ်ပြီး၊ အသီးသီးချိန်မှာ နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိဖြစ်သည်။

**ပျံ့နှံ့ပေါက်ရောက်ရာဒေသ**-- ၎င်းမျိုးစိတ်ကို ကချင်ပြည်နယ်၊ ပူတာအိုဒေသမှသိရှိခဲ့ပါသည်။ ၎င်းဒေသများတွင် ထိုအပင်သည် ရာသီအလိုက် အပူပိုင်းမိုးသစ်တောနှင့် အပူပိုင်းတောင်ပေါ်သစ်တောတို့၏ အောက်ခြေအလွှာတွင် ပေါက်ရောက်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၉၀၀-၁၃၀၀မီတာအမြင့်တွင် ပေါက်ရောက်သည်။

**ရင်းမြစ်ဒေသ/ဝေါဟာရသမိုင်း**-- ၎င်းမျိုးစိတ်နာမည်ကို ထင်ရှားစေသောဂုဏ်ပုဒ်များမှာ ပွင့်ခံရွက်နှင့် ပွင့်ချပ်အုံတို့၏ အနားတစ်လျှောက်တွင် ဂလင်းခေါ်အဖုလေးများနှင့်အမွေးများကိုအစွဲပြု၍ ပေးထားခြင်းဖြစ်ပါသည်။

**နှီးနွယ်ဆက်စပ်မှု**-- ၎င်းမျိုးစိတ်သည် *Reinwardtia indica* နှင့်ဆင်တူပါသည်။ အထူးသဖြင့်ဥပုံနှင့် ရှည်မျောမျောအရွက်များ၊ အဝါရောင်ပွင့်ချပ်အုံတို့သည် *Reinwardtia indica* နှင့်တူညီပြီး ပွင့်ခံရွက်၊ ပွင့်ဖတ်အုံနှင့် အခြားသောပန်းပွင့်လက္ခဏာရပ်များတွင် ကွဲပြားခြားနားပါသည်။

## စစ်ဆေးထားသည့်ထပ်တိုးသော specimen များ

မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်၊ ပူတာအို၊ ရှင်ဆန်ကူး။ 97° 53' 10.48"E, 27° 41' 17.60"N. အပူပိုင်းတောင်ပေါ်သစ်တောများ၏အောက်ခြေအလွှာ၊ ပင်လယ်ရေမျက်နှာပြင်အထက် (၁၃၀၀)မီတာအမြင့်တွင် ပေါက်ရောက်သည်။ *Myanmar Exped.* 156 (HITBC,KUN).*Accepted by Mark Chase: 20 Jul. 2017; published: 8 Aug. 2017*

*Reinwardtia glandulifera* နှင့် *Reinwardtia indica* တို့၏ ပြင်ပရုပ်သွင်လက္ခဏာများ နှိုင်းယှဉ်ခြင်း

| | *Reinwandtia glandulifera* | *Reinwandtia indica* |
|---|---|---|
| ရွက်နား | အနားညီ | အနားညီ(သို့)အနားတွန့် |
| ပွင့်ခံရွက် | ဥပုံမှဥအောက်ထိုးပုံ၊ ၆.၀-၇.၅ × ၂.၀-၃.၅ မီလီမီတာ၊အနားတွင် အမွေးများထူထပ်စွာရှိသည်။ | သေးငယ်၊ ဓါးကွက်ပုံ(သို့) လုံသွားပုံရှိ၊ ၂-၅ × ၂.၀-၃.၅ မီလီမီတာရှိ၊ နားတွင် အမွေးများကျဲကျဲပျံ့နှံ့နေသည်။ |
| ပွင့်ဖတ် | ရှည်မျောမျောဥပုံမှဥအောက်ထိုးပုံ၊ ၆-၈ × ၃-၄ မီလီမီတာ၊ အနားတွင်အမွေးများထူထပ်စွာရှိသည်။ | ဓါးကွက်ပုံ(သို့) လုံသွားပုံရှိ၊ ၉-၁၂ × ၅-၆ မီလီမီတာ၊ အနားတွင်အမွေးများမရှိပါ။ |
| ပန်းပွင့် | ထိပ်မှထွက်သည်။ကြားထွက်ရှားသည်။ ပွင့်ချပ် ၁.၆-၁.၉ စင်တီမီတာရှည်၊ အောက်ခြေတွင် ကွာဟနေသည်။ | တစ်ပွင့်ချင်းပွင့်၊ထိပ်နှင့်ကြားထွက်အနည်းငယ်ရှိသည်။ ပွင့်ချပ် ၁.၇-၂.၈ စင်တီမီတာရှည်၊ ရှည်ပြီးလက်သည်းကဲ့သို့ကွေးပြီးချွန်၊ အနည်းနှင့်အများအောက်ခြေတွင်connate ဖြစ်နေသည်။ |
| | ဝတ်မှုန်ခံတိုင် ၅ ခု | ၃ခု (၄ခုနှင့်၅ခုရှားသည်။) |

**ကျေးဇူးတင်လွှာ**

**မြန်မာနိုင်ငံမြောက်ပိုင်းတွင် ၄င်းသုတေသနလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်နှင့် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက် ဦးစီးဦးဆောင်ပြုပေးသော သစ်တောသုတေသနဌာန၊ တောတွင်းလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးသော ဟန်ကျော်ကျော်၊ သရုပ်ဖော်ပုံများ ရေးဆွဲပေးသော** Zheng-meng Yang**၊ ဤသုတေသနလုပ်ငန်းအတွက် ငွေရေးကြေးရေး ထောက်ပံ့ပေးခဲ့သော အရှေ့တောင်အာရှဇီဝမျိုးစုံ မျိုးကွဲသုတေသနဌာန၊ တရုတ်အကယ်ဒမီသိပ္ပံ** (Southeast Asia Biodi-versity Research Institute, Chinese Academy of Sciences (Y4Zk111B01)) **တို့ကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါသည်။**

ကျော်ဝင်းမောင်၊ လက်ထောက်သုတေသနအရာရှိ
သစ်တောသုတေသနဌာန



**ကိုငြိမ်း(တောင်သာ)**

လိပ်သုတေသနလုပ်ရန် Global Mapper မှ သံလွင်မြစ်၏ ပထဝီဝင်မြေမျက်နှာပြင် အနေအထားကို ကြည့်လိုက်သောအခါ စိတ်လွန်း၊ ကျဉ်းလွန်းနေသော ကွန်တိုမျဉ်းများကို တွေ့ရသဖြင့် မြင့်မားသောတောင်တန်း၊ တောင်ကုန်းတွေကြားမှ ဖြတ်စီးနေသော မြစ်တစ်စင်းပါလားဆိုသည်ကိုသိလိုက်သည်။ ဤသို့သော အခြေအနေမျိုးများကို ဒုဋ္ဌဝတီမြစ်အောက်ပိုင်းနှင့် ရွှေလီမြစ်အထက်ပိုင်းတွေ့ကြုံခဲ့သဖြင့် သံလွင်မြစ် မြစ်ညာမှသည် မြစ်ဝအထိမည်သည့်နည်းနှင့်မျှ စုံဆင်းနိုင်ရန်မဖြစ်နိုင်တော့ပေ။ Design Printing Services Co., Ltd. ထုတ် ပြည်နယ်နှင့်တိုင်းဒေသကြီးများ မြေပုံစာအုပ်တွင်ပါသော ရှမ်းပြည်နယ်မြေပုံကို ဖြန့်ကြည့်လိုက်ပြန်ရာ မြစ်ညာမှအောက်သို့ကြည့်သော် လောက်ကိုင်၊ ကွမ်းလုံ၊ တန့်ယန်း၊ မိုင်းရှူး၊ ကွန်ဟိန်း၊ တာကော်၊ ကျိုင်းခမ်း၊ ကျိုင်းတောင်၊ တာဆန်း၊ ဖါးဆောင်း၊ ဖါပွန်၊ မြိုင်ကြီးငူ၊ ဘားအံ၊ မော်လမြိုင်၊ ဘီလူးကျွန်းတို့ကိုတွေ့ရသည်။ တရုတ်ပြည်နှင့်နီးသော ဒေသတွင် သဘာဝအရင်းအမြစ်များကျန်ရှိရန် အခွင့်အလမ်းနည်းနိုင်ခြင်းနှင့် ယင်းဒေသများမှာငြိမ်းချမ်းရေးဆက်လက်ဖေါ်ဆောင်နေသော ဒေသများဖြစ်သည့်သဖြင့် ဘေးကင်းစွာလေ့လာရန်မဖြစ်နိုင်။ အလားတူ တာဆန်းနှင့် လင်းခေးအောက်ပိုင်းကိုလည်း လုံခြုံရေးအခြေအနေ၊ လမ်းပန်းဆက်သွယ်မှုအနေအထားတို့က အဟန့်အတားဖြစ်နေ၍ အဆိုပါဒေသများကို လေ့လာကွင်းဆင်းမှုမလုပ်သေးရန်ဆုံးဖြတ်လိုက်ပါသည်။ ဤသို့ဖြင့် ကွန်ဟိန်းမြို့နယ်နှင့် လင်းခေးမြို့နယ်ကြား၊ သံလွင်မြစ်ဘေးမှ ကျေးရွာများကို ရွေးချယ်လိုက်သည်။ အဆိုပါဒေသမှဒေသခံတွေနှင့် အဆက်အသွယ်၊ သိရှိထားမှုကနတ္ထိ။ ယင်းမှာအဓိကပြဿနာမဟုတ်ပေ။ "ပါးစပ်ပါ ရွာရောက်၊ မေးပါများစကားရ"ဆိုသော လမ်းညွှန်အားပေးစကားအတိုင်း၊ မြန်မာစကားနားလည်သောမည်သည့်နေရာ၊ ဒေသမဆိုသွားရန်ဝန်မလေး၊ စေလိုရာစေနိုင်သော၊ သွားလိုသော ကျွန်တော့်အဖွဲ့အတွေ့အကြုံတွေ များစွာရှိနေပြီဖြစ်၍ သတ္တိမနည်းတော့ပြီ။ ကိုယ့်မြေ၊ ကိုယ့်ရေတွင် ကျွန်တော်တို့သွေးချင်းပြည်ထောင်စုဖွားတွေချည်းရှိနေသည် မဟုတ်ပါလား။ နောက်အရေးကြီးသည့်အချက်မှာ သံလွင်နှင့်ပတ်သက်ပြီး ဘာတွေသိထားသလဲဆိုတာဖြစ်သည်။ လူထုဦးလှရေးသည့် ကျွန်တော် သံလွင်ဖေါင်စီး၊ အင်တာနက်မှ ဝီကီးပီးဒီးယားအချက်လက်အချို့၊ ဂျာနယ်တွင်ပါရှိသော သတင်းအချက်အလက်၊ ဆောင်းပါးများကို သိမ်းဆည်းထားသောဖိုင်တွဲမှ ရှမ်းပြည်သတင်းအချက်အလက်များ၊ ကျော်အောင်ဘာသာပြန် နေဝင်ဘုရင်များစာအုပ်၊ ကျွန်တော့်မှတ်စုစာအုပ်မှ ရှမ်းပြည်နှင့်ပတ်သက်သည့် အချက်အလက်များနှင့် ရှမ်းပြည်နယ် ဂေဇက်တီးယားစသည်တို့မှာ ခရီးစဉ်အတွက်အထောက်အကူပြုမည့် လမ်းပြမီးတိုင်များ ဖြစ်လာလိမ့်မည်ဟုမျှော်လင့်မိသည်။ တောင်ကြီးမြို့မှထွက်ခဲ့သောကားသည်ကားမောင်းချိန် ၉နာရီအကြာတွင် ကွန်ဟိန်းမြို့သို့ရောက်သည်။ ညနေ ၅ နာရီထိုးပြီ။ နောက်နေ့မနက် ကွန်ဟိန်းမြို့တွင် လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ရင်း၊ ရွှေဘိုမြို့နယ်က လက်ဖက်ရည်ဖျော်ဆရာကို စပ်စုလိုက်သည်။ ဖျော်ဆရာနာမည်မှာ ပြည့်စုံအောင်ဖြစ်သည်။ စပ်စုကြည့်မိလိုက်သည့်ရလဒ်က တောင်သာနွယ်ဖွားကိုစိုးဦး၊မချိုတို့နှင့် အဆက်အသွယ်ရ လိုက်ခြင်းပင်ဖြစ်သည်။ သူတို့သည်လည်း ရဲစခန်းအနီးတွင် လက်ဖက်ရည်ဆိုင်ဖွင့်ထားသူများဖြစ်သည်။ လက်ဖက်ရည်ဆိုင်ဆိုတော့ လူစုံမှာသေချာသည်။ သူတို့နှင့်ဆက်ဆံနေသော၊ သူတို့၏ ဖေါက်သည်တို့နှင့် ချိတ်ဆက်မိမှာ သေချာသည်မဟုတ်ပါလော။ သူတို့မှတစ်ဆင့် ကွန်ဟိန်းမြို့ သစ်တောဦးစီးဌာနမှ ဦးစီးနှင့်ဝန်ထမ်းများကို သိကျွမ်းခွင့်ရခဲ့သည်။ ကျောက်ပန်းတောင်းနယ်သား တောခေါင်းကိုမြင့်အောင်နှင့် သိကျွမ်းရာမှ မြို့နယ်ဦးစီးဆိုသူနှင့်သိကျွမ်းခဲ့ရသည်။ ဦးစီးအမည်မှာ ဦးစိုင်းအောင်ဖေဖြစ်ပါသည်။ သူသည် ရှမ်းလူမျိုး၊ ကွန်ဟိန်းသည် သူ့ဇာတိမြေဖြစ်သည်။ သူ့ကိုမြင်ရမှ မိုးမိတ်မြို့နယ်၊ မိုးလိုတွင်ဆုံစည်းခဲ့ဖူးသူပါလားဆိုတာ ပြန်လည်သတိရမိပါတော့သည်။ ယခုကျွန်တော်နှင့်သူသည် ကွန်ဟိန်းတွင် ဒုတိယအကြိမ် ပြန်လည်ဆုံစည်းရခြင်းပင်ဖြစ်သည်။ မိုးလိုဆရာတော် ကူညီသဖြင့် ရွှေလီမြစ်အထက်ပိုင်းမှ

ကျူးဆာရွာဟောင်း(ကချင်ရွာ)အထိ ကျွန်တော်နှင့်ရွှေဥဒေါင်း ဘေးမဲ့တောမှ တောခေါင်းကိုထွန်းကြွယ်တို့ရောက်ခဲ့ကြောင်း ပြောပြသောအခါ အန္တရာယ်များသော ဒေသသို့ရောက်ခဲ့သဖြင့် သူအလွန်အံ့သြသွားသည်။ ကျွန်တော်တို့နှစ်ယောက် အန္တရာယ်ကြားမှနောက်ကြောင်း ပြန်ခဲ့ရသည့်ခရီးစဉ်ဖြစ်ပါသည်။ သွားလိုရင်းက ကျူးဆာမှ နမ့်ဆန်သို့ရွှေလီမြစ်ကြောင်း ဆန်တက်ရန်ဖြစ်သည်။

သူသည် ကျွန်တော့်အတွက် တာကော်တံတားရှိ သူ့ဝန်ထမ်းများကို အကူအညီပေးဖို့ညွှန်ကြားခဲ့သည်။ ဆက်လက်ပြီး တောအုပ်ကိုအောင်မိုးကြည်နှင့် တောခေါင်းကိုအေးမင်းအောင်တို့နှင့်သိကျွမ်းခင်မင်ခဲ့ရာမှ သူတို့၏ အကူအညီများ၊ အကြံဉာဏ်များဖြင့် သံလွင်မြစ်ကူး တာကော်တံတားရှိရာ သစ်တောစစ်ဆေးရေးစခန်းသို့ ရောက်ခဲ့ရတော့သည်။ ရည်ရွယ်ချက်မှာ သံလွင်မြစ်တွင် မည်သို့သော လိပ်မျိုးစိတ်များပျံ့နှံ့ ကျက်စားခဲ့သည်၊ ပျံ့နှံ့နေသည်၊ အခြေအနေမည်သို့ရှိသည်တို့ကို သိလိုရင်းက အဓိကဖြစ်သည်။ သံလွင်မြစ်ကို နဖူးတွေ့ဒူးတွေ့မြင်လိုက်ရတော့မှ စုံရန်လည်းမဖြစ်နိုင်၊ ဆန်ရန်လည်းမလွယ်သော သဘာဝအတားအဆီးတွေကို တွေ့လိုက်ရသည်။ Global Mapper မှာဖေါ်ပြထားသောမြေပြင် ပထဝီဝင်အချက်တွေက မှန်ကန်နေပြီဖြစ်သည်။ ရေစီးသန်သော၊ ကျဉ်းမြောင်းသော၊ နက်ရှိုင်းသော ကျောက်စွန်းကျောက်စွယ်တွေပေါသော၊ အသက်အန္တရာယ်ပင်မလုံခြုံသော နမ့်ခေါင် ခေါ် သံလွင် အခြေအနေများကို ဝန်ထမ်းများရှင်းပြသဖြင့်သိလိုက်ရသည်။ နောက်ရက်တွင် တာကော်တံတားသို့ရောက်ခဲ့သည်။ မြင့်မားလှသော တံတားအလယ်မှ မြောက်ဘက်နှင့် တောင်ဘက်သို့ငေးမျှော်ကြည့်ခွင့်ရခဲ့သည်။ တရှိန်ထိုးစီးဆင်းနေသော ရေစီးသံများကြားရသည်။ သောင်ပြင်ဖွေးဖွေးမြင်ရသည်။ အရှေ့ဘက်သို့ကြည့်သော် တောင်၊ အနောက်ဘက်သို့ကြည့်သော် တောင်ကိုသာမြင်ရသည်။ ယနေ့သည် သံလွင်မြစ်အလယ်ပိုင်းကို စတင်မြင်ဖူးခဲ့သည့် နေ့တစ်နေ့ပင်ဖြစ်သည်။ သံလွင်ရေတို့သည် တောင်ဘက်သို့ စီးဆင်းသွားကာ သံလွင်မြစ်ဝမှ ဘီလူးကျွန်းကို ဦးတိုက်ကာ ပင်လယ်ဆီသို့ စီးမျောသွားတော့မှာမဟုတ်ပါလား။ သစ်တောဦးစီးဂိတ်အပါအဝင် ဌာနပေါင်းစုံပါဝင်သော စုပေါင်းစစ်ဆေးရေးဂိတ်သည် တောင်ကြီး–ကျိုင်းတုံအဝေးပြေးလမ်း(အာဆီယံလမ်းမ)ကြီးတွင် တည်ရှိနေသည့် သံလွင်မြစ်ကူးတာကော်တံတား၏ အနောက်ဘက်ကမ်းပါးယံတွင်ရှိ၍ တည်နေရာမှာ N :21° 13" 58.5",E :098° 42" 41.3"ဖြစ်သည်။ မြို့နယ်သစ်တောဦးစီးဌာနမှူးနှင့် ကျွန်တော်တို့ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)သည် ၁၉၉၃ ခုနှစ်ကတည်းက တွဲဖက်လုပ်ကိုင်ခဲ့သူများဖြစ်သဖြင့် သူတို့သည် WCS ကို သိနှင့်နေပြီးသောသူများဖြစ်သည်။ သို့ရာတွင် သားငှက်ထိန်းသိမ်းရေးဝန်ထမ်းများနှင့်တွဲဖက်၍ အလုပ် လုပ်ခဲ့ခြင်းမျိုးတော့မရှိခဲ့ဘူးချေ။ ကျွန်တော်တို့နှင့် အများဆုံးတွဲဖက်လုပ်ကိုင်ခဲ့သူများမှာ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ အမျိုးသားဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်များ ဌာနများမှ ဝန်ထမ်းများသာလျှင်ဖြစ်သည်။

**တာကော်တံတားပေါ်မှ သစ်တောမိသားစုများနှင့်အတူ**

နောက်တစ်နေ့နံနက်မှာပင် ကျွန်တော့်တွင်ပါလာသော လိပ်အမျိုးအစားခွဲခြားသည့် စာအုပ်အချို့ကို သစ်တောဝန်ထမ်းများသို့ ပေးခဲ့အပြီးတွင် သူတို့နှင့်အတူ အခြားဌာနမှဝန်ထမ်းအချို့ကို ရှင်းလင်းပွဲလေးလုပ်ခဲ့သည်။ အဓိကအနေဖြင့် ရေလိပ်နှင့်ကုန်းလိပ်ခွဲခြားတတ်စေရန်အတွက် ဓါတ်ပုံများ၊ လိပ်ခွံများဖြင့် လက်တွေ့ပြသရှင်းလင်းခြင်းဖြစ်သည်။ နောက်ခြေထောက်သည် ဆင်ခြေထောက်ကဲ့သို့ရှိနေပါက ကုန်းလိပ်များဖြစ်သဖြင့် ရေတွင်မလွှတ်မိစေရန်၊ ရေလိပ်များပါလာက ရေဖျန်းပေးထားရန်၊ ဘဲခြေထောက်ကဲ့သို့ ရေယက်များပါရှိက ရေလိပ်ဖြစ်ကြောင်း၊ ယင်းတို့ကို ရေထဲသို့တိုက်ရိုက်ပြစ်ချမလွှတ်ရန်နှင့် ရေစပ်အနီးရှိ ကုန်းပေါ်တွင်လွှတ်ပြီး သူ့ဖါသာရေထဲသို့ဆင်းသွားစေရန် စသည်တို့ကို အကျိုးသင့်အကြောင်းသင့် လက်တွေ့ရှင်းပြရသည်။ အဆိုပါရှင်းလင်းပွဲလေးမှ သူတို့၏ဝန်ထမ်းဘဝ အတွေ့အကြုံများနှင့် ဒေသအချက်အလက်များမှ တာကော်တံတားသမိုင်းကြောင်းကို တစ်စွန်းတစ်စသိခွင့်ရလိုက်သည်။

တာကော်တံတားသည် သံလွင်မြစ်ကူးတံတား ဖြစ်၍ ၁၉၆၅ ခုနှစ်တွင်စတင်တည်ဆောက်ခဲ့ပြီး၊ ၉ နှစ်အကြာ ၁၉၇၄ ခုနှစ်တွင်ပြီးစီးခဲ့သည်။ အမြင့်ပေ ၁၅၀တွင် တည်ဆောက်ထားသော တံတားအရှည်မှာ ရ၈၀ ပေဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံက တာဝန်ယူဆောက်လုပ်ခဲ့သည်။ မြန်မာအင်ဂျင်နီယာမှူးကြီးမှာ ဦးသန့်ဇင်၊ တရုတ်အင်ဂျင်နီယာအမည်မှာ ဟန်ဝေရှမ်း ဟုသိရသည်။ တံတားတပ်ဆင်မှုအပိုင်းတွင် အနည်းငယ်ကွာဟမှုလေးဖြစ်ခဲ့သည်ကို စစ်ဆေးတွေ့ရှိသည့်အတွက် တရုတ်အင်ဂျင်နီယာမှာ အထက်လူကြီး၏ သတိပေးခံခဲ့ရသဖြင့် တံတားအပြီးတွင် အဆိုပါအင်ဂျင်နီယာသည် သူ့ဖါသာသူ အဆုံးစီရင်သွားသည်ဟုသိရသည်။ တံတားသက်တမ်းမှာ ၁၉၇၄ ခုနှစ်မှ ရေတွက်သော် ၄၂ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ သက်တမ်းလွန် တံတားတစ်စင်းဖြစ်သော်လည်း အသက်ဆက်လက်ရှည်နေဆဲပင်ဖြစ်သည်။ ရှည်လျားမြင့်မားသည့် တံတားကြီးဖြစ်ခြင်းကြောင့် ကားကြီးများသွားသည့်အခါ တုန်ခါနေသည်မှာသိသာလှသည်။ ကျွန်တော့်အနေနှင့် ‘တာကော်’ကို Lords of The Sunset, Maurise Collis (နေဝင်ဘုရင်များ၊ ကျော်အောင်)ဖတ်ခဲ့စဉ်ကပင် မမြင်ရခင်ကတည်းက ရင်းနှီးနေခဲ့ပြီးသော ရွာနာမည်ဖြစ်ပါသည်။

တာကော်ဆိုသည်မှာ ယခုတံတားဆောက်ထားသည့်နေရာနှင့် သိပ်မဝေးသောနေရာတွင်ရှိခဲ့သည် သံလွင်အနောက်ဘက်ကမ်းမှ ကူးတို့ကူးသည့်နေရာ၊ စခန်း၊ ရွာနာမည်ဖြစ်သည်။ တာကော်ရွာ သို့မဟုတ် တာကော်စခန်းသည် ဟိုယခင်ကတည်းကရှိနေသော အမည်နာမတစ်ခုဖြစ်နေသဖြင့် ယခုတံတားအမည်ကိုပင် ရှေးမူမပျက် "တာကော်သံလွင်တံတား"ဟုအမည်ပေးခြင်းက နှစ်သက်ဖွယ်ရာ၊ မြတ်နိုးဖွယ်အလွန်ကောင်းပါသည်။

ယခင်ကအနောက်ဘက်ကမ်းမှ အရှေ့ဘက်ကမ်းသို့ ပေ ၅၀ ခန့်မှသွယ်တန်းထားသည့် သံမဏိကြိုးပေါ်တွင် ပူလီဘီးတပ်ဆင်ထားပြီး၊ ယင်းပူလီဘီးများမှ သံမဏိကြိုးများကို ဖေါင်နှင့်ချိတ်ဆက်ထားသည်။ ရေစီးအားဖြင့် ဖေါင်ကိုတစ်ဖက်ကမ်းမှ အခြားတစ်ဖက်ကမ်းသို့ တွန်းပို့ပေးသောကူးတို့ယာဉ်ဖြစ်သည်။ ရွာဟောင်းရှိခဲ့သည့် နေရာတွင် စေတီတစ်ဆူသာလျှင် ကျန်ရစ်နေတော့သည်ဟု သိရသည်။"တာကော်"ဆိုသည်မှာ ရှမ်းစကားလော၊ ပလောင်စကားလော၊ တရုတ်စကားလောဆိုသည်ကိုမူ ကျွန်တော်စူးစမ်းရဦးမည်ဖြစ်သည်။

**တာကော်တံတားမှ စကားဝိုင်း**

ပြန်မည့်ရက် နံနက်စောစော တာကော်တံတားထိပ်တွင် ခိုလန်သို့နောက်ကြောင်းပြန်ရန် ကားစောင့်နေရင်းက သစ်တောဝန်ထမ်းများနှင့် စကားပြောရင်း လင်းတတွေကို မြင်ဖူးခြင်းရှိ မရှိ ကျွန်တော်မေးလိုက်သည်။

လင်းတပေါ်တယ် ဒီနယ်ဘက်မှာ၊ မနှစ်တုန်းက ဒီကိုအလာ၊ ကားလမ်းဘေးမှာ တစ်အုပ်ကြီး။ စီးလာတဲ့ မော်တော်ဆိုင်ကယ်နဲ့လိုက်တိုက်တာ ခုန်ဆွ၊ခုန်ဆွနဲ့ ပြေးကုန်တော့တာဘဲ၊ ပြေး –ပြေးပြီး အားယူပြီးမှ ပျံနိုင်တာလေဟု ကိုအေးမင်းအောင်ပြောလာသည်။

ဘယ်နေရာမှာလဲ၊

ခိုလန်မြို့၊ အရှေ့ဘက်အထွက်မှာ၊

မင်္ဂလာသတင်းတစ်ပုဒ်ကြားရသည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာပြည်၏ အလွန်အရေးပါသော ဇီဝမျိုးစုံတည်ရှိရာဒေသများ(Key Biodiversity of Myanmar) တွင်ပါရှိသည့် နမ့်ဆန်လျှိုမြောင်၊ ချိုင့်ဝှမ်း (Namsang Valley)အတွင်း ခိုလန်ပါဝင်နေခြင်းကြောင့်ဖြစ်သည်။ ခိုလန်တွင် ခရီးတစ်ထောက်နားကာ လင်းတ လေ့လာရပေဦးတော့မည်။

လေယာဉ်ပျံလိုအရှိန်ယူပြီး ကောင်းကင်ကိုပျံရတာ၊ ဆင်းမယ်ဆိုရင်လည်း မြေပြင်မှာ အရှိန်သတ်ဆင်းရသလို လုပ်ရသေးတာ၊

ဟုတ်တယ်၊ ဟုတ်တယ်၊

သူတို့စားဖို့ အစာပေါ်လို့ လင်းတတွေပေါ်နေတာလား။ မကြာခဏသေတဲ့ ကျွဲတွေ၊ နွားတွေရှိနေပါတယ်။ မိုးဦးကျမှာအသေများပါတယ်၊ ခွာနာ၊ လျှာနာကြောင့်ဖြစ်မယ်၊ အသေကောင်ရှိရင် သူတို့ရောက်လာကြတယ်။ သူတို့ဘယ်လိုများသိကြလဲ၊ အပုပ်နံ့ကြောင့်လားမသိဘူးနော်၊ အဝေးမှမြင်ရလောက်အောင်ပင် အမြင်အားကောင်းသလားနော်။ ကျွန်တော့်အမေးကြောင့် ခေတ္တတိတ်ဆိတ်သွားတယ်။

လင်းတရဲ့ဆရာက ကျီးကန်းတွေလို့ ပြောရမယ်ထင်တယ်။ စကားဝိုင်းထဲသို့ဝင်ပြောလာသူမှာ အခြားဌာနကဖြစ်သည်။

အသေကောင်ကို စတွေ့တာက ကျီးကန်းတွေပါ။ ကျီးအုပ်တွေက လူတွေနဲ့အနီးဆုံးရှိနေကြတာ၊ ကျီးကန်းတွေအုပ်စုလိုက် အော်လိုက်ဟစ်လိုက် တရုံးရုံးစားနေတာကို ကောင်းကင်ကဝဲပြီး အောက်ကိုကြည့်နေတဲ့လင်းတကမြင်ပြီး၊ ကျီးအုပ်စုရှိရာဆင်းကာ၊ ဝင်လုစားတော့ အကောင်ငယ်တဲ့ ကျီးကန်းတွေဘေးဖယ်ပေးလိုက်ရတာပါဘဲ။ လင်းတတွေရဲ့လမ်းပြဆရာက ကျီးကန်းတွေ၊ဆက်ရက်တွေဖြစ်တယ်။ အကောင်တော်တော်ကြီးတဲ့ လင်းတတွေက ကျီးတွေ၊ ဆက်ရက်တွေရဲ့ အစာကိုလုစားတာ၊ စားခွက်လုတာ။ ကျီးတွေ စားခွက်ပျောက်၊ ခွက်ပျောက်ရော–– ဟား ဟား။

သူ၏ရှင်းပြချက်မှာ အလွန်မှတ်သားစရာကောင်းသည်။ စားခွက်ပျောက်ခြင်း၊ စားခွက်လုခြင်းတို့သည် နေရာတိုင်းမှာရှိနေသည်မဟုတ်လော။

အကောင်ကြီးဆို၊ တော်တော်ကြီးတာ။ အတောင်တစ်ဖက်က ၈ ပေ၊ ၉ ပေလောက်ရှိပြီး အချိန် ၆ ပိဿာ ၇ ပိဿာရှိဆိုဘဲ။

ဘာဖြစ်လို့ လင်းတတွေ မြင်ဖူးချင်ရတာလဲ၊

ဒီဒေသမှာလင်းတတွေရှိ၊ မရှိဆိုတာ ငှက်ပညာရှင်တွေကို ပြောပြဖို့အတွက်ပါ၊ ရှိခြင်း၊မရှိခြင်းဆိုတာက လည်းသုတေသနရလဒ်တစ်ခုပါဘဲ မဟုတ်လား––

လင်းတနှင့်ပတ်သက်၍ အကောင်းမမြင်သူတွေများသည်။ ခေတ်အဆက်ဆက်ကပင်။ ရုပ်အဆိုးတကာ့ထိပ်ခေါင်ဆိုပြီး ဝိသေသပြုခံရတဲ့ ငှက်ရုပ်ဆိုးကြီး။ လင်းတလောက်တော့ ငှက်တိုင်းလှတယ်ဆိုသော စကားဖြစ်သည်။ အပုပ်အသိုးစားတဲ့ထဲမှာ ကျွန်တော်တို့လူသားတွေက ထိပ်တန်း။ အသားပုပ်၊ အသီးပုပ်၊ အပုပ်စားတာခြင်း အတူတူ လင်းတတွေကို လက်ညှိုးထိုးနေတာ..

ဟုတ်လိုက်လေဗျာ၊ ငပိ၊ ငံပြာရည်၊ ငါးပတ်ပုပ်ပုပ် ငရုပ်စပ်စပ်...

စေတီ၊ဘုရား၊အိမ်ပေါ် လင်းတနားတာမပြောနဲ့ အိမ်နားတစ်ဝိုက် လင်းတနားတာ မနှစ်သက်ရုံမက အိမ်ခေါင်မိုးပေါ်က ဖြတ်ပျံသွားတာတောင်မကြိုက်၊ ကြမ္မာဂြိုဟ်

ဆိုးတွေ ဝင်လာတတ်တယ်ဆိုပြီး မောင်းထုတ်ကြတာ။ နောက်ဆုံးတိုတိုပြောရရင် သင်္ချိုင်းကလူသေမြေပုံပေါ် နားမယ်ဆိုရင်တောင် သေသူနဲ့ဆွေမျိုးမကင်းတဲ့ သူတွေက မကြိုက်ကြဘူး။

တကယ်တမ်းဆို ကျွန်တော်တို့ခေါင်းပေါ် ကောင်းကင်ကနေပြီး ကမ္ဘာအနှံ့ဖြတ်ပျံနေတဲ့ လင်းတတွေရှိနေတာဘဲ၊ ရှမ်းပြည်ဘက်ကတော့ လင်းတတွေကတော့ ဘယ်အချိန် ကမ္ဘာပတ်သလဲတော့မသိဘူး။ အမြဲဒီမှာတွေ့နေရသလိုပဲ၊ ကမ္ဘာပတ်တဲ့လင်းတကတော့ ဟိမဝန္တာ လင်းတတွေဖြစ်သတဲ့၊ အတောင်တစ်ဖက် ပျမ်းမျှ ၁၀ ပေလောက်ရှိ၊ အလေးချိန် ပိဿာ ၆၀ လောက်ရှိတယ် လို့ကြားဖူးတယ်။ အခုခိုလန်နဲ့ မိုင်းပြင်းဘက်မှာ တွေ့ရတဲ့ အကောင်က အဲဒီလောက်မရှိဘူး။

အဲဒါက လင်းတကျောဖြူနဲ့ လင်းတခေါင်းနီဖြစ်လိမ့်မယ်၊ ပျံရင်းအောက်ကို ပြုတ်ပြုတ်ကျလာတယ် ဆိုတဲ့ အကောင်တွေက ဟိမဝန္တာလင်းတတွေဖြစ်တယ်၊ ခေါင်းဖြူတယ်လို့သိရတယ်။ ကျနော်အနီးကပ်မြင်ဖူး။ ကိုင်ကြည့်ဖူးတယ်။ ၃ ကောင်တောင် မန္တလေးတိုင်း၊ ကျောက်ဆည် မြို့နယ်ဘက်ကျလာတဲ့အကောင်တွေကို မန္တလေး၊ ရတနာပုံ တိရစ္ဆာန်ဥယျာဉ်လာပို့လို့၊ အဲဒီကဝန်ထမ်းတွေ ဆေးကုပေးခဲ့ရတုန်းက အနီးကပ်မြင်ဖူးခဲ့တာ၊ ကိုင်ကြည့်ခဲ့ဖူးတယ်။ အခြားနေရာမှာလည်း ကျလာတယ်ဆိုတဲ့ သတင်းတွေ ဂျာနယ်တွေမှာဖတ်ရတယ်။

ရွှေတိဂုံဘုရားပေါ်နားတာ ဂျာနယ်တွေမှာ ဖတ်ရတယ်၊ ဟောကိန်းတွေလဲဖတ်ရတယ်၊ သုတေသီပြောပြတာက သူတို့ဟာကမ္ဘာပတ်လေစီးကြောင်းအတိုင်း ကမ္ဘာအနှံ့သွားနေတာ၊ စားကျက်ရှာရင်း၊ အစာရှာရင်းအုပ်စုလိုက်ပျံသန်းရင်း အစာအဟာရနဲ့ ကျန်းမာရေးတစ်ခုခုကြောင့် အောက်ကိုနားဖို့ဆင်းလာတယ်လို့ ပြောပါတယ်။ သူတို့ဟာမြင့်လဲမြင့်၊ အန္တရာယ်လည်းကင်းပြီး အဝေးကမြင်ရတဲ့ တောက်ပြောင်နေတဲ့ ရွှေတိဂုံစေတီရဲ့ ငှက်ပျောဖူးဘောဘက်ကို လာနားကြတော့တာ။ အမောဖြေ၊ ခဏအနားယူလာကြတာ။ သူတို့အဆိုက ဟိမဝန္တာလင်းတတွေလို့ သိရတယ်။ Himalayan Griffon; Gyps himalayensis လို့ခေါ်ပါတယ်။ ရွှေတိဂုံစေတီမှာ လင်းတ(၆)ကောင်တောင် လာနားခဲ့တယ်။ အတိတ်တွေ၊ နိမိတ်တွေကောက်လိုက်ကြတာတွေကို ဂျာနယ်တွေမှာ ဖတ်လိုက်ကြရတယ်မဟုတ်လား။ ဒါပေမယ့် တိုင်းပြည်ကြီးကျွမ်းထိုးမှောက်ခုံ မဖြစ်ခဲ့ပေါင်ဗျာ။ ရွှေတိဂုံမှာ လင်းတနားတဲ့ခုနှစ်က ၂၀၁၂ ဒီဇင်ဘာလ ဖြစ်ပါတယ်။

ထိုစဉ် မှန်လုံယာဉ်ငယ်တစ်စီး ကျွန်တော်တို့နှင့် မလှမ်းမကမ်းတွင် ရပ်လာသဖြင့် ကျွန်တော်တို့စကားဝိုင်းတိတ်ဆိတ်သွားရတော့သည်။ အားလုံးကိုခွဲခွာရန် အချိန်ကြရောက်ခဲ့ပြီဖြစ်သည်။ အဆိုပါကားနှင့်ပင် ခိုလန်သို့ ကျွန်တော်လိုက်ပါနိုင်ရန် ကိုအေးမင်း စီစဉ်ပေးလိုက်တော့သည်။ 'ခို'ဆိုသည်မှာတံတား၊ 'လံ'ဆိုသည်မှာအမဲရောင်၊အနက်ရောင်။ အမဲရောင်တံတားရှိရာ 'ခိုလန်'သို့ ကျွန်တော်နောက်ကြောင်းပြန်လှည့်ခဲ့တော့သည်။ ရည်ရွယ်ချက်မှာ လင်းတများကိုရှာဖွေရန်နှင့် ဓါတ်ပုံရိုက်ရန်ဖြစ်သည်။ တစ်ဖက်တစ်လမ်းမှနေပြီး လုပ်ဖော်ကိုင်ဖက်ငှက်ချစ်သူများကို သတင်းပေးနိုင်ဖို့ပင်ဖြစ်ပါသည်။ သံလွင်သို့မဟုတ် နမ့်ခေါင်၊ နမ့်ဆိုသည်မှာ'ရေ'၊ ခေါင်ဆိုသည်မှာ အဖြူရောင်၊ဖြူစင်ခြင်း။ စင်ကြယ်သော မြစ်သံလွင်မှ ခွဲခွာလိုက်ရတော့ပြီ။



လင်းတငှက်တစ်အုပ်အား ကန်စပ်မြက်ခင်းတောတွင် တွေ့ရစဉ်။



လင်းတငှက်တို့ဆက်လက်စားသုံးရန် ကျန်ရှိနေသော နွားအသေကောင် နှင့် စာရေးသူ

ဆက်လက်ဖော်ပြပေးပါမည်။

# ကမ္ဘာမြေပြန်လည်စိမ်းလန်းဖို့ သစ်တောသစ်ပင်ထိန်းသိမ်း စိုက်ပျိုးကြစို့





ဘီလီနေဝင်း၊ သုတေသနအရာရှိ၊ သစ်တောသုတေသနဌာန

မြန်မာနိုင်ငံသည် သစ်တောသယံဇာတများ ပေါများကြွယ်ဝသောနိုင်ငံဖြစ်ပြီး ယခုအချိန်အခါမှာတော့ ၎င်းသစ်တောသယံဇာတများကို နည်းလမ်းမှန်ကန်စွာ အသုံးချနိုင်ရေးမှာ လွန်စွာအရေးကြီးလာပြီး သစ်တောပြုန်းတီးမှုအဆင့်မှာလည်း မြန်မာနိုင်ငံအနေဖြင့် တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည့်အတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။

သစ်တောဦးစီးဌာနအနေဖြင့်လည်း သစ်တောများပြန်လည်ဖြစ်ထွန်းလာဖို့အတွက် နည်းလမ်းမျိုးစုံနဲ့ ဆောင်ရွက်လျက်ရှိပါသည်။ ဒါ့အပြင်နိုင်ငံတကာမှ အကူအညီများလည်း ရယူဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်းတွင် သစ်တောသုတေသနဌာနမှ သုတေသီဝန်ထမ်း(၆)ဦးတို့သည် ရှမ်းပြည်နယ် သစ်တောဦးစီးဌာနတို့မှ ဝန်ထမ်းများပူးပေါင်းပြီး စီမံကိန်းဧရိယာဖြစ်တဲ့ ပင်းတယမြို့နယ်မှာရှိတဲ့ ကျေးရွာ(၅)ရွာကို ကွင်းဆင်းလေ့လာရေး ဆောင်ရွက်ခဲ့ကြပါတယ်။

လေ့လာတွေ့ရှိချက်တွေကတော့ အင်မတန်စိတ်ဝင်စားစရာကောင်းပါတယ်။ ကျေးလက်နေပြည်သူတွေဟာ သစ်တောသစ်ပင်တွေကို ချစ်မြတ်နိုးတဲ့စိတ်နဲ့ မိမိတို့မှာရှိတဲ့ သစ်တောတွေကို အစုအဖွဲ့ပိုင်သစ်တောများအနေနဲ့ ထိန်းသိမ်းထားကြပါတယ်။ အဓိကရေထွက်တွေကို ထိန်းသိမ်းထားတဲ့အတွက် အစုအဖွဲ့ပိုင်သစ်တောများကို ထုတ်ယူသုံးစွဲမှုမရှိဘဲ လုံးဝကာကွယ်ထိန်းသိမ်းထားကြပါတယ်။ ရိုးရာယဉ်ကျေးမှုအနေနဲ့ သစ်တောတွေထိန်းသိမ်းထားကြသလို သစ်တောအတွင်းမှာနေထိုင်တဲ့ ဒေါင်းစိမ်းငှက်များကိုလည်းထိန်းသိမ်းထားကြပါတယ်။ ဒေါင်းများကိုလည်း ပစ်ခတ်ဖမ်းဆီးခြင်း မပြုတာကိုလည်း ကြားသိခဲ့ရလို့ မေးမြန်းကြည့်တဲ့အခါမှာတော့ ဒေါင်းကိုသတ်မိရင် သတ်သူလည်း မကြာခင် သေဆုံးကြကြောင်း၊ အနာတရဖြစ်စေရင် ထိုသူလည်း စီးပွားပျက်ခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ကြောင်း ဒါကြောင့်ပစ်ခတ်ခြင်းမပြုလုပ်ကြကြောင်း သိခဲ့ရပါတယ်။

အစုအဖွဲ့ပိုင်သစ်တောများကို ထုတ်ယူသုံးစွဲမှုမရှိဘဲ လုံးဝကာကွယ်ထိန်းသိမ်းထားကြတဲ့အတွက် ထင်းအနေနဲ့ ဘယ်ကနေရသလဲ မေးမြန်းကြည့်တဲ့အခါမှာတော့



ပင်းတယမြို့နယ်အတွင်းမှာရှိတဲ့ အစုအဖွဲ့ပိုင်တော



ထင်းအသုံးပြုရန် ယာခင်းအစပ်များတွင် စိုက်ထားသောအပင်များ



ထိန်းသိမ်းထားသောတော

မိမိတို့ယာခင်းအစပ်တွေမှာ ပင်စိမ်းပင်များစိုက်ပျိုးထားကြောင်း၊ ပင်စိမ်းပင်များကို ထင်းအဖြစ်သုံးစွဲကြကြောင်း၊ ခုတ်ယူတဲ့အခါမှာလည်း အတက်ပြန်ထွက်လာနိုင်အောင် (၈)ပေအထက်မှသာ ခုတ်ယူကြောင်းနဲ့ ပင်စိမ်းပင်တစ်ပင်လျှင် လှည်း(၅)စည်းတိုက် ခန့်ရရှိတယ်လို့လည်းဆိုပါတယ်။

ဒါ့အပြင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်းမှာဘဲ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်အတွင်းမှာရှိတဲ့ ပေါင်းလောင်းကြိုးဝိုင်းအတွင်း ထပ်မံကွင်းဆင်း လေ့လာခွင့်ရရှိခဲ့ပါတယ်။ အဲဒီခရီးစဉ်မှာလည်း စိတ်ဝင်စားစရာတွေ့ရပြန်ပါတယ်။ အထက်ပေါင်းလောင်းဆည် တည်ဆောက်တဲ့အတွက် ရေဝပ်ဧရိယာထဲပါတဲ့ ရွာတွေဟာ ရေဝပ်ဧရိယာနဲ့လွတ်တဲ့နေရာတွေမှာ ပြန်လည်တည်ဆောက်ကြပါတယ်။ ရွှေ့ပြောင်းလာတဲ့ ရွာသားများအားလုံးဟာ တောင်ယာခုတ်တဲ့ အလုပ်ဘဲလုပ်ကိုင် ကြပါတယ်။ အဲဒီအထဲကရွာတစ်ရွာမှာ ဘုန်းကြီးတစ်ပါးက သစ်တောတွေကို ဧက(၃၅၀)နီးပါးခန့်ထိန်းသိမ်းထားပြီး ရွာသားတွေကိုလည်း သစ်၊ထင်းနဲ့တောတိရိစ္ဆာန်တွေ ဖမ်းဆီးခြင်းမပြုတဲ့အပြင် တောင်ယာလည်းခုတ်ခွင့်မပြုတဲ့အတွက် အနီးနားတောတွေ အကုန်နီးပါးတောင်ယာကွက်တွေနဲ့ အနာတရဖြစ်နေချိန်မှာ ထိန်းသိမ်းထားတဲ့ သစ်တောကအလွန်ကောင်းနေတာတွေ့ရပါတယ်။ ဥတုရာသီတောကိုမှီ၏လို့ ဆိုရိုးစကားရှိတဲ့အတိုင်း သစ်တောသစ်ပင်တွေကို မိမိတို့အသိနဲ့ထိန်းသိမ်းဖို့ အလွန်အရေးကြီးတဲ့အချိန် ရောက်နေပါပြီ။ သစ်တောဦးစီးဌာနအနေနဲ့လည်း သစ်တောတွေပြန်လည် စိမ်းလန်းစိုပြည်လာဖို့အတွက် အားသွန်ခွန်စိုက်ကြိုးပမ်းနေသလို ကျေးလက်နေပြည်သူများဟာလည်း အင်တိုက်အားတိုက်ပါဝင်လာဖို့ လိုအပ်လာပါတယ်။

အဲဒီခရီးတွေကနေအပြန်မှာ လူရွှင်တော်တွေပျက်လုံးပျက်တဲ့ ကောက်စိုက်တဲ့နေရာမှာ တွံ့တေးသိန်းတန် တေးသွားအစား ရော့ခ်(Rock)တေးသွားနဲ့ ကောက်စိုက်တာမြန်မြန်ပြီးနိုင်သလို ကျွန်တော်တို့သစ်တောတွေပြန်လည် စိမ်းလန်းစိုပြည်အောင် ဆောင်ရွက်တဲ့နေရာမှာ Rap သီချင်းလေးဖွင့်ပြီး Rap တေးသွားလေးနဲ့စိုက်ရင် တောတောင်တွေ အချိန်တိုအတွင်းမှာ ပြန်လည်စိမ်းလန်းစိုပြည်လာနိုင်မလားဆိုတဲ့ အတွေးလေးတစ်ခုဝင်လာမိကြောင်း တင်ပြလိုက်ရပါသည်။

## စည်းကမ်းဥပဒေလိုက်နာလို့ တောတောင်ရေမြေထိန်းကြစို့

ကိုယ့်အိမ်မှစ
သူ့အိမ်အဆုံး
သစ်စထင်းတို
မီးသွေးကိုလေ
ဘယ်လိုသုံးနေ
စဉ်းစားသေချာ
အမြော်ရာကြည့်
မှန်စွာသိမယ် သူငယ်ချင်း။

ဟိုတစ်ချိန်က
ဘိုးဘွားအမွေ
များလှပေမှ
လှသုံမပေါ်

ဒို့သစ်တောတွေ
ဝပြောဝေစည်
ရှိခဲ့ပေသည် မလွဲပြီ။

ယခုချိန်ကား
ဒို့ပြည်သားများ
တိုးပွားလာကာ
နီးရာတောဖဲ့
စည်းမဲ့ကြလျက်
လက်ရှိသစ်ပင်
မထိန်းချင်ပဲ
စိုက်ချင်သူရှား
ဖြုန်းသူများခဲ့ တောပဲ့ရှဲ့။

သင် - - -
သစ်တောသစ်ပင်
ချစ်ခင်တဲ့သူ
ဖြစ်ခဲ့မူလေ
ဥပဒေလေးစား
စည်းကမ်းထားလို့
ဒို့များဝန်းကျင်
မြသစ်ပင်တွေ
မြရှင်စေအောင်
စွမ်းဆောင်စိုက်လို့
"ဒို့"- -တောတောင်ရေမြေထိန်းကြစို့။

မုံရွာချစ်သန်းထွန်း(ဘဝ-သစ်ပင်)
မင်းကင်း-သစ်တော

တိုတိုထွာထွာ မှတ်စုရာ - ၁၃

# ၂၀၁၇ခုနှစ်၊ မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းကို လေ့လာခြင်း

တက္ကသိုလ်ဆရာတစ်ဦး

၂၀၁၇ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်သူ့အင်အားဦးစီးဌာနက ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ(၂)နေ့က ထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၄ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူဦးရေကို အခြေခံ၍ ခန့်မှန်းတွက်ချက်မှုများအရ–၂၀၁၇ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့တွင်ရှိသော မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၃,၃၈၇,၉၄၈ (၅၃ ဒသမ ၃၈သန်းခန့်)ဖြစ်ကြောင်း သိရှိရပါသည်။

ဤတွင် စာရေးသူအနေဖြင့် ၂၀၁၄ခုနှစ်၊ သန်းခေါင်စာရင်းအရရှိခဲ့သော လူဦးရေ ၅၁,၄၁၉,၄၂၀ပေါ်တွင် အခြေခံလျက် တစ်နှစ်လူဦးရေနှုန်း(Annual Population Growth Rate)ကို တွက်ချက်ကြည့်ရန် စိတ်ကူးပေါ်ခဲ့ပါသည်။ စာရေးသူတို့ (၇)တန်း၊(၈)တန်းက သင်္ချာဘာသာရပ်တွင် သင်ကြားခဲ့ရသော''နှစ်ထပ်တိုး'' ပုံသေနည်းဖြင့် တွက်ချက်ပါက တစ်နှစ်လူဦးရေတိုးနှုန်း(ရာခိုင်နှုန်း)ကို လွယ်ကူစွာရရှိနိုင်ပါသည်။

ယင်းပုံသေနည်းမှာ–

$$\text{တိုးရင်းပေါင်း} = \text{အရင်း} \left(၁ + \frac{\text{အတိုးနှုန်း}}{၁၀၀}\right)^{\text{အချိန်}} \quad \ldots\ldots (၁)\text{ဖြစ်ပါသည်။}$$

ယခု ၂၀၁၇ခုနှစ် အောက်တိုဘာလ(၁)ရက်နေ့တွင်ရှိသည့် လူဦးရေသည် တိုးရင်းပေါင်းဖြစ်ပြီး ၂၀၁၄ခုနှစ်၊ သန်းခေါင်စာရင်း ရည်ညွှန်းချိန်ဖြစ်သည့် ၂၀၁၄ခုနှစ်၊ မတ်လ(၂၉)ရက်နေ့ ညဥ့်သန်းခေါင်းယံတွင်ရှိခဲ့သော လူဦးရေသည် ''အရင်း''ဖြစ်ပါသည်။ ''အချိန်''သည် ၂၀၁၄ခုနှစ်၊ မတ်လ(၂၉)ရက်နေ့မှ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့ ၃နှစ်နှင့်၆လ (အကြမ်းဖျင်း)ရှိသည်။ ထို့ကြောင့် ညီမျှခြင်း(၁)အရ–

$$၅၃,၃၈၇,၉၄၈ = ၅၁,၄၁၉,၄၂၀ \left(၁ + \frac{\text{အတိုးနှုန်း}}{၁၀၀}\right)^{၃.၅}$$

$$\left(၁ + \frac{\text{အတိုးနှုန်း}}{၁၀၀}\right)^{၃.၅} = \frac{၅၃,၃၈၇,၉၄၈}{၅၁,၄၁၉,၄၂၀}$$

$$၁ + \frac{\text{အတိုးနှုန်း}}{၁၀၀} = \sqrt[၃.၅]{၁.၀၃၈၂၈၃၇}$$

$$၁ + \frac{\text{အတိုးနှုန်း}}{၁၀၀} = ၁.၀၁၀၇၇$$

$$\text{အတိုးနှုန်း} = ၁.၀၇၇\ \%$$

ထို့ကြောင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၉ ရက်မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ကာလ အတွင်း ရှိသော ပျမ်းမျှတစ်နှစ်လူဦးရေတိုးနှုန်းသည် ၁.၀၇၇ ရာခိုင်နှုန်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၈၃ ခုနှစ်က သန်းခေါင်စာရင်းကောက်ယူခဲ့ပြီးသည့် နောက်ပိုင်းတွင် (၁၀)နှစ်တစ်ကြိမ် ကောက်ယူရန်ဖြစ်သော်လည်း မကောက်ယူနိုင်တော့ဘဲ ၂၀၁၄ ခုနှစ်ကျမှသာ ကောက်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ကြားကာလများက နှစ်စဉ်လူဦးရေစာရင်းကို ခန့်မှန်းတွက်ချက်ခဲ့ရာ – ခန့်မှန်းတစ်နှစ်လူဦးရေတိုးနှုန်းများသည် နှစ်အလိုက်ပြောင်းလဲမှုများရှိခဲ့ရာ – ၂၀၁၀ – ၂၀၁၁ ခုနှစ်က ၁ ဒသမ ၁ ရာခိုင်နှုန်းဖြင့်အနည်းဆုံးဖြစ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်ကာလအတွင်းက ၂ ဒသမ ၀၂ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ခဲ့သည်။

၎င်းပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက်ရှိသော လူဦးရေနှင့် ကျားမပါဝင်မှုအချိုးများကို စိတ်ဝင်စားသ

ဖြင့် ဆက်လက်လေ့လာခဲ့ပါသည်။ ဇယား(၁)တွင် ဖော်ပြထားသော ကိန်းဂဏန်းများအရ –ရန်ကုန်တိုင်းဒေသကြီးသည် လူဦးရေ ၇ ဒသမ ၉၃ သန်းကျော်ဖြင့် လူဦးရေအများဆုံးဒေသဖြစ်ပြီး ကယားပြည်နယ်သည် လူဦးရေ ၃ ဒသမ ၁ သိန်း ကျော်သာရှိသဖြင့် လူဦးရေအနည်းဆုံးဒေသဖြစ်သည်။

ကျားမပါဝင်မှုအချိုးတွင် တစ်နိုင်ငံလုံးအနေဖြင့် ယောက်ျားဦးရေ ၁၀၀ တွင် မိန်းမဦးရေ ၁၀၈ ဦးရှိနေကြောင်းတွေ့ရှိရသည်။ ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအရ လူဦးရေ ၅၁,၄၁၉,၄၂၀ တွင် ယောက်ျား ၂၄,၈၂၁,၁၇၆ ဦးနှင့် မိန်းမ ၂၆,၅၉၈,၂၄၄ ဦးရှိခဲ့သဖြင့် ယောက်ျားဦးရေ ၁၀၀ လျှင် မိန်းမ ၁၀၇ ဦးရှိခဲ့သည်။ သုံးနှစ်ခွဲအတွင်း မိန်းမဦးရေ တိုးနှုန်းပိုများလာခြင်းဖြစ်သည်။ ကယားပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် မိန်းမဦးရေက ယောက်ျားဦးရေ ထက်နည်းနေကြောင်း တွေ့ရှိရပါသည်။ အခြားတိုင်းဒေသကြီး/ ပြည်နယ်များနှင့် မတူဘဲတစ်မူကွဲပြားနေခြင်းမှာ စိတ်ဝင်စားဖွယ် ဖြစ်နေပါသည်။ ကယားပြည်နယ်တွင် ယောက်ျားဦးရေ ၁၀၀ လျှင်မိန်းမ ၆၁ ဦးသာရှိပြီး ကချင်ပြည်နယ်တွင် ယောက်ျားဦးရေ ၁၀၀ လျှင် မိန်းမဦးရေ ၉၂ ဦးရှိသည်။ မကွေးတိုင်းဒေသကြီးတွင်မူ ယောက်ျားဦးရေ ၁၀၀ လျှင် မိန်းမဦးရေ ၁၁၇ ဦးအထိရှိနေသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကြည့်လျှင် မိန်းမဦးရေက ယောက်ျားဦးရေထက် နှစ်သန်းကျော် (၂,၀၉၂,၂၅၄ ဦး)များနေရခြင်းသည် မိန်းကလေးမွေးဖွားနှုန်းက ယောက်ျားလေးမွေးဖွားနှုန်းထက် ပို၍များခြင်းကြောင့် ဖြစ်နိုင်သကဲ့သို့ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်သူများတွင်လည်း ယောက်ျားဦးရေက မိန်းမဦးရေထက်ပို၍ များနေခြင်းကြောင့်လည်းဖြစ်နိုင်ပါသည်။

**တိုင်းဒေသကြီး/ပြည်နယ်အလိုက်ရှိသည့် လူဦးရေနှင့် ကျားမဦးရေ**

| တိုင်းဒေသကြီး/ ပြည်နယ် | လူဦးရေပေါင်း | (ကျား) ဦးရေပေါင်း | (မ) ဦးရေပေါင်း | (ကျား) ဦးရေ ၁၀၀ လျှင် ရှိသည့် (မ) ဦးရေ |
|---|---|---|---|---|
| ကချင် | 1,829,849 | 951,238 | 878,611 | 92 |
| **ကယား** | **310,213** | **254,330** | **155,183** | **61** |
| ကရင် | 1,593,053 | 779,398 | 813,655 | 104 |
| ချင်း | 508,359 | 243,326 | 265,033 | 109 |
| စစ်ကိုင်း | 5,491,170 | 2,590,664 | 2,900,506 | 112 |
| တနင်္သာရီ | 1,459,953 | 724,536 | 735,417 | 102 |
| ပဲခူး | 4,918,821 | 2,336,464 | 2,582,357 | 111 |
| မကွေး | 3,941,239 | 1,814,230 | 2,127,009 | 117 |
| မန္တလေး | 6,389,391 | 3,021,814 | 3,367,577 | 111 |
| မွန် | 2,011,427 | 955,744 | 1,055,683 | 110 |
| ရခိုင် | 3,300,039 | 1,572,956 | 1,727,083 | 110 |
| **ရန်ကုန်** | **7,936,637** | **3,769,778** | **4,166,859** | **110** |
| ရှမ်း | 6,188,689 | 3,087,257 | 3,101,432 | 101 |
| ဧရာဝတီ | 6,271,070 | 3,045,040 | 3,226,030 | 106 |
| နေပြည်တော် | 1,238,038 | 601,072 | 636,966 | 106 |
| ပြည်ထောင်စု | 53,387,948 | 25647,847 | 27,740,101 | 108 |

# ဝါးမျိုးစိတ်များကို ကွင်းဆင်းလေ့လာခြင်းသုတေသန

ကြည်ကြည်နိုင်
သုတေသန
လက်ထောက်(၂)
သစ်အင်္ဂါဗေဒ
ဌာနစိတ်

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀%သည် ကျေးလက်နေ ဒေသခံပြည်သူများဖြစ်ပါသည်။ ဒေသခံများအတွက်လိုအပ်သော နေ့စဉ်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများနှင့် ဝင်ငွေများသည် သစ်တောအရင်းအမြစ်များဖြစ်သည့် သစ်နှင့်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများအပေါ်တွင် မှီတည်နေပါသည်။ အဆိုပါသစ်တောထွက်ပစ္စည်းများအနက်မှ ကျေးလက်နေ ဒေသခံပြည်သူများအတွက် အသုံးအဝင်ဆုံးနှင့် အသုံးပြုမှုအများဆုံးမှာ ဝါးဖြစ်ပါသည်။ ဒေသခံပြည်သူများသည် ထိုဝါးသယံဇာတများမှ နှစ်စဉ်ဝင်ငွေများစွာရရှိနေကြပါသည်။ ထိုသို့နှစ်စဉ် သစ်တောများအတွင်းမှ ဝါးများကိုထုတ်ယူအသုံးပြုခြင်းကြောင့် ဝါးသယံဇာတများ တဖြည်းဖြည်းလျော့နည်းလာခြင်းနှင့် မျိုးတုံးခြင်းများ ဖြစ်လာနိုင်ပါသည်။

ထိုသို့ ဝါးမှရရှိသည့် အကျိုးအမြတ်များနှင့် အကျိုးကျေးဇူးများကို သိရှိနိုင်ရန် ဂျပန်နိုင်ငံရှိ ဟီရိုရှီးမား၊ ဝါဆေးဒါးနှင့် ကျိုတိုတက္ကသိုလ်(၃)ခုမှ ပါမောက္ခများ၊ ကျောင်းသူကျောင်းသားများသည် ဒေသခံပြည်သူများ၏ အကျိုးအမြတ်ရရှိမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများအကြား ညီညွတ်မျှတမှုရှိစေသည့် စံနှင့်ညွှန်းကိန်းများလေ့လာသုံးသပ်ခြင်း သုတေသနတွေပြုလုပ်ဖို့ ၂၈-၂-၂၀၁၅ ရက်နေ့ကနေပြီး (၉-၃-၂၀၁၆)ရက်နေ့ အထိ(၃)ကြိမ် မြန်မာနိုင်ငံကိုလာရောက်ခဲ့ပါတယ်။ သုတေသနလုပ်ခဲ့တဲ့နေရာလေးကတော့ နေပြည်တော်တိုင်း၊ ဥတ္တရသီရိမြို့နယ်၊ မိုးစွေအုပ်စုအတွင်းမှာရှိပြီး ရေဆင်း၊ သစ်တောသုတေသနဌာနရဲ့ သုတေသနစခန်းနယ်မြေလေးလည်းဖြစ်တဲ့အပြင် သဘာဝတော၊ စိုက်ခင်းနဲ့ဝါးမျိုး စုံလင်လှတဲ့နေရာလေးလည်းဖြစ်ပါတယ်။

ကွင်းဆင်းဆောင်ရွက်ရာမှာ ကျွန်မတို့အဖွဲ့(၃)ဖွဲ့ခွဲပြီး လုပ်ဆောင်ခဲ့ပါတယ်။ ပထမအဖွဲ့ကတော့ ဟီရိုရှီးမားတက္ကသိုလ်အဖွဲ့ဖြစ်ပြီး၊ ဒုတိယအဖွဲ့ကတော့ ကျိုတိုတက္ကသိုလ်နဲ့ နောက်ဆုံးအဖွဲ့ကတော့ ဝါဆေးဒါးတို့ပဲဖြစ်ပါတယ်။ ဟီရိုရှီးမားအဖွဲ့ကတော့ Biomas နှင့်Biodiversity အတွက် Inventory ကောက်ပါတယ်။ ဒုတိယကျိုတိုအဖွဲ့ကတော့ မိုးစွေအုပ်စုထဲမှာရှိတဲ့ ကျေးရွာ(၇)ရွာကိုကွင်းဆင်းပြီး ဒေသခံတွေရဲ့တောအပေါ် မှီခိုမှုနဲ့လူမှုစစ်တမ်းကိုကောက်ယူပါတယ်။ ဝါဆေးဒါးအဖွဲ့ကတော့ ဝါးကိုအဓိကထားပြီး လေ့လာပါတယ်။

ကျွန်မကတော့ ဝါဆေးဒါးအဖွဲ့နှင့်လိုက်ပါဆောင်ရွက်ခဲ့ပါတယ်။ ကျွန်မနှင့်အတူ သစ်တောဘွဲ့ရ(၇)ဦးကိုတော့ ကားအကြိုအပို့စီစဉ်ပေးခဲ့ပါတယ်။ ကျွန်မတို့အဖွဲ့လည်း မနက်(၇)နာရီဆို ရေဆင်းကနေ ကားစထွက်ကြရပါတယ်။ သူတို့အဖွဲ့ကတော့ Hotal Zone မှာနေပါတယ်။ မနက်ဆိုရင် Hotel မှာအားလုံးစုံကြပြီး ကား(၃)စီးနှင့် မိုးစွေစခန်းကိုသွားကြပါတယ်။ စခန်းရောက်တာနဲ့ တောခေါင်းဦးကိုကိုနိုင်နှင့် နေ့စားကိုလုဝေတို့ကိုခေါ်ပြီး တစ်နေ့တာ လုပ်ရမဲ့အလုပ်တွေကို ပါမောက္ခအသီးသီးက စီစဉ်ကြပါတယ်။ ကျွန်မကတော့ အဖွဲ့ဝင်တွေအားလုံးကို အဖွဲ့အလိုက်ဆောင်ရွက်ဖို့လုပ်ငန်းတွေ ပြောပြပေးရပါတယ်။

ကျွန်မလိုက်ပါတဲ့ ဝါးဆေးဒါးအဖွဲ့ကတော့ ဝါးကိုအဓိကထားပြီးလေ့လာပါတယ်။ ပထမရက်မှာတော့ ကျွန်မတို့ဝါးအဖွဲ့က နိမသောင်ဘုရားတည်ရှိရာ လဲလူးအိုင်ရွာကို သွားရောက်ခဲ့ပါတယ်။ သစ်တောသုတေသနဌာနရဲ့ ဝါးသင်တန်းမှာ သင်ကြားပေးဖူးတဲ့ ဝါးသင်တန်းဆရာ ဦးမြင့်ကိုရဲ့အိမ်ကို ဦးစီးအရာရှိ ဦးအောင်စိုးရဲ့လမ်းညွှန်ချက်နှင့်သွားခဲ့ကြပါတယ်။ လဲလူးအိုင်ရွာကလေးက အိမ်ခြေ(၃၀၀)ကျော်ရှိပြီး တစ်ရွာလုံး ဆန်ကော၊ ဆန်ခါ၊ တောင်းစတဲ့ ဝါးအချောထည်လုပ်ငန်းကို မိရိုးဖလာအလုပ်အဖြစ် လုပ်ကိုင်ကြတာကိုလည်း ဦးမြင့်ကို၏ ပြောပြချက်အရ သိခဲ့ရပါတယ်။

သိလိုသည်များကို မေးမြန်းတဲ့အခါမှာတော့ သူတို့တစ်ရွာလုံးက ဝါးကို ကိုယ်တိုင်မခုတ်ကြပဲ ပျဉ်းမနားဝါးပွဲရုံကပဲ ဝယ်ကြပါတယ်။ ကြသောင်းဝါး(Bambusa polymorpha Munro)ကိုပဲ အများဆုံးယက်ကြပြီး တင်းဝါး(Cephalostachyum pergracile Munro) ကိုတော့ တုတ်နှီးအနေနှင့်သုံးကြပါတယ်။ အသုံးပြုဖို့ ဝါးကိုရွေးချယ်တဲ့အခါမှာ ဝါးရင့်ပြီးဖြောင့်တဲ့ အဆစ်ရှည်ဝါးကို ရွေးလေ့ရှိပါတယ်။ ကြသောင်းဝါးကြီးတစ်လုံးမှ ဆန်ကော၊ ဆန်ခါ(၂)ခုရပြီး တစ်ခုလျှင် တစ်နာရီခန့် ယက်ရပါတယ်တဲ့။ ဝါးတစ်လုံးကို(၆၀၀)ကျပ်နှင့်

ဝယ်ရပြီး ဆန်ကော၊ ဆန်ခါတစ်ချပ်ကိုတော့ (၆၀၀)ကျပ် ရောင်းရတယ်ပြောပါတယ်။ ပျဉ်းမနားမှ အဝယ်ဒိုင်က ရွာထိလာဝယ်ကြပါတယ်။ လွန်ခဲ့တဲ့အနှစ်(၂၀)နှင့် နှိုင်းယှဉ်ရင် နှီးကိုင်ရတာ အကြောတွေမလာတယ်။ ဒါကြောင့် Quality ညံ့လာတယ်တဲ့။ သိချင်တာလေးတွေမေးပြီး ကျွန်မတို့အဖွဲ့လည်း ဦးမြင့်ကိုနှင့်အတူ သူတို့ဝယ်တဲ့ ဝါးဆိုင်တွေ ဆန်ကော၊ ဆန်ခါဆိုင်တွေကို ထပ်ပြီးမေးမြန်းကြပါတယ်။ နီမသောင်ဘုရားရဲ့အရိပ်မှာပဲ တစ်နေ့တာ ပြီးဆုံးခဲ့ပါတယ်။

နောက်တစ်ရက်မှာတော့ ကျွန်မတို့အဖွဲ့လည်း မိုးစွေကျေးရွာအုပ်စုအတွင်းရှိ ညောင်ပင်ပိုင်းရွာနားမှာရှိတဲ့ ဝါးတောတွေကို အချင်းဝက်(၁၀)မီတာ ပတ်လည်အကွက် ရိုက်ပြီး တိုင်းတာခဲ့ပါတယ်။ တောကိုအမှီပြုပြီး တောင်ယာလုပ်စားနေတဲ့ တောင်သူဦးဖော်ထွန်းနှင့်အတူ ဆောင်ရွက်ခဲ့ပါတယ်။ ဝါးခုတ်၊ မျှစ်ချိုးများတဲ့နေရာကို ကျွန်မတို့အဖွဲ့ ဆောင်ရွက်ခဲ့ကြရာမှာ တင်းဝါး(*Cephalostachyum pergracile* Munro)ကိုအများစုတွေ့ရပါတယ်။ အဲဒီနေရာမှာ ကြသောင်းဝါး(*Bambusa polymorpha* Munro) ကိုတော့ အနည်းငယ်သာတွေ့ရပါတယ်။ Inventory တိုင်းတဲ့ နေရာတိုင်းမှာတော့ အချင်းဝက်(၁၀)မီတာပတ်လည် စက်ဝိုင်းပုံအကွက်ချ၊ အပင်မျိုးစိတ်ခွဲ၊ လုံးပတ်တိုင်း၊ အမြင့်တိုင်း၊ ခုတ်ပြီးဝါးနှင့် ရှင်နေတဲ့ဝါးကို ရေတွက်စတဲ့ အလုပ်တွေ လုပ်ရပါတယ်။ ဝါးရဲ့လုံးပတ်ကိုတော့ အရေအတွက်ရဲ့ သုံးပုံတစ်ပုံကိုပဲတိုင်းပါတယ်။ လေ့လာမှုအရ ဝါးကို အောက်ခြေကမခုတ်ခြင်း၊ မျှစ်အလွန်အကျွံချိုးခြင်း၊ နေရာတစ်ခုတည်းကိုပဲ နှစ်စဉ်သုံးစွဲခြင်းတွေကြောင့် ဝါးတောတွေ ဆုတ်ယုတ်လာတာကို မြင်တွေ့ရပါတယ်။

နောက်တစ်နေ့မှာတော့ ကျွန်မတို့အဖွဲ့လည်းမိုးစွေအုပ်စုအတွင်းမှာရှိတဲ့ ညောင်ပင်ပိုင်းရွာရဲ့ အုပ်ချုပ်ရေးမှူးအိမ်ကိုသွားခဲ့ကြပါတယ်။ အုပ်ချုပ်ရေးမှူးနဲ့အတူ တောကိုအမှီပြုပြီး တောင်ယာလုပ်ကိုင်စားသောက်နေတဲ့တောင်သူဦးကြီး(၆)ယောက်ကို ရွေးချယ်ခဲ့ပါတယ်။ တစ်ရက်ကို တောင်သူ(၂)ဦးနှုန်းနှင့် သိလိုတာတွေကို မေးမြန်းဆောင်ရွက်ခဲ့ပါတယ်။ တောင်သူတွေကို ပထမဆုံးအုပ်ချုပ်ရေးမှူးအိမ်မှာ ဝါးနဲ့ပတ်သက်ပြီး မေးမြန်းခြင်း၊ ဝါးခုတ်တဲ့နေရာတွေကို မြေပုံကြမ်းဆွဲခြင်းတွေ ပြုလုပ်ခဲ့ပါတယ်။ နောက်ပြီး အဲဒီနေရာမှာ Plot ချပြီး ထုံးစံအတိုင်း ဆက် လုပ်ခဲ့ကြတယ်။ အဲဒီတစ်ဝိုက်မှာတော့ မျှင်ဝါး (*dendrocalamus strictus* (Roxb.) Nees၊ တင်းဝါး (*Cephalostachyum pergracile* Munro) နှင့် ကြသောင်းဝါး(*Bambusa polymorpha* Munro)တွေပဲ တွေ့ခဲ့ရပါတယ်။ နောက်ပြီး အဲဒီတစ်ရွာလုံးက ဝါးကိုအိမ်သုံးအနေနှင့်ပဲသုံးကြပြီး အရောင်းအဝယ်မလုပ်ကြတာကိုလည်း သိခဲ့ရပါတယ်။ သူတို့အားလုံးမှာ မြေယာပိုင်ဆိုင်မှု မရှိကြပါဘူး။ လက်ရှိလုပ်စားနေတဲ့မြေကို ပိုင်ဆိုင်မှုလေးတွေရချင်ကြောင်းလည်း ပြောကြပါတယ်။

နောက်ရက်မှာတော့ ဝါးပညာရှင် သုတေသနအရာရှိ ဦးအောင်ဇော်မိုးနှင့်တွေ့ဆုံပြီး ဝါးနှင့်ပတ်သက်တဲ့ သိလိုသည်များကို ဆွေးနွေးကြပါတယ်။ ဝါးနှင့်ပတ်သက်တဲ့ အသိပညာပေးမှုတွေ လိုအပ်တဲ့အကြောင်း၊ ဝါးကိုအောက်ခြေမှခုတ်လျှင် မျိုးထပ်ပွားနိုင်ကြောင်း၊ မျှစ်ကိုစနစ်တကျခုတ်ယူသင့်ကြောင်း စတဲ့အသိပညာတွေလည်းပေးခဲ့ပါတယ်။ အဲဒီနေ့က ကျွန်မတို့အဖွဲ့လည်း ပျဉ်းမနားအဝင်နားက ဝါးကုန်သည်တွေစီ ဆက်သွားကြပါတယ်။

မြန်မာလူမျိုးတို့ရဲ့ဓလေ့အရ ညှိဝတ်ပျူငှါမှုတွေကလည်း နေရာတိုင်းပါပဲ။ သူတို့ရဲ့မေးခွန်းတွေကတော့ လွန်ခဲ့တဲ့နှစ်(၂၀)ကာလနဲ့ အခုလက်ရှိကာလ ဝါးအရည်အသွေး၊ ရောင်းအား၊ ဝယ်ဈေး၊ ရောင်းဈေး၊ သုံးစွဲသူအမျိုးအစား စတာတွေကို မေးမြန်းကြပါတယ်။ ဒေသခံအားလုံးကလည်း စိတ်ရှည်ရှည်နှင့်ဖြေကြားပေးကြပါတယ်။ နောက်ပြီးကျွန်မတို့အဖွဲ့လည်း အဲဒီပွဲရုံကိုလာပို့တဲ့ ပွဲစားတွေဆီရောက်သွားကြပါတယ်။ သူတို့ကတော့ မိုးစွေ၊ မရမ်းခုန်၊ လဲဝန်းနယ် တစ်ဝိုက်ကပါ။ မေးခွန်းကတော့ဒီအတိုင်းပါပဲ။ ဒီပွဲစားတွေကတော့ အိမ်မှာအဝယ်ရှိသလို တောမှာလည်း ခုတ်သားနေ့စားတွေနှင့် စုဆောင်းကြရတယ်လို့ပြောပါတယ်။ စုဆောင်းရရှိတဲ့ဝါးကိုတော့ ကားနှင့်ပျဉ်းမနားကို ပို့ပါတယ်။ အဲဒီလိုပို့တဲ့အခါမှာ သက်ဆိုင်ရာဘိနယ်တွေကို ပေးဆောင်ရတဲ့အခွန်ကိုလည်း ဘိနယ်ဝန်ထမ်းများအား မေးမြန်းမှုများ ပြုလုပ်ခဲ့ပါတယ်။ ခုတ်ယူတဲ့တောကိုလဲ မြေပုံကြမ်းတွေဆွဲကြပါတယ်။ အဲဒါပြီးတော့ ဝါးလှည်းနှင့်ရောင်းတဲ့သူတွေနှင့် ခုတ်သား နေ့စားတွေဆီသွားကြပါတယ်။ အဓိက သူတို့ရဲ့ရောင်းဈေး၊ ဝါးနှင့်ပတ်သက်တဲ့ တစ်ရက်ဝင်ငွေ၊ တစ်လဝင်ငွေပေါ့။ နေ့စားလုပ်သားတွေ တောထဲရောင်းတဲ့ ဝါးဈေးက ကြသောင်းဝါးကြီးတစ်လုံးကို (၂၀၀)ကျပ်ဖြစ်ပြီး နောက်ဆုံးပွဲရုံရောက်တော့ (၆၀၀ – ၇၀၀)ကျပ် ဖြစ်သွားတယ်။ အဆင့်ဆင့်ရောင်း/ဝယ် ဈေးလေးတွေကို အောက်တွင်ဖော်ပြထားတာပါ။

**ဝါးအရောင်းအဝယ် ဈေးနှုန်းပြဇယား**

| အရွယ်အစား | ခုတ်သား/ရောင်း | | ပွဲစား | | ပွဲရုံ | |
|---|---|---|---|---|---|---|
| | ဝါးတော | ပွဲစား | ဝယ် | ရောင်း | ဝယ် | ရောင်း |
| အသေး | ၄၀ | ၇၀ | ၇၀ | ၁၀၀ | ၁၀၀ | ၁၅၀-၂၀၀ |
| အလတ် | ၁၀၀ | ၁၃၀ | ၁၃၀ | ၁၈၀ | ၁၈၀ | ၂၈၀-၃၀၀ |
| အကြီး | ၂၀၀ | ၃၅၀ | ၃၅၀ | ၄၅၀ | ၄၅၀ | ၆၀၀-၇၀၀ |

ဒေသခံတွေရဲ့ပြောပြချက်အရ အရင်ကဝါးတောကြီးက အရမ်းကိုထူထပ်တာကိုသိခဲ့ရတယ်။ လူဦးရေတိုးတက်လာတာရယ်၊ နေပြည်တော်ရေးယာချဲ့တာရယ်၊ စနစ်တကျခုတ်ချိုးမှု မရှိတာတွေကြောင့် ဆုတ်ယုတ်မှုတွေဖြစ်သွားရတာကိုသိခဲ့ရတာမို့ ကျွန်မတို့နိုင်ငံရဲ့ ဝါးသယံဇာတဖွံ့ဖြိုးတိုးတက်ဖို့ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းတွေကို တွေးတောရင်း မိုးစွေစခန်းကနေ ပြန်လာခဲ့ပါတော့တယ်။

## ခရီးစဉ်မှတ်တမ်းဓါတ်ပုံများ



ဝါးနှင့်ပတ်သက်၍ လေ့လာသင်ယူနေပုံ



ဝါးထွက်ပစ္စည်းပြုလုပ်ပုံအား လေ့လာပုံ



ဝါးများအား လုံးပတ်၊ အမြင့်တိုင်းနေပုံ



ဝါးခုတ်သည့်တောများအား မေးမြန်းဆွေးနွေးနေပုံ



ဝါးပွဲရုံတွင် မေးမြန်းခြင်းများပြုလုပ်နေပုံ



တောတွင်း၌ ဝါးဝယ်နေပုံ



ဖြတ်သန်းလာရသောခရီးစဉ်

# မြင်းစာမြက်



**ယွန်းမိမိကျော်၊ သုတေသနလက်ထောက်-၃၊ သစ်တောသုတေသနဌာန**

မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲများပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံအဖြစ် ထင်ရှားလျက်ရှိပါသည်။ ထို့အပြင် ဆေးဖက်ဝင်အပင်များလည်း ပေါကြွယ်ဝသောနိုင်ငံလည်းဖြစ်ပါသည်။ နွယ်မြက်သစ်ပင်တိုင်းသည် ဆေးဖက်ဝင်ပါသည်။ ထိုအထဲတွင် မြက်မျိုးရင်းများသည်လည်း ဆေးဖက်ဝင်သော အပင်များအဖြစ်ပါဝင်လျက်ရှိပါသည်။ သို့ရာတွင် သိသူမှာ နည်းပါးလှသည့်အပြင် လူအများကမြက်ဆိုလျှင် ရိတ်သိမ်းခြင်း၊ အမှိုက်တစ်ခုအဖြစ် သတ်မှတ်ခြင်းမှာ ဆိုးရွားလှပါသည်။ မြန်မာနိုင်ငံတွင်မှ မြက်မျိုးစိတ်ပေါင်း (၆၂၅)မျိုးခန့်ရှိပါသည်။ထို့ကြောင့် မြက်သည်လည်းအလွန်အဖိုးတန်သော ဆေးပင်ဖြစ်ကြောင်း လေ့လာတင်ပြအပ်ပါသည်။

မြင်းစာမြက်သည် Poaceae မြက်မျိုးရင်းတွင် တစ်ခုအပါအဝင်ဖြစ်ပြီး လျင်မြန်စွာကြီးထွားတတ်သော နှစ်ရှည်ခံမြက်တစ်မျိုးဖြစ်ပါသည်။ မြင်းစာမြက်(သို့)မြေစာမြက်ဟုလည်းခေါ်ဆိုကြပါသည်။ လမ်းဘေးတစ်လျှောက် ပေါ်များစွာ တွေ့ရတတ်ပါသည်။ မြင်းစာမြက်ပင်သည် မြေလျှောက်အပင်မျိုးဖြစ်ပါသည်။ မြေမျက်နှာပြင်ပေါ်တွင် သိပ်သည်းစွာ ပေါက်ရောက်တတ်ပြီး အမြစ်မွေးများသည် ၂၀ မီတာခန့်ရှည်လျားပါသည်။ အရွက်သည်ပုံစံမျိုးစုံရှိ၍ ၂.၅ မှ ၂၀ စင်တီမီတာခန့်အရှည်ရှိကာ ၀.၅-၁ စင်တီမီတာအကျယ်ရှိပါသည်။ အရွက်မှာရွက်ပြားပုံသဏ္ဍာန်ရှိပြီး အချို့အရွက်မှာ အလိမ်ပုံရှိ၍ ထိပ်ပိုင်းတွင် ကျဉ်းမြောင်းသွားပါသည်။ ၎င်းကို နေရာအနှံ့အပြားတွင် ကျယ်ပြန့်စွာတွေ့ရတတ်ပါသည်။ ပန်းပွင့်ပုံမှာအလွန်လှပပြီး ရိုးတံ၏ထိပ်ဖျားတွင် မိုးရှူးပန်းပုံကဲ့သို့ ထိပ်တွင်ဖြာထွက်သွားပါသည်။ ပန်းပွင့်လေးများ၏အရောင်မှာအစိမ်းရောင် (သို့) ခရမ်းရောင်ရှိပါသည်။ အသီးနှံလေးများသည် သေးငယ်ပြီးမီးခိုးရောင်ရှိပါသည်။ ဆောင်းရာသီအခါတွင် ရင့်မှည့်လာပြီး အညိုရောင်သို့ ပြောင်းလဲသွားပါသည်။ မြက်ပင်များ၏ကြီးထွားခြင်းကို နေရောင်ရရှိ





စာမျက်နှာ-၃၄ သို့



# မြေးငယ်သစ်သစ်သို့ပေးစာ

သီရိတင် (သစ်တော)

မင်္ဂလာပါမြေးလေးရေ ....

ဟိုးရှေးရှေးတုန်းက ---အဲလိုစကားစလိုက်တော့၊ ငယ်ငယ်တုန်းက အဖိုးအဖွားတွေ၊ အဖေအမေတွေ၊ ဆရာဆရာမတွေက သားငယ်သမီးငယ်၊ ကလေးငယ်၊ မြေးငယ်တွေကို၊ ပုံပြင်ပြောပြတာတွေ သတိရမိပါတယ်။ အခု ဖိုးဖိုးပြောမယ့် -- ဟိုးရှေးရှေးတုန်းက -- ဆိုတာက၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ၊ ပဝေသဏီကတော့မဟုတ်ပါဘူး။ အင်း--လွန်ခဲ့တဲ့နှစ်ပေါင်း(၃၀)ခန့်က အကြောင်းအရာလေးပါ။ ပုံပြင်တော့မဟုတ်ပါဘူး။ ကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်လေးတစ်ခုပါ။

အဲဒီအချိန်ကာလကို၊ အတိအကျတော့မမှတ်မိတော့ပါဘူး။ အကြမ်းဖျင်းပြောရရင်တော့ ၁၉၈ရ ခုနှစ်ဝန်းကျင်ကပေါ့။ ကိုယ့်နိုင်ငံကိုယ့်သစ်တောထဲမှာ အပင်တွေဘယ်လောက်ရှိတယ်၊ ဘယ်သစ်မျိုးကို ဘယ်နှစ်တန်လောက်ခုတ်လှဲထုတ်လုပ်နိုင်တယ်၊ ပြည်ပကိုဘယ်သစ်မျိုးတွေဘယ်နှစ်တန်လောက်ရောင်းချနိုင်မယ်။ ဘယ်သစ်မျိုးတွေက ခုချိန်မှာဘယ်လောက်ရှိပြီး၊ ဘယ်နှစ်နှစ်လောက်စောင့်လိုက်ရင် ထုတ်လုပ်ရောင်းချနိုင်မယ်၊ ရောင်းတန်းဝင်သစ်ဘယ်လောက်ရမယ်ဆိုတာတွေကို ယေဘုယျသိရှိနိုင်ဖို့ သစ်ပင်စာရင်းကောက်လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ရတဲ့အချိန်ကပေါ့။

အဲဒီတုန်းက အလုံမြို့နယ်မှာ 'ရန်ကုန်တိုင်း သစ်တောဦးစီးဌာန'ရှိတယ်။အဲဒီရုံးအပေါ်ထပ်မှာ စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲရှိတယ်။ ကြို့ကုန်း(အနောက်)မြို့နယ်မှာတော့'ကွန်ပျူတာဌာနခွဲ'စတင်ဖွင့်လှစ်နေပါပြီ။ သစ်တောရုံးချုပ်နှစ်ထပ်အဆောက်အဦ၊'တော်ဝင်'ခန်းမ၊ မုခ်ဦးတို့မရှိသေးပါဘူး။ စာရင်းကောက်လုပ်ငန်း ဆောင်ရွက်မယ့်တောခေါင်း၊တောအုပ်၊တောအုပ်ကြီးစတဲ့ သစ်တောဝန်ထမ်းများကိုတော့ ညွှန်ကြားရေးမှူး ဆရာကြီးဦးအောင်မြင့်၊ ညွှန်ကြားရေးမှူးချုပ်တွေဖြစ်ကြတဲ့ ဆရာကြီးဒေါက်တာကျော်တင့်နှင့် ဆရာကြီးဦးရွှေကျော်(ခုတော့ဒီဆရာကြီး သုံးဦးလုံးအငြိမ်းစားယူပြီးဖြစ်ပါတယ်)တို့က လုပ်ငန်းလမ်းညွှန်မှုနှင့်ဝန်ထမ်းကျင့်ဝတ်တွေကို ဟောပြောပြသလမ်းညွှန်ပေးပါတယ်။

အဲဒီနောက်စာရင်းကောက်အဖွဲ့တွေဖွဲ့၊ စာရင်းကောက်ခေါင်းဆောင်တွေ ရွေးချယ်ပြီးတော့ ဆရာကြီးဦးရွှေကျော်ရဲ့ခေါင်းဆောင်မှုနှင့်အတူ တနင်္သာရီတိုင်းဒေသကြီးဆီသို့ခရီးထွက်ခဲ့ရပါတယ်။ 'ဖိုးဖိုး'တို့လုပ်ငန်းဆောင်ရွက်ခဲ့တဲ့နေရာကတော့ ထားဝယ်နှင့်ဘိတ်(မြိတ်)အကြား၊ လုံးဖောကြီး၊ လုံးဖောလေးရွာအနီးတစ်ဝိုက်က သစ်တောတွေထဲမှာဖြစ်ပါတယ်။ တောထဲမှာရှိတဲ့ သစ်ပင်တွေကိုစာရင်းကောက်ကြရပါတယ်။ 'ဖိုးဖိုး'ကတော့ လုပ်ငန်းဆောင်ရွက်မှုတွေကို စစ်ဆေးရပါတယ်။

'ဖိုးဖိုး'တို့တစ်တွေ မနက်စောစောအိပ်ရာကထ၊ ထမင်းကြမ်းစား -- ပြီးတော့နေ့လယ်စာစားဖို့ထမင်းချိုင့်ထည့် - ရေဘူးရေထည့်ပေါ့။ နားနေတဲ့စခန်းနှင့်လုပ်ငန်းဆောင်ရွက်ရတဲ့နေရာကဝေးတော့ အလုပ်မပြီးမှာစိုးလို့နေ့လယ်တောထဲမှာနေ့လယ်စာစား --ပြီးရင်ခဏနား၊ ပြီးတော့အလုပ်ဆက်လုပ်ကြရပါတယ်။ တစ်နေ့တာလုပ်ငန်းပြီးပြတ်မှ စခန်းကိုပြန်ကြရပါတယ်။ ထမင်းချိုင့်၊ ရေဘူးနှင့်တောတွင်းလုပ်ငန်းသုံးပစ္စည်းတွေယူပြီး နေမထွက်ခင်စခန်းမှထွက်ခွာကြရပါတယ်။ မိမိတို့လုပ်မယ့်နေရာလေးတွေ(Plot)ရှာပြီး သစ်ပင်စာရင်းကောက်ယူကြရပါတယ်။

တစ်နေ့တာဆောင်ရွက်ဖို့ သတ်မှတ်ထားတဲ့လုပ်ငန်းပမာဏကို ပြီးအောင်မြန်မြန်ဆောင်ရွက်ကြရပါတယ်။ နေပူရင်အလုပ်မတွင်တာမို့ လမ်းအူကြောင်းဖေါက်တာ၊ ချုံရှင်းတာ၊ နွယ်ဖြတ်တာ၊ ကြိုးဆွဲတာတွေမြန်မြန်လုပ်ကိုင်ကြရပါတယ်။ သစ်ပင်အမျိုးအမည်၊ လုံးပတ်--စတာတွေမှတ်သားခဲ့ရပါတယ်။ တစ်နေ့တာလုပ်ငန်းပမာဏပြီးတာနဲ့သစ်ပင်အရိပ်ကောင်းကောင်း၊ ချောင်းနားနီးနီးမှာပါလာတဲ့ထမင်းချိုင့်တွေဖွင့်ပြီး နေ့လယ်စာစားကြပါတယ်။ ပြီးတာနဲ့ခဏတဖြုတ်နားကြတယ်။ တချို့လည်းအလုပ်မပြီးပြတ်သေးတာကို ဆက်လုပ်ကြပါတယ်။ ပြီးတော့မှစခန်းကိုပြန်ကြရပါတယ်။

'ဖိုးဖိုး'ကတော့ အဖွဲ့တွေလုပ်ငန်းဆောင်ရွက်မှုတွေ မှန်/မမှန်လိုက်လံစစ်ဆေးတာ၊ အမှားပြင်ပေးတာ၊ လုပ်ငန်းကြီးကြပ်တာတို့လုပ်ဆောင်ရပါတယ်။ ပထမတစ်ပါတ်ဆယ်ရက်လောက်ကတော့ ညနေစောင်းမှစခန်းပြန်ရောက်ကြပါတယ်။ လုပ်ငန်းလုပ်ကာစဆိုတော့ အလုပ်မတွင်ကျယ်သေးဘူး။ ကျွမ်းကျင်မှုလိုသေးတာပေါ့၊ အဲ-ရက်သတ္တပါတ်

နှစ်ပါတ်ကျော်ကြာလာတော့၊ နေ့တစ်ပိုင်းလောက်ဆိုရင် တစ်နေ့တာအလုပ်ပြီးပြီ၊ အမောဖြေ၊ နေ့လယ်စာစားပြီးရင် စခန်းပြန်ကြပြီးပြီ။ 'ဖိုးဖိုး'ကတော့အဖွဲ့တွေရဲ့လုပ်ငန်း ဆောင်ရွက်မှုတွေ လိုက်လံကြည့်ရှု စစ်ဆေးရတာဆိုတော့ နောက်ကျတတ်ပါတယ်။(မှတ်မိပါသေးတယ်။ အစကအခု လုပ်တဲ့လုပ်ငန်းဟာ အလွန်ဆုံး(၁)လ–(၁)လခွဲလို့ ပြောခဲ့ မှန်းခဲ့ပေမယ့်၊ လုပ်ငန်းပိုလာလို့ (၃)လကျော်သွားပါတယ်။ အဲဒီနှစ်ကမှတ်မှတ်ရရ၊ သင်္ကြန်ရေမစိုခဲ့ပါဘူး၊ သင်္ကြန် တွင်းတောထဲမှာ အလုပ်တွေလုပ်နေခဲ့ရတယ်။ ဘယ်သူမှ အိမ်မပြန်နိုင်ကြဘူး။)

အဲ–စောစောက စကားပြန်ဆက်ရရင်တော့ – 'ဖိုးဖိုး'ကနောက်ကျမှ စခန်းပြန်ရောက်ပေမယ့်၊'ဖိုးဖိုး'အရင် ပြန်နှင့်တဲ့၊ ပြန်သွားတဲ့တချို့အဖွဲ့တွေက 'ဖိုးဖိုး'စခန်း ပြန်ရောက်တဲ့နောက်မှာမှ စခန်းပြန်ရောက်ကြတယ်။ 'ဖိုးဖိုး'သိပ်အံ့အားသင့်မိတာပေါ့၊ တစ်နေ့မဟုတ် တစ်နေ့ အဲဒါမျိုးတွေ တွေ့မြင်နေရတော့ ခင်တဲ့တပည့်တစ်ယောက် နှစ်ယောက်ကို မေးကြည့်တယ်။ အဲဒီတော့သူတို့က ပြော တယ်'ဆရာရေ – ကျွန်တော်တို့ အလုပ်လုပ်တဲ့နေရာနဲ့ မနီးမဝေးက 'ချောင်း'ကလေးလေ – ဝါးတစ်ရိုက်လောက် ပဲကျယ်ပါတယ်။ ရေကလည်း တချို့နေရာမှာ ဒူးခေါင်းထိ၊ တချို့နေရာမှာ ခြေမျက်စိမြုပ်ရုံပဲရှိပါတယ်။ အဲဒီချောင်း လေးကိုဖြတ်ပြီး မြေလမ်းလေးအတိုင်းလိုက်လာပြီး (၁၀) မိနစ်လောက်လျှောက်လိုက်ရင် ရှမ်းရွာကိုရောက်ပါတယ်။ ယိုဒယားရွာ/ထိုင်းရွာပေါ့။ ရှမ်းတွေ(ထိုင်းတွေ)တွေ့ရတယ်။ ဈေးဆိုင်လေးတွေရှိတယ်။ ဘောင်းဘီ၊စပို့ရှပ်၊ဖိနပ်နဲ့ ယိုဒယားပါတိတ်တွေရောင်းကြတယ်။ တော်တော်များများ ကတော့'Datsun'ကားပေါ်မှာပစ္စည်းတွေတင်ရောင်းကြတယ်။ ရှမ်းစာတွေစားရတယ်။ 'ကွတ်တီယို'ရှိတယ်။ ရှမ်းတချို့က ဝဲတဲဝဲတဲနဲ့ ဗမာစကားနည်းနည်းပါးပါး ပြောတတ်တယ်။ ဆိုင်တချို့က ဗမာပိုက်ဆံပေးဝယ်လို့ရတယ်။ ကျွန်တော် တို့အခုလုပ်ငန်းနေရာက ယိုးဒယားနယ်စပ်နဲ့နီးတယ်လေ။ ဆရာသွားကြည့်ပါလား။ ဒေသန္တရဗဟုသုတပေါ့ ဆရာရယ် စသည်ဖြင့် ဗဟုသုတဝေငှကြပါသည်။ 'ကွတ်တီယို' အကြောင်းမှန်းသည်။(အဲဒီအချိန်တုန်းက ကျွန်တော်တို့ဆီ မှာ'ကွတ်တီယို'မရှိသေးပါ) သူတို့တွေရဲ့စကားကြားရတော့ 'ဖိုးဖိုး'သွားချင်လိုက်တာ –သွားလို့တစ်ခုခုဖြစ်ရင် အနည်း ဆုံးအလုပ်ပြုတ်မယ်။ အရေးယူခံရမယ်။ ကြောက်လည်း ကြောက်၊ သွားကလည်းသွားချင် ––အောင့်အီးနေရတာ စိတ်ဆင်းရဲလိုက်ပါဘီ။ ကြာကြာစိတ်အညစ်မခံနိုင်လို့ ဖြစ် ချင်တာဖြစ်ဆိုပြီး – တစ်နေ့တော့သူတို့ပြောသလို'ချောင်း' လေးကိုဖြတ်လိုက်တယ်။ ဟုတ်ပါ့ဗျာ – ရေလေးကအေးက လည်းအေး၊ ကြည်ကလည်းကြည်၊ အလွန်ဆုံးနက်တဲ့နေရာ မှ ဒူးခေါင်းမထိတထိ၊ ချောင်းကလည်းအလွန်ဆုံးရှိမှ ၁၀'/ ၁၂'လောက်ပဲကျယ်တယ်။ သူတို့ပြောတဲ့အတိုင်းမြေလမ်း အတိုင်းလျှောက်သွားတာ (၅)မိနစ်သာသာပဲရှိသေးတယ်။ ပုဆိုးတိုတိုနဲ့(ပုဆိုးမှတ်တာပါပဲ) ဒူးခေါင်းအထက်ထိ ပုဆိုး တိုတိုဝတ်ထားတာ။ စွပ်ကျယ်ဂျိုင်းပြတ်နဲ့ –– ။ မျက်နှာ သုတ်ပုဝါကိုပုခုံးပေါ်တင်ထားတဲ့ အဖိုးအိုတစ်ယောက်ကို တွေ့ပါတယ်။ သူကမေးတယ်။

'ဟေ့! ဗမာ – ဘာ ဘာသာကိုးကွယ်လဲ'

'ဖိုးဖိုး'ကြောင်သွားတယ်။ တောထဲမှာတွေ့တဲ့ ရှမ်း အဖိုးကြီးက ဗမာစကားဝဲတဲဝဲတဲနဲ့ပြောတာကြားလိုက်ရ တော့ – ဖိုးဖိုးကြောင်တောင်တောင်ဖြစ်သွားတယ်။ တပည့် တွေပြောတာကိုသတိရလို့ သိပ်တော့မအံ့သြဘူး၊ ရှမ်းတချို့ ဗမာစကားပြောတယ်ဆိုတာ ကြားဖူးတော့ မအံ့သြမိဘူး။

'ဗုဒ္ဓဘာသာကိုးကွယ်တာပေါ့'

'ဒါဆို ‥ ဘုရားဂုဏ်တော်ကိုးပါးရလား'

'ရတာပေါ့'

'ဆိုပြစမ်း'ဆိုတော့၊ 'ဖိုးဖိုး'ကချက်ချင်းပဲ 'အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောက ဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာ ဒေဝမန ဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ'လို့သွက်သွက်ကလေးဆိုပြတယ်။ 'ဖိုးဖိုး'ဆိုတဲ့ 'ဘဂဝါ'လည်းဆုံးရော၊ အဲဒီအဖိုးအိုက ‥

'ဘဂဝါ၊ ဗုဒ္ဓေါ၊ သတ္ထာ ဒေဝမနဿာနံ၊ အနုတ္တ ရော ပုရိသဒမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာ စရဏသမ္ပန္နော၊သမ္မာသမ္ဗုဒ္ဓေါ၊အရဟံ'လို့ဆိုပြတယ်။ အပြန်အလှန်ပေါ့။ အနုလုံပဋိလုံပေါ့။ ဒီလိုဆိုပြတော့'ဖိုးဖိုး' တော်တော်အံ့အားသင့်သွားတယ်။ လူမျိုးခြားတစ်ဦးက တောထဲတောင်ထဲမှာ ဘုရားဂုဏ်တော်ကိုးပါးကို အပြန် အလှန်ဆိုပြတာကိုး။(မှန်တာကိုဝန်ခံပါတယ်'ဖိုးဖိုး'အဲဒီအ ချိန်ထိ အဲဒါမျိုးကို အဲလိုဆိုရမှန်းမသိသေးပါဘူး)ပြီးတော့ အဖိုးအိုက 'အေး –– အဲဒီလိုဆိုတတ်လား မဆိုတတ်ရင် လေ့ကျင့်ထား၊ အဲလိုအမြဲဆိုနေ ကြာတော့သီချင်းလေးလို ဖြစ်နေမယ်'ဆိုပြီး သူလည်းသူ့လမ်းသူသွား၊ 'ဖိုးဖိုး'လည်း စောစောကလျှောက်လာတဲ့ မြေလမ်းလေးအတိုင်း ဆက် လျှောက်လာတာပေါ့၊ အဲ––ဒါပေမယ့် နာရီဝက်လောက် သာကုန်သွားတယ် တပည့်တွေပြောတဲ့နေရာမရောက်ဘဲ 'ချောင်း'လေးဆီပြန်ရောက်ခဲ့တယ်။ 'ဖိုးဖိုး'လည်း ရှမ်းအဖိုး ကြီးပြောတာလေးတွေပြန်စဉ်းစားရင် လမ်းဆက်လျှောက် လာတာ စခန်းကိုပြန်ရောက်ရော။

အဲဒီတုန်းကတော့ အဲဒီရှမ်းအဖိုးကြီးနဲ့တွေ့တာ ဘယ်လိုမှမအောက်မေ့ဘူး –– မတွေးမိဘူး – တောထဲမှာ ထင်းခွေသွားသူ လယ်တောသွားသူနဲ့ အမှတ်မထင်တွေ့ တယ်လို့ပဲပေါ့။ ဘာပဲဖြစ်ဖြစ်သူပြောတာမခက်ပါဘူး။ အရှုံး မရှိပါဘူးဆိုပြီး အဲဒီအဖိုးကြီးပြောသလို ဘုရားဂုဏ်တော် ကိုးပါးကို အသွားအပြန်ဆိုနိုင်အောင် လေ့ကျင့်ခဲ့တယ်။

ကြာတော့ရလာတယ်။ သီချင်းလေးညည်းသလိုပဲ။ စိတ်ထဲကအမြဲဆိုတတ်ခဲ့တယ်။ ဆိုနေတတ်ပါတယ်။ တဖြည်းဖြည်းနဲ့ဘုရားဂုဏ်တော်ကိုးပါးရဲ့ အနက်အဓိပ္ပါယ်ကိုပါ စိတ်နှလုံးသွင်းလို့ အခုတော့ဆိုတတ်ခဲ့ပြီ၊ ဆိုနေတတ်ပါပြီ။

ထူးခြားတာကတော့ ခုချိန်ထိ'ဖိုးဖိုး'ခေါင်းမကိုက်ဘူးသေးဖူး။ သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကျောက်ကပ်၊ ကင်ဆာဆိုတာတွေ ဝေလာဝေးပေါ့။'Retired Plan'မရှိ၊ ဘာမရှိ၊ အငြိမ်းစားယူပြီးရင် ဘာနဲ့စားမလဲ မတွေးခဲ့၊ ကြိုတင်ပြင်ဆင်မထားခဲ့။ စီးပွားရေးမရှိ၊ စုဆောင်းမိတာမရှိ၊ ဘာတစ်ခုမှမရှိခဲ့ပေမယ့် အေးအေးဆေးဆေး နေနိုင်ထိုင်နိုင်စားနိုင်သောက်နိုင်ပါပဲ။ ဘာအန္တရာယ်မှလည်းမရှိခဲ့ပါဘူး။

အဲ --အခုမှ'ဖိုးဖိုး'ပြန်စဉ်းစားမိတယ်။ တောထဲတောင်ထဲမှာတွေ့ခဲ့တဲ့အဖိုးကြီးဟာ၊ ရှမ်းအဖိုးကြီးမှဟုတ်ရဲ့လား။ သူတော်စင်ကြီးများလား။ ဟိုရှေးရှေးအခါက - နတ်ကောင်းနတ်မြတ်များ၊ လူယောင်ဖန်ဆင်းကာ သူတို့စောင့်ရှောက်ချီးမြှင့်လိုတဲ့ လူပုဂ္ဂိုလ်များကို သွန်သင်ဆုံးမပြောကြားသတိပေးသလိုများလား - လား - ပေါင်းများစွာ၊ မေးခွန်းပေါင်းများစွာနဲ့ 'ဖိုးဖိုး'ကိုယ့်ကိုယ်ကိုမေးရင်းတွေးရင်းနဲ့ အချိန်တွေကုန်ခဲ့ပါတယ်။ -- အဖြေမရခဲ့ပါ။ နောက်တော့အချိန်ကုန်ခံမစဉ်းစားတော့ပဲ ဘုရားဂုဏ်တော်ကိုးပါးကိုသာ အပြန်အလှန်ရွတ်ဆိုရင်း စိတ်ဝယ်ထုံမွှန်းထားလျက်ရှိပါတော့တယ်။

ချစ်တဲ့'မြေးလေးတို့'လည်း အစွမ်းထက်တဲ့၊ တန်ခိုးကြီးမားလှတဲ့ ဒီဘုရားဂုဏ်တော်ကိုးပါးကို အသွားအပြန်ရအောင်လေ့ကျင့်ကြည့်ပါနော်၊ လေ့ကျင့်ကြပါနော်။

ကဲ--'ဖိုးဖိုး'ရဲ့တစ်ကယ့်ကိုယ်တွေ့အဖြစ်မှန်ကိုပြောပြပြီးပါပြီ။ 'မြေးလေးတို့'လည်းတတ်နိုင်ပါတယ်။ သဒ္ဓါတရားထက်သန်စွာနဲ့ ကြိုးစားကြည့်ပါနော်။

'မြေးလေးတို့ဘဝ၊ လှပပါစေ'



ချစ်တဲ့'ဖိုးဖိုး'

စာမျက်နှာ-၃၁မှအဆက်

မှုနှင့် အရိုပ်ရရှိမှုပေါ်မူတည်ပြီး လျင်မြန်စွာကြီးထွားနိုင်ပါသည်။ ကိုင်းဖြတ်ခြင်းနှင့် မြစ်ပိုင်းမျိုးပွားခြင်းဖြင့်လည်း ပွားများမွေးမြူနိုင်ပါသည်။

မြင်းစာမြက်တွင်ပါဝင်သောဒြပ်ပေါင်းများမှာ proteins, carbohydrates, mineral constituents, ß-sitosterol, flavanoids, alkaloids, glycosides and triterpenoides.တို့ပါဝင်သောကြောင့် ဆေးအဖြစ် အသုံးပြုရာမှာလည်း အသုံးဝင်လှပါသည်။ အပင်ပျော့တစ်ပင်လုံးနှင့် အမြစ်ရိုးတံကို ဆေးအဖြစ်အသုံးပြုပါသည်။ မြင်းစာမြက်၏ဆေးအသုံးဝင်ပုံမှာ တကိုယ်လုံးဖောရောင်ခြင်း၊ ခန္ဓာကိုယ်အတွင်းကျောက်တည်ခြင်း၊ ကင်ဆာရောဂါကုသခြင်း၊ နှာခေါင်းတွင်ဖြစ်ပေါ်သည့်အနာရောဂါ၊ တက် ခြင်းရောဂါ၊ ချောင်းဆိုးခြင်း၊ ကြွက်တက်ခြင်း၊ ဆီးအိတ်ရောင်ရောဂါ၊ ဝမ်းလျှောခြင်း၊ ဖောရောင်ခြင်း၊ ဝမ်းကိုက်ခြင်း၊ ကိုယ်အရေပြားရောဂါ၊ ခေါင်းကိုက်ရောဂါ၊ သွေးတိုးရောဂါ၊ အဆုတ်ရောင်ခြင်း၊ မျက်လုံးအားနည်းခြင်း၊ သွားကိုက်ခြင်း၊ ကလေးငယ်တွင်ဖြစ်တတ်သော တုပ်ကွေးဖြစ်ခြင်းတို့တွင် ပြုတ်သောက်ခြင်းဖြင့် ကုသနိုင်ပါသည်။ အပင်မှအရည်ကိုစစ်ထုတ်ပြီး အနာပေါ်အုံပေးပါက ထိခိုက်ဒဏ်ရာများကိုလည်း သက်သာပျောက်ကင်းစေပါသည်။ အပင်မှစစ်ထုတ်ရည်ကို ပျားရည်နှင့်ရောပြီး ၂ ကြိမ်မှ ၃ ကြိမ်အထိရက်အနည်းငယ်သောက်ပေးပါက လစဉ်မီးယပ်သွေးလွန်ခြင်းကို ပျောက်ကင်းစေပါသည်။ မြင်းစာမြက်ပြုတ်ရည်နှင့် သကြားရောသောက်ပါက ဆီးလမ်းကြောင်းတွင် ဖြစ်တတ်သောရောဂါများကို ပျောက်ကင်းစေပါသည်။

ထို့ကြောင့်မြင်းစာမြက်သည် ဆေးဝါးဂုဏ်သတ္တိများများစွာပါဝင်ပါသည်။ မြင်းစာမြက်၏ ဆေးအသုံးဝင်ပုံကို သိရှိပြီး လူတို့အတွက်တန်ဖိုးနည်းပြီးအဖိုးတန်လှသည့် မြင်းစာမြက်အကြောင်းကိုလေ့လာတင်ပြအပ်ပါသည်။

**ကျမ်းကိုးစာရင်း**


❖ BadriPrakashNagori and RenuSolanki, 2011. *Cynodondactylon* (L.) Pers.: A Valuable Medicinal Plant. Research Journal of Medicinal Plants, 5: 508-514.

❖ Photo by : SurajitKoley @Hooghly

❖ Kress, W. J., R. A. DeFilipps, E. Farr and D. Y. Y. Kyi. 2003. A checklist of the trees, shrubs, herbs, and climbers of Myanmar

# ကျွန်တော်တို့နှစ်ယောက်၏ သစ်တောကျောင်းဆရာဘဝ

မြန်မာနိုင်ငံသစ်တောကျောင်း၊ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်စာစောင်မှ
စာရေးသူ မြအောင်/ကြင်မောင်ရေးသားသောစာမူအား အမှတ်တရ ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။

ကျွန်တော်တို့သည် မြန်မာနိုင်ငံ သစ်တောကျောင်းမှ ၁၉၅၁–၅၃ခုနှစ်တွင် သင်တန်းပြီးဆုံး၍ ကျောင်းဆင်းပြီးသည့်နောက်တွင် နယ်စီးတောအုပ်ရာထူးဖြင့် အနယ်နယ်အရပ်ရပ်သို့ ပြောင်းရွှေ့အမှုထမ်းရခြင်း။ သစ်တောဝန်ထောက်ရာထူးဖြင့် ဗန်းမော်တွင် အမှုထမ်းနေရာမှ မြန်မာနိုင်ငံသစ်တောကျောင်း၊ မေမြို့(ပြင်ဦးလွင်)သို့ သင်တန်းဆရာတစ်ဦးအဖြစ် ၁၉၇၃ ခုနှစ်တွင် ပြောင်းရွှေ့တာဝန်ပေးအပ်ခံရပါသည်။

ဤအချိန်တွင် ကျောင်းအုပ်ကြီးမှာ ဦးတင်ညွန့်၊ ကျောင်းဆောင်မှူးမှာ ဆရာဦးတင်ဆွေလတ် ဖြစ်ပြီး အခြားဆရာများမှာ ဆရာဦးညို၊ ဦးသိန်းမောင်၊ ဦးအောင်သန်း၊ ဦးထွန်းသန်းနှင့် ကျွန်တော်ဖြစ်ပါသည်။ သင်တန်းတွင်အကြီးတန်းဟူ၍မထားတော့ပါ။ အငယ်တန်းသာလျှင်ရှိပြီး တစ်နှစ်လျှင် ကျောင်းသား ၃၀၊ ပ–နှစ်၊ ဒု–နှစ်ပေါင်းမှ ကျောင်းသားပေါင်း ၆၀ယောက်သာ၊ တစ်တန်းတွင် ကျောင်းသား ၃၀ အား အခန်း (က)၊(ခ)ခွဲပြီးသင်ကြားရပါသည်။ တစ်ခန်းလျှင် ၁၅ ယောက်စီဖြင့် ပ–နှစ်၊ ဒု–နှစ် နှစ်တန်းပေါင်း လေးခန်းဖြစ်သွားပါသည်။ တစ်ခန်းတွင် ကျောင်းသား ၁၅ ယောက်ကိုသာ ကိုင်တွယ်သင်ကြားပေးရသဖြင့် ပိုင်ပိုင်နိုင်နိုင် မတတ်သူ၊ နားမလည်သူဟူ၍ မရှိအောင် အနီးကပ်ကြီးကြပ်၍ သင်ကြားပို့ချခွင့်ရပါသည်။ စိတ်ဓာတ်၊ စည်းကမ်း၊ ဖွဲ့လုံ့လရှိမှုမှအစ ဒေါင်ဒေါင်မြည်သော ကျောင်းသားများကို မွေးထုတ်နိုင်ခဲ့ပါသည်။

ထို့နောက် ကျွန်တော်မှတ်မိသရွေ့ ပြောရပါလျှင် ၁၉၇၆ခုနှစ်နောက်ပိုင်းတွင် သင်တန်းတစ်ပတ်လျှင်အယောက် ၃၀ အစား ၆၀ ဖြစ်လာပါတော့သည်။ ပ–နှစ်၊ဒု–နှစ်ပေါင်းလျှင် ကျောင်းသားပေါင်း(၁၂၀) ဖြစ်လာပါတော့သည်။ ထိုမှ တဖန် ၁၉၈၁ ခုနှစ်သို့ရောက်လာသည့်အခါ အကြီးတန်းပါခေါ်ယူဖွင့်လှစ်ခဲ့ပါသဖြင့် ကျောင်းသားပေါင်း ၂၀၀ ကျော်သည်အထိ ဦးရေများပြားတိုးတက်လာပါသည်။ ကျောင်းသားဦးရေတိုးတက်များပြားလာသည်နှင့်အမျှ ဆရာများအနေဖြင့် စာသင်ကြားပို့ချရသည်မှာမလွယ်ကူလှပါ။ ကျွန်တော်၏ ရောင်းရင်းကြီး ဆရာဦးမြအောင်သည် သစ်တောကျောင်းသို့ ၁၉၇၄ ခုနှစ်လောက်တွင်ရောက်ရှိလာပါပြီ။

ကျောင်းသို့ရောက်ရှိသည်မှစ၍ စာသင်ခန်းများသို့ ဝင်ချိန်တွင်လည်းကောင်း၊ ပွင့်လင်းရာသီချိန် ကျောင်းသားများအား တောတွင်းလက်တွေ့သင်တန်းများ သင်ကြားလုပ်ကိုင်သည့်အခါတွင်လည်းကောင်း အတူတွဲ၍ တာဝန်ကျသည်က များပါသည်။ သစ်တောကျောင်းတွင် တာဝန်ယူစာသင်နေကြရသည့် ဆရာများတွင် အမေပေးထားသည့် နာမည်များအပြင် ကန့်လန့်ကာ၏ နောက်ကွယ်တွင် လက်ဖက်၊ ကွမ်းမကုန်ရဘဲ အမည်သစ်များမှည့်ခေါ်ခံရသည်လည်းရှိပါသည်။ ဦးမြအောင်အား ပြောင်းရွှေ့လာသော ဒေသကို အစွဲပြု၍ ဘိုမြဟူ၍လည်းကောင်း။ ကျွန်တော်သည် ထိုအချိန်က ကွမ်းကို စဉ်ဆက်မပြတ် ဖောင်လောက်အောင် စားလေ့ရှိသဖြင့် ဆင်ပိုင်ဟူ၍ လည်းကောင်း(ယခုတော့ ကျွန်တော် ကွမ်းမစား၍ မဟုတ်တော့ပါ)၊ စိတ်ထန်သောဆရာအား ဆရာအာဠာဝက ဟူ၍လည်းကောင်း၊ စကားပြောလျှင် အရှိန်ယူ၍ အောက်မေးကိုလှုပ်ပြီးမှ ပြောသောဆရာကို အောက်မေးဟူ၍ လည်းကောင်း။ စတိုင်နှင့်နေသော ဆရာကို ဆရာအိုက်တင်ဟူ၍လည်းကောင်း။ တောပစ်ဝါသနာပါသော ဆရာကို ဆရာလုဒ္ဒကဟူ၍လည်းကောင်း စသည်စသည်ဖြင့်ရှိပါသည်။ အချို့လည်း ကျွန်တော်မမှတ်မိတော့ပါ။

ဘိုမြနှင့် ကျွန်တော်သည် တာဝန်အရ အမြဲလိုလိုတွဲရသဖြင့် သွားအတူ၊ လာအတူ၊စားအတူ၊ဝတ်အတူ နေထိုင်သွားလာလုပ်ကိုင်ရသည်က များပါသည်။ ဂေါက်သီးကစားရာတွင်လည်း တစ်မူထူးခြားသည်က အခြားအတွဲများ ရှုံးသူကနိုင်သူကို ကျွေးရစတမ်းဖြစ်သော်လည်း ကျွန်တော်တို့နှစ်ယောက်မှာမူ ကမ္ဘာတွင်မည်သူမျှ မကျင့်သုံးသေးသည့် အလောင်းအစားနည်း "နိုင်သူကရှုံးသူကို ကျွေးစတမ်းပင်ဖြစ်ပေသည်။" ဂျာအေး သူ့အမေရိုက်ကစားကြရသဖြင့် ပွဲမှာမပြီးနိုင်တော့ပါ။ ဂေါက်သီးလုံးလည်း ချုံထဲ သဲကျင်းထဲ ကထွက်ရသည်ဟူ၍မရှိပါ။ တစ်ခါတစ်ရံ ဂေါက်သီးရှာမတွေ့ရဘဲ ပျောက်သည်မှာလည်းအကြိမ်ကြိမ်။ မကြာမကြာ ရုက္ခဗေဒဥယျာဉ်နှင့်နီးသောကျင်းသို့ ရောက်ပြီဆိုလျှင် နှစ်ဦးသဘောတူ စစ်ပြေငြိမ်းတတ်ကြပါသည်။ ဦးသာဒွန်း(ဥယျာဉ်မှူး)အိမ်ဝင်၍ အမောဖြေစားသောက်ကြပြီး ကစားခြင်းကို ရပ်ဆိုင်းလေ့ရှိပါသည်။ ဤကား ကျွန်တော်တို့နှစ်ယောက်၏ အကျင့်ပင်ဖြစ်ပါသည်။

တစ်နေ့သော ကျောင်းပိတ်ရက်

တစ်ရက် ဘိုမြအိမ်တွင် ကျွန်တော်တို့ ဆရာများစု၍ အပျော်တမ်း ဖဲကစားကြပါသည်။ ဤတွင်ကျောင်းမှ အမှုထမ်းနှစ်ဦးသည် မမျှော်လင့်ဘဲရောက်လာရာမှ ကြုံကြိုက်သဖြင့် ပါဝင်ကစားသွားပါသည်။ ဤအဖြစ်ကိုကျောင်းအုပ်ကြီးသိသွားသဖြင့် ခေါင်းဆောင်လုပ်သူ ကျွန်တော်နှင့်ဘိုမြအား ယဉ်ယဉ်လေးနှင့်ခေါင်းမဖော်နိုင်အောင် အဆူခံရပါတော့သည်။

ကျောင်း၏ စာသင်ချိန်သည် ကျောင်းဖွင့်ရက်တိုင်း နံနက်(၈း၀၀)နာရီတွင်စပါသည်။ ကျောင်းအုပ်ကြီး ဦးတင်ညွှန့်သည် ကျောင်းသို့နံနက် (၇း၀၀)နာရီမထိုးမီကပင် ရောက်လေ့ရှိပါသည်။ ဤသည်ကိုလည်း ကျွန်တော်တို့နှစ်ယောက်သည် ယနေ့ဆရာကြီးစောစောရောက်, မရောက်အလောင်းအစားပြုကြပါသည်။ ဤသည်ကား ကျွန်တော်တို့နှစ်ယောက်၏ အလောင်းအစားဝါသနာပါသော အလေ့အထပင်ဖြစ်ပါသည်။

သစ်တောကျောင်း၏ အစဉ်အလာမှာ နှစ်စဉ်အောက်တိုဘာလစာမေးပွဲပြီး၍ ကျောင်းမပိတ်မီ ၁၀ မိုင်ခရီးကို ကျောင်းသားတိုင်း ပြေးရပါသည်။ သစ်တောကျောင်းမှ ပွဲကောက်ရေတံခွန်၊ ၄င်းမှသစ်တောကျောင်းအထိ ပြေးရပါသည်။ ကျွန်တော်နှင့်ဘိုမြသည် ညနေတရုတ်ဆိုင်တွင် ထမင်းကျွေးကြေးအပြေးသမားများအပေါ် အလောင်းအစားပြုလုပ်ကြပါသည်။ ကျောင်းတွင်အပြေးချန်ပီယံနှစ်ဦးရှိပါသည်။ သို့သော်တစ်ဦးနှင့်တစ်ဦး ခြေစွမ်းတော့မပြဖူးသေးပါ။ ပြိုင်ပွဲနေ့တွင် ဘိုမြနှင့်ကျွန်တော်သည် 'ခေါင်းပန်း'လှန်၍သူ့လူ ကိုယ့်လူရွေးကြပါသည်။

ပြေးနေစဉ် ကျွန်တော်တို့နှစ်ယောက်သည် အပြေးသမားများနောက်မှ စက်ဘီးဖြင့်လိုက်၍ ချိုချဉ်လုံး၊လိမ္မော်သီးတို့ဖြင့် နှိုးဆွ၍ လိုက်လံအားပေးကြပါသည်။ ဤသည်ကိုလည်း ကျောင်းအုပ်ကြီးသိသွားပြန်ပါသည်။

ညနေတွင် ကျွန်တော်တို့နှစ်ယောက်အားခေါ်၍ 'ခင်များတို့နှစ်ယောက် ကျွန်တော့်ကျောင်းသားတွေကို သတ်တာလား'ဟု အစပျိုးပြီးပျစ်ပျစ်နှစ်နှစ်ဆူပါတော့သည်။ဒီတစ်ခါတွင် ဆရာကြီးမှာ ကျွန်တော့်တို့နှစ်ဦးအား တော်တော်ကိုဒေါပွပုံရပါသည်။ တစ်ပတ်ကျော်မျှပင် ကျွန်တော်တို့အား စကားမပြောဟုထင်ပါသည်။ အမှန်မှာကျွန်တော်တို့သည် အလောင်းအစားတွင် အရှုံးအနိုင်ထက် အပြေးတွင် စံချိန်မှတ်တမ်းတင်လို၍ဖြစ်သည်မှာ အမှန်,အမှန်ဟု ဆင်ခြေတက်လျှင် ယုံပါမည်လော..။

ဘိုမြနှင့်ကျွန်တော်သည် လက်တွေ့ဘာသာရပ်များ သင်ကြားပေးခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ကျောင်းသားများ၏လူမှုရေးကိစ္စများနှင့်ပတ်သက်၍လည်းကောင်း တစ်ဦးတစ်ယောက်တည်းဖြေရှင်း၍မရလျှင် ကျွန်တော်တို့နှစ်ယောက်မှာ စုပေါင်းအကြံထုတ်၍ ဖြေရှင်းမြဲပင်ဖြစ်ပါသည်။

## ဆားပွင့်နှင့်သာ စားတော့မည်

တစ်ခါတွင် ကျောင်းသားတစ်ဦး (အမည်မဖော်လိုပါ)သည် ရပ်ကွက်ကောင်စီရုံးမှ ကုလားကပြား စာရေးမလေးတစ်ဦးအား သူမသိ ငါပိုးကျိတ်၍ကြိုက်နေသည်ကို ဘိုမြသည် ထိုကျောင်းသားအား ဝန်ခံလာသည့်အဆင့်ရောက်အောင်ဖော်ထုတ်ပြီး ..'တပည့်ဒါဆိုမပူနှင့် မင့်ဆရာကြင်က ဒီကလေးမလေးနဲ့သိပ်ခင်တယ်၊မင်းဆရာဆီသွားပြီး ချဉ်းကပ်ပေတော့၊စွံလိမ့်မယ်'ဟု မြှောက်ပေးခဲ့ပါသည်။

တစ်ဖက်မှလည်း ဘိုမြက ကျွန်တော့်ကိုကြို၍အသိပေးထားပါသည်။'အဲဒါ ဒီကောင့်ကိုစာကြိုးစားအောင်လုပ်တဲ့နည်းပဲဗျ၊ ခင်များကြည့်ထိန်းထားပေတော့'ဟုပြောခဲ့သဖြင့် ကျွန်တော်လည်းဘာမသိညာမသိနှင့် ကျောင်းသားအား'မင်းစာမေးပွဲအောင်လက်မှတ်ရအောင်သာကြိုးစား'ဟုပြောခဲ့ပါသည်။ စာမေးပွဲကြီးလည်းပြီးဆုံးခဲ့ပြီ၊ အောင်လက်မှတ်လည်းရခဲ့ပေပြီ၊ **ကျွန်တော်တို့နှစ်ယောက် ကလေးမလေးထံသွားပြီး သတင်းထောက်ကြည့်ရာ ဆားပွင့်နှင့်သာဖြူးစားတော့မည်ဟု အဖြေပေးခဲ့သဖြင့် ကျွန်တော်တို့နှစ်ယောက် ဆန်ပြုတ်လုပ်ခဲ့ရပါသည်။**

## ခါးနှင့် ခုတ်ချင်သူ

ကျောင်းသားများသည် သင်တန်းတက်နေစဉ်အတွင်း အစားအသောက်နှင့်ပတ်သက်၍ အလွန်ပင်ဆင်းရဲကြပါသည်။ ကျွန်တော်သည် ကျောင်းဝင်းအတွင်း၌နေရသဖြင့် ကျောင်းသားများ စနေနေ့ နေ့ဝက်အလုပ်ကြမ်း လုပ်အားဖြင့်ဂေါ်ရခါးပင်များကို စိုက်ခဲ့ပါသည်။ ဂေါ်ရခါးပင်များမှာ သီးလိုက်သန်လိုက်သည့်ဖြစ်ခြင်း။

ကျောင်းသားထမင်းချက်စားဖိုဆောင်နှစ်ဆောင်စလုံး ခူးစားသည်ကို ပင်မနိုင်အောင် သီးပါသည်။ ကျွန်တော်လည်းကျောင်းသားများ၏ 'ဥစ္စာကို စားဖိုကမဖြုံစေလို၍' နံနက်ဆို ဘဲဥနှင့် ဂေါ်ရခါးသီး၊ ညနေဆို ဂေါ်ရခါးသီးနှင့်ဘဲဥ၊ နောက်တစ်နေ့ရောက်ပြန်ပြီ နံနက်စာ အမဲသားနှင့်ဂေါ်ရခါးသီး၊ ညနေဆို ဂေါ်ရခါးသီးနှင့်အမဲသား၊ ဟင်းများတွင် ဂေါ်ရခါးသီးမပါလျှင်မပြီး၊ ထပ်တလဲလဲ စားနေရပါသည်။

တစ်နေ့တွင် ကျောင်းသားတစ်ယောက်က အမှတ်မထင် ဘိုမြအား **'ဆရာရယ်၊ ကျွန်တော်ဂေါ်ရခါးသီးကို ရေလဲနဲ့စားရလွန်းလို့ ဂေါ်ရခါးပင်ကို မြင်ရင် ခါးနဲ့သာခုတ်ပစ်ချင်တော့သည်'** ဟု ပြောမိပါသည်။

မကြာပါ၊ ကျွန်တော်တယုတယပြုစုလာခဲ့သော ဂေါ်ရခါးပင်များမှာ တရွေ့ရွေ့ညှိုးနွမ်း၍ သေခြင်းအဖြစ်သို့ရောက်ရှိရှာလေပြီ၊ ကျွန်တော်စိတ်မကောင်းပါ။ ကျွန်တော်နောက်မှသိရသည်မှာ ဘိုမြ၏

ရွှတ်နောက်နောက်အကြံပေးချက်အရ ကျောင်းသားတစ်ဦးမှ ဆားရည်ဖျော်လောင်းလိုက်ကြောင်းသိရပါသည်။

## တရားခံ ဖော်ထုတ်နည်း

တစ်နေ့သောနေ့လယ်ခင်း ကျောင်းပြန်တက်ချိန်တွင်(စကားချပ်–ကျွန်တော်တို့၏သစ်တောကျောင်းသားများသည် ယူနီဖောင်းဝတ်ဆင်သူများပီပီ ကျောင်းတက်ကျောင်းဆင်းမှအစ ကစားကွင်းသွားပြန်ပင် သုံးယောက်ရင်ပေါင်တန်းပြီး ခြေလှမ်းညီညီဖြင့်လျှောက်ကြရပါသည်။) စာသင်ဆောင်သို့ရောက်လုနီးနီးတွင် ရှေ့တူရူမှ စက်ဘီးကိုယ်စီဖြင့် ရှုံးတက်လာကြသော စာတိုက်စာရေးမလေးသုံးဦးကို တစ်ဦးသောကျောင်းသားက မကြားတကြားနောက်ပြောင်လိုက်ပါသည်။ ဤသည်ကို ကလေးမလေးများကမကျေမနပ်ဖြင့် မိမိတို့၏စာတိုက်မှူးကိုပြန်၍တိုင်ကြားကြပါသည်။ စာတိုက်မှူးသည် အမျိုးသမီးတစ်ဦးဖြစ်ပြီး ကျောင်းသို့လိုက်လာပါပြီ။ ထိထိရောက်ရောက်အရေးယူပေးရမည်ဟု တိုင်ပါလေပြီ။ ကျောင်းအုပ်ကြီးနှင့်ကျောင်းဆောင်မှူးတို့လည်း စာတိုက်မှူးအား အမျိုးမျိုးတောင်းပန်ပြီး ပြန်လွှတ်လိုက်ရပါသည်။ တရားခံအား အမျိုးမျိုးစစ်ဆေးသော်လည်း မပေါ်ပါ။

နောက်ဆုံးတွင် ဤကိစ္စအား ကျွန်တော်တို့နှစ်ယောက်လက်ထဲသို့ ဝကွက်၍အပ်လေပြီ။

'ခက်ပြီ ..၊အဲဒါမှ ဒုက္ခ'ဟု ညည်းညူမိပါသည်။

ဘိုမြနှင့်ကျွန်တော်ခေါင်းချင်းရိုက်ရလေပြီ။ မကြာပါ၊ ပုစ္ဆာကတော့အဖြေပေါ်ပါပြီ၊(ကျောင်းသားများ–တန်းစီ–တာဝန်မှူး စုံ မစုံ–သတင်းပို့)။ တာဝန်မှူးသည်စစ်ဆေးပြီးနောက် လူစုံကြောင်း သတင်းပို့ပါပြီ၊ တရားခံအားဖော်ပေးရန် အကြိမ်ကြိမ်ချော့ကြည့်၊ ခြောက်ကြည့်၊ မြှောက်ကြည့်ပါသည်။ မရပါ။ ကောင်းပြီ တော်တော်ကြာ ဆရာတို့ဖော်ထုတ်လို့ပေါ်ခဲ့လျှင် ဆရာတို့အဆိုးမဟုတ်၊ ကျောင်းစည်းကမ်းဖောက်ဖျက်မှုဖြင့် ကျောင်းမှထုတ်ပစ်သည်အထိ အရေးယူမည်။ ဤသို့ ကြေညာလိုက်ချိန်တွင် တန်းစီကျောင်းသားများမှာ တုတ်တုတ်ပင်မလှုပ်ပါ။ ဆိတ်ငြိမ်ခြင်းသည် အပ်ကျလျှင်ပင်ကြားမည်ဟုထင်ပါသည်။

'ကဲ ဆရာတို့ပြောမယ်၊ မင်းတို့အားလုံး ဒီကနေရက္ခဗေဒဥယျာဉ်အရောက် အမြန်ပြေး၊ဟိုရောက်ရင် တရားခံဘယ်သူလဲမေးမယ်၊ မဖော်ချင်နေ၊ ထပ်ပြီး တစ်ခါ ရက္ခဗေဒဥယျာဉ်က ကျောင်းကိုပြန်ပြေးခိုင်းမယ်၊ မဖော်မချင်းပြန်ပြေးခိုင်းဦးမယ်။(မှတ်ချက်–ရက္ခဗေဒဥယျာဉ်နှင့်သစ်တောကျောင်းမှာ တစ်မိုင်ခန့်မျှခရီးရှိပါသည်။)ဆရာတို့နှစ်ယောက်က တစ်လှည့်စီ မင်းတို့ပြေးတဲ့နောက်က စက်ဘီးနဲ့လိုက်မယ်၊ ကဲ ..ဘယ်နှယ့်ရှိစ၊သဘောတူသလား၊စိန်လိုက်'ဟု ပြောတော့မှ ကျောင်းသားတစ်ယောက်မှာ မဝံ့တဝံ့ဖြင့် ကျွန်တော်ပါဆရာ ဟု ပြောပြီး ထွက်လာပါသည်။(အမည်ကိုတော့မဖော်ပြလိုပါ။)

## ခွတုတ်အဖြစ် ပန်းတီးတတ်သူ

ကျွန်တော်တို့သစ်တောကျောင်းသင်ရိုးညွှန်တမ်းများထဲတွင် သစ်တောပညာရပ်ဘာသာများအပြင် မြေတိုင်းဘာသာရပ်၊ လမ်း၊ တံတား၊ အဆောက်အဦ ဆောက်လုပ်သောသစ်တောအင်ဂျင်နီယာဘာသာရပ်များအပြင် မြေတိုင်းပညာဘာသာရပ်၊ ရှေးဦးသူနာပြုအတတ်ဘာသာရပ် ..စသည်တို့ပါဝင်ပါသည်။ သစ်တောအင်ဂျင်နီယာဘာသာရပ်နှင့်ပတ်သက်၍ လမ်း၊ အဆောက်အဦ၊ တံတား မဖောက်ရမဆောက်ရလျှင် သင်တန်းပြီးဆုံးလေ့မရှိပါ။ မြန်မာပြည်အရပ်ရပ်တွင် မည်သည့်သစ်တောခရိုင်၌ သစ်တောဘာသာရပ်နှင့်ပတ်သက်သည့် ကျွန်းသင်းသတ်ခြင်း၊ ပင်ကျပ်နုတ်ခြင်း၊ သစ်ပင်စိုက်ခြင်း၊လမ်းတံတားအဆောက်အဦးဖောက်လုပ် ဆောက်လုပ်ခြင်း ရှိ/မရှိသည်ကို နှစ်အစတည်းက စာရင်းကောက်ယူပြုစုထားရပါသည်။ တစ်နှစ် ၁၉၇၅ခုနှစ်တွင် ရန်ကုန်ကိုးမိုင်ဂေါက်ကွင်းတွင် သစ်ပင်များစိုက်ပျိုးပေးခြင်း၊ တံတားကြီးငယ်အသွယ်သွယ်တို့ကိုဆောက်လုပ်ပေးခြင်း၊ လက်တွေ့လုပ်ငန်းအနေဖြင့် ကျောင်းသားများအား လက်တွေ့လုပ်ကိုင်သင်တန်းပေးရပါသည်။

(မှတ်ချက် – ကိုးမိုင်ဂေါက်ကွင်းရှိ တံတားကြီးငယ်အားလုံးနှင့် သစ်ပင်မျိုးစုံအားလုံး၊ထို့ပြင် ဒညင်းကုန်းဂေါက်ကွင်းရှိ သစ်ပင်အားလုံးတို့မှာ ကျွန်တော်တို့ကျောင်း၏ လက်ရာများ ပင်ဖြစ်ပေသည်။)

တစ်နေ့တွင် ဘိုမြသည် ကျွန်တော်တို့ဟင်းကောင်းမစားရသည်မှာလည်း ရက်အတန်ကြာပြီဖြစ်ကြောင်း၊ ဟင်းမကောင်းသဖြင့် နှုတ်သီးမတွေ့ကြောင်းနှင့် ကျွန်တော်အား 'ဟေ့ ဆင်ပိုင်၊ ခင်ဗျားတရုတ်ဆိုင်မှာ တရုတ်ထမင်းဟင်းကောင်းကောင်းလေးများ မစားချင်ဘူးလား'ဟုမေးပါသည်။

'ကောင်းတာပေါ့၊ ဘယ်မှာလဲ၊ ခင်ဗျား"ကာစီ"(ငွေကိုဆိုလိုပါသည်)' 'ဒကာရှာမှာပေါ့ဗျာ၊ မခက်ပါဘူး၊ ကျွန်တော့်တာဝန်ပေါ့'ဟုပြောပါသည်။

တစ်နေ့ထမင်းစားချိန်တွင် ဘိုမြသည် အခြားဆရာနှစ်ဦးအား မခံချင်အောင်ဆွပေးစပေး၊ မြှောက်ပေးပါတော့သည်။

'ခင်ဗျားက ဂေါက်သီးလောကတွင် လူသစ်ဖြစ်ပေမယ့် လက်ကတော့အစွာသား၊ ဟိုဆရာကဝါရင့်သူဖြစ်ပေမယ့် လက်ကကျလာပြီမဟုတ်လား။ အဲဒီတော့ဝါရင့်သူက သုံးချက်အကြောပေးကစားဗျာ၊ ရှုံးတဲ့သူက ရှစ်မိုင်ဟိုတယ်မှာထမင်းကျွေးတမ်း၊ ကျွန်တော်တို့နှစ်ယောက်ကိုလဲ ကျွေးရမယ်နော်၊ ကျောင်းသားတွေနဲ့ အလုပ်တာဝန်တွေ

က ကျွန်တော်တို့နှစ်ယောက်တာဝန်ထား'ဟုတာဝန်ယူလိုက်သဖြင့် ပွဲဖြစ်ပါတော့သည်။

ဆရာလူသစ်လည်းရှုံးလေပြီ၊ ကျွန်တော်တို့လည်းစားလေပြီ။ ဘိုမြသည်ဤတွင်နှင့်မရပ်သေးပါ။ ထမင်းစားပွဲမှ လူသစ်ဆရာအား 'ခင်ဗျားရှုံးတာနာလိုက်လေဗျာ၊ ကျွန်တော်ခံပြင်းလိုက်တာ၊ ကဲ ဒီလိုလုပ်၊ ဒီတစ်ခါအချက်ကြောနှစ်ချက်ထပ်အပိုယူလိုက်၊ ပြန်ကစားဗျာ၊ နိုင်ကိုနိုင်ရမယ်'ဟု ဒီတစ်ခါတော့ ဝါရင့်သူကျွေးရမယ့်အလှည့်ရောက်ပြီပေါ့။

ရိုက်ချက်လည်းကောင်း၊ လက်ကလည်းစွာလျက်သားနှင့်ကပ်ပြီးရှုံးတာကတော့နာလှသည်ကွာဟု တစ်ယောက်တည်းပြောသလိုလိုနှင့်ဆက်၍ပြောနေပြန်ပါပြီ။ ရှုံးသူဆရာလည်း မခံချင်စိတ်တွေ တဖွားဖွားဖြစ်လာပြီး ထပ်မံစိန်ခေါ်ပြန်တော့သည်။ လာပြန်ပြီနောက်တစ်ပွဲ၊ လက်စွာသူ လူသစ်ပင်ကျွေးရပြန်ပြီ။ ကျွန်တော်နှင့် ဘိုမြမှာ (ဘုရားပွဲ)ဆွမ်းကြီးလောင်းပွဲ တွေနေပြီဟုဆိုလျှင် ပို၍မှန်ကန်ပေလိမ့်မည်။

ရှုံးနိမ့်သူသည် ဒီတစ်ခါတော့ ဘိုမြ ၏ပရိယာယ်ကို ရိပ်မိသွားဟန်တူပါသည်။ (ကျွန်တော်တို့နှစ်ယောက်မှာ ကာစိ မထည့်ရတိုင်း အမျိုးမျိုးမှာစားနေသည်ကို ဘဝင်မကျဖြစ်ဟန်တူပါသည်။)

ရှုံးနိမ့်သူ(ဝါ) ဒကာခံရသူပြောလိုက်ပုံကတော့'ကျွန်တော်ကုန်တာများပြီဗျာ၊ ဒီတစ်ခါတော့ ဆရာတို့နှစ်ယောက်လဲထက်ဝက်တော့ ဝင်အကုန်အကျခံဦးဗျာ'ဟုဖြစ်ပါသည်။ (ဆရာများ၏အမည်ကိုတော့မဖော်လိုပါ။)

## အရက်ကိုအခဲလုပ်၍မှီဝဲသော ကျောင်းသားပညာရှိ

လိုလျှင်ကြံဆံနည်းလမ်းရ ဆိုသောစကားမှာ လွန်စွာမှန်ကန်လေစွတကား။ တစ်ခုသောသင်တန်းကာလတွင် ပွင့်လင်းရာသီ၌ ကသာသစ်တောခရိုင်သို့လက်တွေ့သင်တန်းများ ဆင်းရလေသည်။ ခရီးမှာအတော်ပင်ဝေးပါသည်။ လက်ဝဲသုန္ဒရအမတ်ကြီးအပို့ခံရသည့် အထက်မဲဇာဘေးမှ အနောက်ဘက် တူရှုသို့ပွတ်၍ ဗန်းမောက်သို့ဆက်လက်သွားပြီး တစ်ညအိပ်၍နောက်တစ်နေ့တွင်မှ မန်စီကြီးသွားရာလမ်းဘေးသစ်တောတစ်နေရာတွင်စခန်းချပါသည်။ လူနှင့်ဝေးပြီးတောခေါင်သည့်နေရာဖြစ်သဖြင့် သွားလာခက်ခဲသည့်ပြင် အစားအသောက်လည်းလွန်စွာပင်ရှားပါးပါသည်။ အရက်ရဖို့ဆိုတာကလည်း ဝေလာဝေးပေသည်။

ကျွန်တော်တို့ကျောင်းတွင် ကျောင်းသားများအား ပညတ်ထားသည့်စည်းကမ်းချက်များထဲတွင် အရက်လည်းပါဝင်ပြီး သောက်ခွင့်လုံးဝမပြုပါ။(လွတ်အောင်ခိုး၍သောက်လျှင်တော့ မတတ်နိုင်ပါ)။ ယခုကျောင်းသားအုပ်စုထဲတွင် ကျောင်းသားတစ်ယောက်မှာညနေလက်တွေ့တောတွင်းလုပ်ငန်းမှပြန်လာပြီဆိုပါလျှင် လေကလေးတချွန်ချွန်ဖြင့်အရှိန်ရနေပါသည်။

အရက်သောက်ထားသည်မှာ သေချာနေပါသည်။ ထိုကျောင်းသား၏နေထိုင်ရာပတ်ဝန်းကျင်ကိုပိုက်စိပ်တိုက်၍ရှာဖွေကြည့်ရာ အရက်နှင့်ပတ်သက်၍ မည်သည့်သဲလွန်စမျှမတွေ့ရှိပါ။ ပတ်ဝန်းကျင်ကျောင်းသားများကို စုံစမ်းသော်လည်းမရပါ။

သို့သော် ညနေတိုင်းအရှိန်ရနေသည်ကတော့ အမှန်ပင်ဖြစ်ပေသည်။ ဤတွင်ဘိုမြနှင့်ကျွန်တော်သည် ခေါင်းချင်းရိုက်၍တိုင်ပင်ရလေပြီ။ သက်ဆိုင်ရာကျောင်းသားအားလည်း ကျွန်တော်တို့၏ နည်းဗျူဟာအတိုင်း ချော့၊ ခြောက်၊ မြှောက်၍မေးခဲ့လေပြီ။ မည်သို့မျှအရာမထင်ခဲ့ပါ။ ဒီတစ်ပွဲတွင်တော့ ကျွန်တော်နှင့်ဘိုမြမှာ နပ်ပစ်ခံရလေပြီ။

မတတ်သာသည့်အဆုံးတွင် အဆိုပါကျောင်းသားအား အများမသိစေရန် တောတွင်းတစ်နေရာသို့ ခေါ်ဆောင်သွားပြီး ပရိယာယ်သုံးရပါတော့သည်။

မင်းအရက်သောက်သည်မှာ တို့ထင်သည့်အတိုင်းဟုတ်ခဲ့သော်လည်း မင်းအားအရေးမယူပါ၊ မင်းကလည်း မကြာမီမှာ ကျောင်းဆင်းရတော့မည်ဖြစ်၍ ကျောင်းမှလည်း မထုတ်လိုကြောင်းပြောပြ၍ အတင်းဝန်ခံခိုင်းရတော့သည်။

ဤတွင်မှ ကျောင်းသားပညာရှိသည် ဝန်ခံလာပါတော့သည်။ မိမိသည် အရက်ကိုမသောက်ရကြောင်း။ သောက်သည်ဟုစွပ်စွဲပါလျှင် ဆရာတို့မှားပါသည်။ မိမိသည်အရက်ကို'စား'ကြောင်းဝန်ခံပြောပြလေရာ ကျွန်တော်နှင့်ဘိုမြမှာ မျက်လုံးပြူးရပါလေပြီ။ 'အရက်ကိုစားတယ်လို့ တစ်ခါမှမကြားဖူးပါ၊ မင်းအဖြစ်ကအဆန်းမို့ ဆရာတို့ကိုလင်းပြပါဦး'မေးရပါသည်။

မိမိသည်အရက်ကိုအလွန်ကြိုက်နှစ်သက်ကြောင်း၊ တစ်နေ့တစ်ကြိမ်ညနေထမင်းမစားမီ (အထူးသဖြင့်တောထဲတွင်နေရစဉ်)မှီဝဲလိုပါသည်။ သစ်တောကျောင်းကလည်းစည်းကမ်းအလွန်ကြီးသဖြင့် အခက်တွေ့ရာမှ အရက်ကိုအခဲလုပ်မှုဟု စဉ်းစားမိကြောင်း၊ မိမိသည်ကျောင်းပိတ်၍အိမ်ပြန်သွားစဉ်က အုန်းသီးကြီးကြီးရင့်ရင့်တစ်လုံးကို အမှျင်ခွာ၊ ထို့နောက် မျက်နှာဝဘက်မှ အပေါက်တစ်ပေါက်ကိုဖောက်၊ အုန်းရည်တွေကို ကုန်အောင်ထုတ်၊ နေပူတွင်အကြိမ်ကြိမ်အုန်းဆန်ခြောက်ပြီး ချောင်သည်အထိလှန်း၊ ဤတွင်'အိုပီ'အရက်အဆီကိုလောင်းထည့်၊ နှံ့စပ်အောင်လှည့်လှုပ်၊ နေပူပြန်လှန်း၊တစ်ဖန်အိုပီအရက်အဆီကို အုန်းဆန်စုပ်ယူနိုင်သလောက် ထပ်ဖြည့်ထည့်၊ လှည့်၊ လှုပ်၊ လှန်းပြီးနောက်ဆုံးအုန်းသီးဆန်မှ အိုပီအဆီဝ၍ ဆက်မစုပ်နိုင်တော့မှ နားပါတော့သည်။ အရက်ကိုမိမိမှီဝဲလိုသည့်အခါကျမှ အုန်းခွံအမာကိုအသာခွဲပြီး အထဲမှအရက်ဝနေသော အုန်းဆန်ကိုထုတ်၊

တစိမ့်စိမ့်ငါးဖိမ်ခံပြီး ရေသောက်ပါသည်။ 'ကျွန်တော့်အနေဖြင့် လက်မတစ်ချောင်းစာ မရှိတရှိစားလျှင် တစ်နေ့တာအတွက်လုံလောက်ပေပြီ'။

'ကဲ ..ဟုတ်ပြီကွာ၊တို့မင်းကိုရှာစဉ်က မင့်ထံမှအရက်နံ့လည်းမရပါလား။ မင်း ..ဘယ်လိုများလုပ်သေးသလဲ'ဟု ဆက်မေးပါသည်။

'ဘာခက်သလဲ ဆရာရယ်၊ ဆန်စေ့နည်းနည်းထဲကို ပွဏ္ဏားစားရှိန်းခိုလေး ဆန်ကွဲစေ့လောက်ထည့်ပြီး ဝါးထားလေတော့ ဆရာတို့ကိုယ်တိုင် ကျွန်တော့နားကပ်ချင်သည့်စိတ်ကုန်သွားပြီ မဟုတ်ပါသလား'ဟုပြန်၍ပင် အမေးခံရပါသည်။

ဩော် တော်လေစွ၊ တော်လေစွ၊ အမောင်ကျောင်းသား ၊ စိုင်ကမုဆိုးကိုသင်ပေးသည့် ပညာမှာ တစ်လုမ်းမျှနောက်ကျသွားလေပြီ မဟုတ်ပါလော။

ကျန်ရှိနေသေးသည့်ကျောင်းသားပညာရှိ ဇာတ်လမ်းလေးများကို နောင်လာမည့် သစ်တောကျောင်းနှစ် (၂၀၀)ပြည့် စာစောင်အတွဲ(၂)ကျမှ ဆက်လက်ပြီးရေးကြရအောင်ဟု ကျွန်တော်၏ရောင်းရင်းကြီး ဘိုမြက အကြံပြုလာပါသဖြင့် ဤတွင်ပင် ရပ်နားခွင့်ပြုပါရန် .....။



# ရိဒ်ရေကန်

စိုးပြေ (ကော့မှူး)

♥ ကမ္ဘာတစ်လွှား
မရှိရှား၍
များပြားဂုဏ်ဒြပ်
ရိဒ်ကန်မြတ်က
သတ်မှတ်ထူးခြား -- ဂုဏ်အင်များ

♥ များပြားဒီမိုး
ရှာသွန်းဖြိုးလဲ
မညိုးအသည်း
မပျက်ဘဲနေ
အမြဲရိဒ်ကန် -- သစ္စာမှန်

♥ ပူလောင်ရေရှား
နှစ်တွေများတွင်
ထူးခြားရိဒ်ကန်
မခန်းပြန်လို့
ပန်းပန်အမြဲ -- လှနေဆဲ

♥ ဆောင်းတွင်းရေနောက်
သူစိတ်ကောက်လို့
နွေရောက်မိုးဆို
ကြည်လင်ပျိုရွင်း
ကွန်းခိုအသည်း ချင်းပြည်ထဲက
အမြဲသစ္စာ -- တည်ရှိရာ

♥ ရိဒ်ကန်အနား
သစ်ပင်များနဲ့
များပြားမိုးမခ
စည်းရိုးလှရယ်
ခြယ်သဗေဒါ
ပွင့်မြဲရှာရင်း
ချိန်ခါလှစေ
ကြာပင်တွေက
ရိဒ်ရေကန်လှ --ဦးခိုက်ကြ

♥ ချင်းမြေတစ်ခေါက်
ဒီမောင်ရောက်ရင်
တစ်ထောက်ခရီး
ရိဒ်ကန်နီးဝယ်
ကြည့်ပြီးအလှ
ခံစားရဖို့ -- နေခဲ့မည် ♥ ♥

# ဥယျာဉ်မှူး၏ ဝေဒနာ



တနသ်ာရီ သဘာဝကြိုးဝိုင်းစီမံကိန်း၊ မိကျောင်းလှောင်းမျိုးဥယျာဉ်သို့ နေရာဒေသအသီးသီးမှ ရောက်လာကြသည့် မဟော်ဂနီနှင့် ပျဉ်းကတိုးမျိုးစေ့လေးတွေအတွက် မျိုးအိတ်တွေအသင့်ရှိပြီးပြီမို့ မျိုးထောင်မှုလုပ်ငန်းကို ကျွန်တော် နွေရာသီမှာ စတင်ခဲ့ပါတယ်။ မျိုးထောင်စိုက်မျိုးပြုစုရတဲ့ ရည်ရွယ်ချက်ကတော့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောရေိယာတွေထဲက တောင်ယာဟောင်းတွေ မြေကွက်လပ်တွေမှာ ပြန်လည်ဖြည့်သွင်းစိုက်ပျိုးပြီး အနာဂတ်ဒေသခံမျိုးဆက်သစ်တွေအတွက် သစ်တော သစ်ပင်တွေကို တန်ဖိုးထားထိန်းသိမ်းတတ်ခြင်းနှင့် သဘာဝအမွေအနှစ်တွေ ပိုင်ဆိုင်စံစားနိုင်ကြစေဖို့ပါပဲ။ နွေရာသီရဲ့ အပူရှိန်ကို အလ်နီညိုရာသီဥတုက ထပ်ပြီးလွှမ်းမိုးထားတော့ မျိုးထောင်ထားတဲ့ အပင်ပေါက်ကလေးတွေကို ပိုးမွှေးသလိုမွှေးခဲ့ရတယ်၊ နေ့စဉ် အရိပ်တကြည့်ကြည့်နဲ့စောင့်ရှောက်ခဲ့ရတယ်။ လူက ရေမှန်မှန်မချိုးနိုင်ပေမယ့် သူတို့လေးတွေကို နေ့စဉ်ရေမငတ်အောင် ကြိုးစားခဲ့ရတယ်၊ ကျန်းမာသန်စွမ်းအောင် အပင်အားဆေးတွေ အချိန်မှန်တိုက်ကျွေးခဲ့ရတယ်၊ ကမ္ဘာကြီးပူနွေးမှုနဲ့ ရာသီဥတုအပြောင်းအလဲကြောင့် ရောဂါပိုးတွေကျရောက်တဲ့ လက္ခဏာစတာနဲ့ နားလည်တဲ့ဆရာတွေကိုမေးပြီး အချိန်မလွန်ခင်ကုသခဲ့ရတယ်၊ လစဉ်တောထဲကို ဥပဒေစိုးမိုးရေးအတွက် ကင်းလှည့်ခရီး(၅)ရက်လောက်သွားရရင် ညတွေဆို ကျွန်တော့်အပင်လေးတွေကိုပဲ သတိရပြီးစိုးရိမ်နေမိတယ်။ ခရီးပြန်ရောက်တာနဲ့ ကျွန်တော်မျိုးဥယျာဉ်လေးကို အရင်ပြေးကြည့်လိုက်မိတယ်။ အပင်လေးတွေစိမ်းစိမ်းစိုစိုနဲ့ ရှင်သန်နေတာကိုမြင်လိုက်ရမှအမောတွေပြေပြီးသက်ပြင်းချနိုင်ခဲ့တယ်။ အပင်လေးတွေကို မနက်တစ်ခါ ညနေတစ်ခါ ရေလောင်းပေးရတယ်။ အဲ့ဒီလိုရေလောင်းပေးတဲ့အခါ တစ်ပင်နဲ့တစ်ပင်ယိမ်းနွဲ့လှုပ်ခတ်ပြီး ပျော်နေကြသလိုပဲ ကျွန်တော်တို့ငယ်ငယ်က သူငယ်ချင်းတွေနဲ့မိုးရွာထဲရေချိုးရတဲ့အခါ ပျော်ရဆော့ရတာကို ပြန်သတိရမိတယ်။ ဒီနှစ်နွေရာသီမှာ နေပူရှိန်ကပြင်းပြီး သင်္ကြန်မိုးတောင်မရွာခဲ့တော့ နေ့လယ်ဆို ကျွန်တော့်အပင်လေးတွေ ငိုက်နေညိုးနေရင် ကျွန်တော်မှာ ဘာလုပ်ပေးရင်ကောင်းမလဲဆိုပြီး တွေးတောပူပန်ခဲ့ရတာအမောပဲ၊ သဘာဝတရားဆိုတာကလည်း ဖန်တီးလို့မရဘူးလေ။ ဒီတစ်နွေလုံး ကျွန်တော်တော်တော်ပူပင်ခဲ့ရတယ်၊ ဒါပေမယ့် မိုးလေဝသဌာနရဲ့ မေလတတိယအပတ်မှာ မုန်တိုင်းရှိတယ်ဆိုတဲ့ သတိပေးချက်က ကျွန်တော့်အပင်လေးတွေ မိုးရေသောက်ရဖို့ မျှော်လင့်ချက်ဖြစ်လာခဲ့တယ်။ ပြောပြောဆိုဆိုနဲ့ မေ(၁၈)မှာမိုးတွေရွာတော့ အပင်လေးတွေမိုးရေတွေသောက်သုံးခွင့်ရတာကိုကြည့်ပြီး ကျွန်တော်ပျော်နေခဲ့တယ်။ ကျွန်တော်က မျိုးဥယျာဉ်နဲ့ပတ်သက်လာရင် မျက်ကန်းတစ်ယောက်လိုပဲ လိုအပ်ချက်တွေအများကြီးနဲ့ပေါ့။ ဒါကြောင့်နေ့စဉ်မျိုးဥယျာဉ် ထဲမှာလုပ်နေပေမယ့် ကျွန်တော်မသိတဲ့လိုအပ်ချက်တွေကို ကျွန်တော်တို့ရဲ့ဆရာတွေက ခဏလေးဝင်ကြည့်လိုက်တာနဲ့မြင်တယ်သိတယ်။ ဆရာတွေရဲ့ထောက်ပြလမ်းညွှန်မှုတွေက ကျွန်တော့်အပင်လေးတွေရဲ့ အနာဂတ်ကို လှပစေခဲ့ပါတယ်။





အဲ့ဒီလို အရည်အသွေး စံချိန်မှီတဲ့ ပျိုးပင်လေးတွေဖြစ်လာအောင် ပြုစုစောင့်ရှောက်နေလာရင်း ဇွန်လ ဒုတိယအပတ်ရဲ့ နေ့တစ်နေ့ မနက်(၇)နာရီမှာ ကားတစ်စီး ပျိုးဥယျာဉ် ရှေ့လာရပ်ပါတယ် ပျိုးဥယျာဉ် လုပ်သားတစ်ယောက်က ကျနော်ဆီလာပြီး ''ဆရာပျိုးပင် လာယူတာတဲ့''အေး ‥ လာခဲ့မယ်ဆိုပြီး ကျွန်တော်က ကင်မရာနှင့် မှတ်တမ်းစာအုပ်ယူပြီး လိုက်သွားပါတယ်။ ဒီအချိန်အထိ ကျွန်တော် ဘာမှစိတ်လှုပ်ရှားမှုမရှိခဲ့ဘူး၊ သို့သော်-- ပျိုးဘောင်ထဲက ပျိုးပင်လေးတွေမယူပြီး လက်တွန်းလှည်းပေါ်တင်လိုက်တဲ့အချိန်မှာတော့ ကျွန်တော့်စိတ်ထဲနင့်ကနဲဝမ်းနည်းစိတ်လေးဖြစ်လာတယ်၊ ပျိုးပင်လေးတွေယူလိုက်တော့ ပျိုးဘောင်ထဲမှာ မြေကွက်လပ်လေးပဲ ကျန်တော့တယ်၊ နေ့စဉ် ဒီနေရာက ကျွန်တော်ပျိုးခဲ့တဲ့ ပျိုးပင်လေးတွေနဲ့စိမ်းစိုနေခဲ့တာ အခုအဲ့ဒီအပင်လေးတွေ မရှိတော့ပဲ မြေကွက်လပ်ကြီး ဖြစ်သွားတော့ ကျွန်တော့်ရင်ထဲကတစ်ခုခု ဆွဲထုတ်ခံလိုက်ရသလို ဟာသွားတယ်၊ တွန်းလှည်းပေါ်ကနေ ကားပေါ်တင်လိုက်တယ်။ ကားပေါ်မှာ အပင်လေးတွေစီပြီး တင်ထားတာကိုကြည့်ပြီး ကျွန်တော်တော်တော်ခံစားရတယ်၊ ဝေဿန္တရာမင်းက သူ့သားနဲ့သမီးကို သူတစ်ပါးအပြီးအပိုင်ခေါ်သွားတော့ဖြစ်ခဲ့တဲ့ ဝေဒနာခံစားမှုအထိ မဟုတ်ခဲ့ရင်တောင် ကျွန်တော့်ရင်မှာ ပူလောင်မှုတွေ ပွက်ပွက်ဆူနေခဲ့တယ်။ ကျွန်တော့်ရင်ခွင်အောက်ကနေ ဘာမှမသိသေးတဲ့နေရာသစ်ဆီ ခေါ်ယူဆောင်ခြင်းခံရတဲ့ ပျိုးပင်လေးတွေမှာလည်း မလွန်ဆန်နိုင်ခြင်း၊ အားငယ်ခြင်း၊ စိတ်မကောင်းခြင်းများစွာနဲ့ ကျွန်တော့်ကိုလှမ်းကြည့်နေကြသလိုပါ၊ ကျန်နေခဲ့တဲ့ ပျိုးပင်အဖော်လေးတွေကလည်း ခွဲခွာသွားတော့မယ် သူတို့ရဲ့သူငယ်ချင်းတွေကို နှုတ်ဆက်နိုင်စွမ်းမရှိလို့ ခေါင်းတွေငုံ့ထားကြသလိုပါပဲ။ ကျွန်တော်တို့ရဲ့ဖြစ်ခဲ့တဲ့ သံယောဇဉ်ကြိုးကို ဖြတ်တောက်ခံလိုက်ရတဲ့ဒီနေ့အတွက် မိုးနတ်မင်းကြီးကလည်း တိမ်ညိုတွေဖွဲ့ပြီး အဆက်မပြတ် ရွာချငိုကြွေးနေခဲ့တယ်။ ပျိုးပင်တင်ထားတဲ့ ကားကြီးကစတင်ရွေ့လျားသွားပါပြီ၊ ပျိုးပင်လေးတွေဟာ တစ်ပေနဲ့ တစ်ပေခွဲကြားအမြင့်ရှိတော့ ကားလှုပ်တိုင်းကိုင်းဖျားလေးတွေ တလှုပ်လှုပ်ရမ်းနေသည်မှာ ကျွန်တော့်ကို အပြီးအပိုင် ခွဲခွာသွားကြောင်း နောက်ဆုံးအနေနဲ့နှုတ်ဆက်ပြောနေသလိုပါ။

ကားပေါ်က လှုပ်ရမ်းနေတဲ့ ပျိုးပင်လေးတွေကို မျက်စိတစ်ဆုံးလိုက်ကြည့်နေရင်း အပင်ကလေးတို့ရေ ဝိသမလောဘသားတွေရဲ့ လက်ကနေလွတ်မြောက်ပြီး ကမ္ဘာမြေစိမ်းလန်းစိုပြေမှုနှင့်အတူ လူသားတွေအတွက် အကျိုးပြုနိုင်သော အဖိုးတန်သစ်ပင်ပန်းမန်ကြီးတွေအဖြစ် ထာဝရရှင်သန်နိုင်ကြပါစေလို့ မိုးသဲသဲအောက်မှာ ကျွန်တော်တစ်ယောက်တည်း ဆုတောင်းပေးရင်း ကျန်နေခဲ့ပါတော့တယ်။

# ကာတွန်းကဗျာ



ဒီကမ္ဘာ
ဂြိုဟ်ပေါ်မှာ
ကျွန်တော်တို့တွေ
နေထိုင်ပြုမူနေကြပုံက
သွားနေစရာ တစ်ခြားဂြိုဟ်တစ်လုံး
ရှိနေသေးသလိုပဲ။

Terri Swearingen



မိုင်ပေါင်းများစွာ ဝေးတဲ့
နေရာက အစားအစာတွေကို
သယ်ယူဖို့ စွမ်းအင်တွေ
အများကြီး ကုန်မယ်။
ဒေသထွက်ကို
ဝယ်စားပါ။



ကျွန်ုပ်တို့ရဲ့ လူနေမှုပုံစံကို
မပြောင်းရင် သဘာဝပတ်ဝန်းကျင်
ပြဿနာရဲ့ အဖြေကို ရှာတွေ့မှာ
မဟုတ်ဘူး။

Pope John Paul II

အော်ပီကျယ်



# SOIL AND WATER CONSERVATION MEASURES FOR LAND REHABILITATION AND AGROFORESTRY

**By**
**U SEIN THET, DIRECTOR (RTD)**

Being an agriculture-based developing country, Myanmar is making an all out effort to achieve its agricultural development. Agriculture and Forestry play and important role in the State's Economy. Majority of the rural population in Myanmar earn their living through agriculture and forestry related works, and hardship in real life of small-holder farmers. The difficulties and hardship are more pronounced for the resource-poor farmers dwelling in watersheds due to poor infrastructure, lack of market opportunity, limited accessibility to credit, lack of pragmatically appropriate technological intervention and so forth.

The **Taungya,** Myanmar word, has originated in Myanmar and literally means hill *(Taung)* cultivation *(ya)*. Originally it was the local term for shifting cultivation, and was subsequently used to describe the afforestation method. The regenerating with the aid of taungya or the taungya plantations have been established in Myanmar since 1869 with the primary objective of arresting the rapid advance of shifting cultivation. The system has proved so efficient that forestry plantations are established at a low cost while giving the villagers the right to cultivate their food crops in the early stages of plantation establishment; they promoted afforestation on cleared land by sowing tree seeds or planting seedlings distributed by the Forest Department. Hence, the taungya system is claimed to be a forest resource management technique. Essentially, the taungya system consists of growing annual agricultural crops along with the forestry species during the early years of establishment of the forestry plantation. The land belongs to the Forest Department, which allows the subsistence farmers to raise their crops. The farmers are required to tend the forestry seedlings and in return, retain all of the agricultural produce. This agreement usually lasts for two or three years, depending on the initial spacing and the inherent crown structure of the tree species.

The ecological potential of an area is undoubtedly the prime factor that decides the adoption and spread of specific agroforestry systems in different parts. The preponderance of homegardens and other multispecies mixes in fertile lowlands and high potential areas at one end of the ecological scale and extensive silvopastoralism at the other end, with various systems in between, gives a spectrum of agro-ecological adaptability and spread of various agroforestry systems. The objective of introducing tree species in the agricultural fields is not only to cover the risk of crop failure but also to meet the demand of fuel, fodder, and timber. Besides, tree also enhance soil fertility. But systematic attempts to identify appropriate agroforestry systems for different localities and improve them for higher productivity and better economic returns had seldom been made until the early 1970s.

Several criteria can be used to classify and group agroforestry systems and practices. The most commonly used ones are the system's composition and arrangement of components, its function, its socioeconomic scale and level of management. And its ecological spread. Structurally, the system can be

tolerant and hence give better results when grown in the homestead. Banana and pineapple are also common fruit crops in the homesteads.

The existence of an **Agroforestry System** or practice in a particular area is determined not only by the environmental and agro-ecological factors, but also by socioeconomic considerations. In different areas with identical agroclimatic conditions, factors such as human population pressure ,availability of labour and other production resources, proximity and accessibility of market sources, etc, are the main determinants to the types and forms of agroforestry systems. Even in the case of systems that are widespread in most ecological and geographical regions, such as shifting cultivation and taungya, they have very many variants that are specific to certain defined situations As a general rule it can be said that while the ecological factors determine the major type of an agroforestry system in a given locality, the complexity of the system and the degree of intensity of its management increase in direct proportion to the population intensity and land productivity of the area. A typical example is the spread of the multistoried home garden system. Though found mostly in humid lowlands, the home garden are also common in pockets of high population density in other ecological regions. There are some functional aspects of specific agroforestry practices that are emphasized or necessitated in specific agro-ecological situations. For example, the functional emphasis of agroforestry systems in sloping lands is erosion control and soil conservation; in wind-prone areas, woody species breaks; the emphasis is on fuelwood production in areas with fuelwood shortage; there are also specific agroforestry approaches for the reclamation of degraded lands and other waste lands (such as highly eroded lands. Areas with high levels of salinity/ alkalinity, etc).

In Myanmar especially at hilly areas numerous gullies dissect the landscape. affecting water regimes, cutting into cultivated fields deeper and wider every year and carrying precious sediments to streams and rivers. Gully control is not an activity that can be implemented in isolation . It is understood that gullies are the result of a severe land degradation process and thus should be traced back to its causes. As a result, gully control is undertaken in combination with other physical and biological measures on the upper stream sided of the catchment serving the gully. In this respect gully control is not limited to one land use but may occur in both cultivated, grazed or forest lands.

**A stone checkdam** is an obstruction wall across the bottom of a gully or a small stream, which reduces the velocity of the runoff and prevents the deepening and widening of the gully. Sediments behind the checkdam may be planted with crops or trees/shrubs grass and thus provide additional income to the farmer. Small stone checkdams are mostly used for small gullies and depression areas between fields. Unstable soils should not be treated with checkdames (sodic, sandy) since they can not anchor properly and can easily be by-passed by water. They should rather be treated with vegetation. The gully sides are reshaped and soil filled against the chackdam wall. Gully sides should be planted with rows of grass (Napier) and possibly reinforced with localized native plants placed along the upper and/ or lower side of the dam.

**Brushwood checkdams** are temporary structure constructed with trees, branches, poles and twigs. Plant species which can easily grow vegetatively through shoot cuttings are ideal for this purpose. The objective of these dams is to retain sediments and slowdown runoff, and enhance the revegetation of gully areas. They are constructed either in single or double row, in areas without stones. Brushwood checkdams are suitable only for small gullies of less than 2m depth. Brushwood checkdams should be combined with planting of multipurpose plant species, preferable having vegetative propagation (elephant grass, bamboo, etc.). A properly constructed brushwood dam require considerable amount of planting material and these may be a constraint in most of area like dryzone. The thicker branches will be used as vertical posts. Their height depends from the height of the gully but should not be more than one meter above the ground. The vertical posts should be driven into the soil at least 50-60 cm depth, spaced apart 30-50cm. They should also gently lean backslope for better resistance. After the posts are driven into the soil, the thinner branches or limbs are interwoven through the posts, to form a wall. Each branch should be pushed into the banks, up to 50 cm inside. If vegetative materials are used these branches will strike roots into the banks and strengtnen the dam. The soil at both ends of the dam is carefully patched down with feet. No soil should be dumped in the middle part of

grouped as **agrisilviculture** (crops-including tree/shrub crops-and trees), **silvopatoral** (pasture/animals + trees), and **agrosilvopastoral** (crops + pasture animals + trees). Other specialized agroforestry systems, such as **apiculture** with trees, aquaculture in mangrove areas, multipurpose treelots, and so on, can also be specified. The arrangement of the components can be in time (temporal) or space (spatial) and several terms are used to denote the various arrangements.

Agriculture, Livestock Production, and Forestry can be practiced in rotation, simultaneously, or spatially on the same piece of land. Agroforestry aims to ensure ecological stability and to maximize benefits to the user of the land. In aird zone, the harsh conditions of climate and the shortage of water are intensified by strong winds. Living conditions and agricultural production can often be improved by planting trees and shrubs in protective windbreaks and shelterbelts which reduce wind velocity and provide shade. Windbreaks and shelterbelts, which are considered synonymous, are barriers of trees or shrubs that are planted to reduced wind velocities and, as a result, reduce evapotranspiration and prevent wind erosion; they frequently provide direct benefits to agricultural crops, resulting in higher yields, and provide shelter to livestock, grazing lands, and farms. A main objective of windbreaks and shelterbelts is to protect the agricultural crops from physical damage by wind. Other benefits include:

- Preventing, or at least reducing, wind erosion;
- Reducing evaporation from the soil
- Reducing transpiration from plants;
- Moderating extreme temperatures.

Home garden is an important traditional agroforestry system, which is observed all over Myanmar. However, the magnitude of its economic, cultural, and environmental significance varies from one place to another. For instance, in places where market opportunity is good, the produce from home gardens contributes a relatively large portion of the housebold's income, where as in remote areas with poor or lack of access to market, the people practice the system almost solely for domestic consumption, cultural rites, and ecological stability. The first example applies to the home gardens in the Kinda and Inle watersheds, where they play a vital role in small-scale agricultural economy. The latter applies to those in the project area of Mong Yu (Shan East) where the production from home gardens can contribute only less than ten percent of the farmers' total income. Likewise, the size of the home gardens is varied. In the Kinda and Inle watersheds, many villages have comparatively small home plots providing vegetables and fruits for home consumption, whilst in other areas, such as Ywangan, they are quite large and overwhelming commercial. The size of the home gardens in Mong Yu ranges from less than $500m^2$ to two hectares.

The arecanut palm (*Areca catechu*), popularly known as betel nut, is extensively used by all sections of people as a masticatory and for several religious and social ceremonies. This crop is grown mainly in areas with assured irrigation faculties, in homesteads situated in the valleys and plains. Cashew is yet another important export oriented crop grown as pure stand also in the homesteads in marginal and submarginal soils ,This tree crop is fairly -resistant and is common in areas where the rainfall is erratic and the drought is prolonged. The cashew nut processing developed as a cottage industry has enhanced the employment opportunities for the rural people. Cultivation of ginger and turmeric is very (after processing) popular in almost all the places in Myanmar. Satisfactory yield in the partially shaded condition existing in the homegardens, fair market demand, easy processing and long storage life are factors that encourage the farmers for wide-spread cultivation of these crops in the homesteads. Coffee-based homestead system is a notable feature of the high altitude region. In this system, coffee is intercropped with perennial crops like black pepper, jack fruit and others. Of late, coconut has also been introduced in this region and forms an ideal shade crop for coffee especially in the early stages of growth of coffee. Among the tropical tubers, cassava and yam are the most common and important subsidiary food crops. Cassava is grown in the homesteads under partially shaded conditions, with lesser tuber productivity compared to open area stands. Other tuber crops like taro, elephant foot yam, dioscorea, lesser yam, arrow root, sweet potato and Chinese potato are more shade

the dam. As a simple rule of the thumb for the distance between the two successive dams is that the bottom of the upper checkdam should be level with the tops of the poles of lower one. Another rule would be to use the same calculation for stone checkdams and divide the distance by two or three. The brushwood checkdam should be reinforced with plant with native species placed along the upper and/or lower side of the dam. Maintenance is often required because damage can easily occur, particularly at the corner of the dam adjoining the banks. Extra poles and branches should be placed accordingly. Limitations refer to availability of planting material and maintenance. In this respect only small gullies are recommended for this measure.

**Revegetation of a gully** is the plantation of the gully sides and bottom with multipurpose species so that it reduces runoff and control erosion, support and enhances the stability of physical structures such as checkdams. Besides. It allows unproductive areas to useful biomass for different purposes. Three conditions and steps are important for revegetation:

(1) Exclude the cattle throughout the year. Use cut and carry.
(2) Reshape the steep gully sides. Reshaping can be done either by cutting edges or shaping the slope in grades or steps for tree/grass planting.
(3) Plant trees and which are drought resistant and colonize the soil rapidly. Elephant grass, Rhodes and Buffle grass are recommended. For trees/shrubs, Sesbania sesban, Prosopis and Acacia species. The gully edges adjacent to the fields should be stabilized with strong rooting tress and vegetation to impede the widening of the gully.

The revegetation of a gully is always combined with physical structures. The main Limitation refer to the cattle interference. It is suggested to start with small portions of a gully as a demonstration.

*Traditional agroforestry* exists in the Myanmar Dry Zone such as boundary plantations along the contours with multipurpose species, scattered Acacia Catechyu in the crop land, homestead plantations.etc. Unfortunately, those systems have not been properly studied yet and additional attention should be paid to explore the potentials of the existing systems and their possible improvement. A good rule to bear in mind is that *agroforestry is site-specific:* specific to the growing and farming conditions, and specific to the wants and needs of the farmer. The extension worker should be certain that farmer is fully aware of. And understands both what can be gained and how to properly manage the agroforestry system proposed for his/her farm so as to reap maximum benefits. *A poorly managed agroforestry plot can lead to drastically reduced crop yields* due to over shading of the crops by the trees and/or by a tree/shrub becoming weedy or highly competitive.

Agroforestry is a complex science which draws from a wide range of disciplines. Agroforestry projects should be carefully planned to avoid creating ecologically unstable systems. To ensure a successful design it is important to have access to state-of-the-art technologies and data. Some requirements for necessary preliminary data are:-

- Climatic, soil and biological aspects of proposed site
- Species of agricultural crops and woody perennials suited to the ecology of proposed site
- Species of agricultural crops and wood perennials which are complementary, given the ecological context of proposed site
- Practices and technology feasible for socio-economic and ecological context of proposed site.

Agroforestry is an attractive means of combating the ecological and socio-economic problems of the tropics. Properly planned and executed projects can improve land productivity, protect soils, and provide wood, food and cash crops in a manner acceptable to farmers. The end result is a self-sustaining, and therefore, stable ecosystem.



# တက်ကြွအားသွန် နိုင်ငံဝန်ဦ

တိုးချဲ့မောင်

မြန်မာနိုင်ငံတွင် သစ်တောဌာနကို ၁၈၅၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး သစ်တောများရေရှည်တည်တံ့၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး၊ သစ်နှင့်သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးတို့အား အဓိကလုပ်ငန်းတာဝန်များအဖြစ်ဆောင်ရွက်လျက်ရှိသည့်အပြင် အခါအားလျော်စွာ ပေါ်ပေါက်လာသည့် လုပ်ငန်းတာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်ခဲ့သည့် သမိုင်းအစဉ်အလာ ကောင်းမွန်ခဲ့သောဌာနတစ်ခုဖြစ်ပါသည်။

စတင်ဖွဲ့စည်းချိန်ကာလတွင် သစ်တောဌာနအမည်ဖြင့် လုပ်ငန်းတာဝန်များဆောင်ရွက်ခဲ့သော်လည်း ခေတ်ကာလပြောင်းလဲလာခဲ့ပြီး ယခုအချိန်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် သစ်တောဦးစီးဌာနအမည်ဖြင့် နိုင်ငံတော်၏ လုပ်ငန်းတာဝန်များကို အခြားဆက်စပ်ဌာနများနှင့်သော်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် ဆက်သွယ်လျက် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားကို စည်းရုံးရယူ၍ လုပ်ငန်းများအကောင်အထည်ဖော်လျက်ရှိပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် နိုင်ငံတော်၏ သဘာဝသယံဇာတအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းရန်၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်ရေးအတွက် ရေရှည်တည်တံ့စေသော နည်းလမ်းများဖြင့် နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကိုဟန်ချက်ညီညီ သဟဇာတရှိဖြစ်စေရန် အနာဂတ်မျှော်မှန်းချက်ထားရှိ၍ လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပါသည်။ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောများထာဝစဉ်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၁၉၉၅ ခုနှစ်တွင် သစ်တောမူဝါဒချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသား သစ်တောကဏ္ဍ နှစ်(၃၀) ပင်မစီမံကိန်းတွင် ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောအား နိုင်ငံဧရိယာ၏(၃၀) ရာခိုင်နှုန်း၊ ဘေးမဲ့တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများအား နိုင်ငံဧရိယာ၏ (၁၀)ရာခိုင်နှုန်းထိ ဖွဲ့စည်းနိုင်ရေး ရည်မှန်းထားရှိဆောင်ရွက်နေပါသည်။ လုပ်ငန်းများဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသည့်ခေတ်နှင့်အညီ အဆင့်မြင့်နည်းပညာများ၊ ခေတ်မီကိရိယာများကို အသုံးပြုလျက်မှန်ကန်မြန်ဆန်သည့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည့်အပြင် လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်သည် အဓိကလိုအပ်ချက်ဖြစ်ပါ၍ ဝန်ထမ်းများအား ဌာနတွင်းသင်တန်းများပို့ချခြင်း၊ တက္ကသိုလ်/သင်တန်းကျောင်းများဖွင့်လှစ်၍ သင်ကြားစေခြင်း၊ နိုင်ငံခြားပညာသင်များစေလွှတ်ခြင်း၊ နည်းပညာများ ဖြန့်ဝေခြင်းနှင့်အသိပညာများ ဖလှယ်ခြင်းတို့ကိုဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းများမှ စွမ်းဆောင်ရည်မြင့်မားစွာဖြင့် လုပ်ငန်းတာဝန်များကို မှန်ကန်မြန်ဆန်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှု ရရှိရေးသည် မဖြစ်မနေ လိုအပ်လျက်ရှိသဖြင့် စီမံကိန်းလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူတို့အား အသိပညာပေးခြင်း၊ စည်းရုံးခြင်း၊ နည်းပညာများ ဖြန့်ဝေခြင်း၊ သင်တန်းများပို့ချခြင်း၊ ဟောပြောပွဲများ ကျင်းပဆောင်ရွက်ခြင်းများအပြင် ပြည်သူတို့၏ စားဝတ်နေရေးလိုအပ်ချက်များအား သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတွင်းမှ အကူအညီပေးခြင်းဖြင့် စီမံကိန်းလုပ်ငန်းများ ထိရောက်အောင်မြင်စေရေး စဉ်ဆက်မပြတ် ဆောင်ရွက်နေပါသည်။

ယခင်က သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများအား ဌာနအနေဖြင့်သာ ဆောင်ရွက်ခဲ့သော်လည်း ပုဂ္ဂလိကအခန်းကဏ္ဍသည် အရေးပါလာသဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် Pravate Public Partnership (PPP) နည်းလမ်းဖြင့် စိုက်ပျိုးတည်ထောင်စေခြင်း၊ ဒေသခံပြည်သူများအား သစ်




ယနေ့အချိန်တွင် လူဦးရေတိုးတက်များပြားလာပြီး အဆင့်မြင့်ခေတ်မီနည်းပညာများ ထွန်းကားလာခြင်းနှင့်အတူလူသားတို့၏ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် သဘာဝသယံဇာတများအား ပေးစွမ်းနိုင်သည်ထက် ပိုမို၍ မဆင်မခြင် ထုတ်ယူအသုံးပြုခြင်း၊ သစ်တောများကိုခုတ်ထွင်၍ စိုက်ပျိုးမြေနှင့် မွေးမြူရေးလုပ်ငန်းများတိုးချဲ့ခြင်း၊ စီမံကိန်းလုပ်ငန်းများနှင့် မြို့ပြများတည်ထောင်ခြင်း၊ တရားမဝင်သစ် ခိုးထုတ်ကုန်သွယ်ခြင်း အစရှိသည့်ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံများတွင် သဘာဝသယံဇာတများပြုန်းတီး၍ သဘာဝဂေဟစနစ်များပျက်စီးကာ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် ရာသီဥတုပြောင်းလဲမှုများနှင့် သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာခဲ့ပြီး လူသားများအနေဖြင့် ကောင်းမွန်စွာ ဆက်လက်အသက်ရှင်ရပ်တည်ရေးအတွက် ကြီးစွာသောအဟန့်အတားတစ်ခုအဖြစ် ဖြစ်ပေါ်လျက်ရှိပါသည်။







တောထွက်ပစ္စည်း လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောများ ပြန်လည်တည်ထောင်ရန် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအသုံးပြုသူများအဖွဲ့ ဖွဲ့စည်းစေလျက် သဘာဝတောများထိန်းသိမ်းစေခြင်း၊ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်းတို့အား ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လကုန်အထိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်မှု(၄၀၀,၈၃၁)ကေ ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ ပုဂ္ဂလိက စိုက်ခင်းများတည်ထောင်မှုတွင် ကျွန်း(၁၃၉,၆၇၈)ကေ၊ သစ်မာ(၉၂,၇၅၁)ကေ၊ ရာဘာ(၁၇၄,၄၈၇)ကေ စုစုပေါင်း(၄၀၆,၉၁၆)ကေ စိုက်ပျိုးတည်ထောင်ပြီးဖြစ်ပါသည်။

အဆိုပါဆိုးကျိုးများ၏ အဓိကအကြောင်းအရင်းများမှာ သစ်တောပြုန်းတီးမှုအပါအဝင် အရင်းအမြစ်အမျိုးမျိုး၊ လုပ်ငန်းနယ်ပယ်အမျိုးမျိုးက ထုတ်လွှတ်လိုက်သည့် ဖန်လုံအိမ်ဓာတ်ငွေ့များ ကမ္ဘာ့လေထုအတွင်း တစ်နေ့တခြားများပြားလာခြင်းကြောင့်ဖြစ်ပြီး ယနေ့အချိန်တွင် သစ်တောများမှ အထောက်အပံ့ပြုသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ၊ သစ်တောများ၏ အစစ်အမှန်တန်ဖိုးများအား လူသားများက အသိအမှတ်ပြု အလေးထားလာကြပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါသည်။











လူသားတို့၏ စားဝတ်နေရေးအတွက် သစ်တော သယံဇာတများအား ထုတ်ယူသုံးစွဲခြင်းနှင့်အတူ သစ်တော သယံဇာတများထာဝစဉ်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်တောပြုစု ထိန်းသိမ်း ခြင်းလုပ်ငန်းများအား ဟန်ချက်ညီအောင် ဆောင်ရွက်နိုင် မှသာ ဂေဟာစနစ်များ ရေရှည်တည်တံ့ ကောင်းမွန်စေနိုင် မည်ဖြစ်သဖြင့် သစ်တောဦးစီးဌာန၏ လုပ်ငန်းတာဝန် များသည် လူသားတို့အတွက် အရေးပါသော အခန်းကဏ္ဍ မှပါဝင်လာခဲ့ပါသည်။ သဘာဝဂေဟာစနစ်များ ရေရှည် တည်တံ့စေရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ အား ပိုမိုထောက်ပံ့ပေးနိုင်ရန် သမားရိုးကျ သစ်တောစိုက် ခင်းတည်ထောင်ခြင်း၊ သစ်တောပြုစုထိန်းသိမ်းခြင်း လုပ် ငန်းများနှင့် လုံလောက်မှုမရှိနိုင်ပါသဖြင့် သစ်တောဦးစီး ဌာနအနေဖြင့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည် ထောင်ရေး (၁၀)နှစ်စီမံကိန်းကို ရေးဆွဲ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ စတင်အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ် သော အဖွဲ့အစည်းများ၏ အကူအညီများရယူ ဆောင်ရွက် လျက်ရှိပါသည်။

မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း၏ မျှော်မှန်းရလဒ်များ

၂၀၁၇-၂၀၁၈ မှ ၂၀၂၆-၂၀၂၇

| စဉ် | လုပ်ငန်းအမျိုးအမည် | ဧရိယာ | မှတ်ချက် |
|---|---|---|---|
| ၁။ | နိုင်ငံပိုင်သစ်တောစိုက်ခင်းတည်ထောင်ခြင်း | ၃၅၂,၄၃၈ ဧက | |
| ၂။ | ပုဂ္ဂလိသစ်တောစိုက်ခင်းတည်ထောင်ခြင်း | ၂၈၅,၁၀၄ ဧက | |
| ၃။ | သဘာဝတောများတွင် မွေးတာမျိုးဆက်ခြင်း | ၈၁၈,၅၃၈ ဧက | |
| ၄။ | အပုပိုင်းဒေသရှိ သဘာဝတောထိန်းသိမ်းကာကွယ်ခြင်း | ၅၀၀,၀၀၀ ဧက | |
| ၅။ | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း | ၇၇၀,၃၃၂ ဧက | |
| ၆။ | သစ်တောနယ်မြေတိုးချဲ့ဖွဲ့စည်းခြင်း | ၁၆,၁၆၀ စတုရန်းမိုင် | နိုင်ငံဧရိယာ၏ ၆.၁၉% |
| ၇။ | သစ်တောစိုက်ခင်းမှဝါး ချမှတ်ပြဋ္ဌာန်းခြင်း | | |

တစ်ဖက်မှလည်း တရားမဝင်သစ်နှင့် သစ်တော ထွက်ပစ္စည်းများထုတ်ယူမှု လျော့နည်းပပျောက်စေရေး အတွက် ပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခြင်း၊ သစ်တောနယ်မြေများနှင့် တရားမဝင် သစ်သယ်ယူရာ လမ်းကြောင်းများတွင် ကင်းလှည့်စစ်ဆေးခြင်း၊ ရှောင်တခင် စစ်ဆေးဖမ်းဆီးခြင်း၊ ဒေသခံများထံမှ သတင်းရယူ၍ ဖမ်းဆီးဆောင်ရွက်ခြင်း၊ အထူးသဖြင့် နယ်စပ်ဒေသများ တွင် တရားမဝင်သစ်ထုတ်ယူခြင်းနှင့် ကုန်သွယ်ခြင်းများ အား ပပျောက်စေရေးအတွက် ဌာနဝန်ထမ်းများသာမက ဆက်စပ်ဌာနအဖွဲ့အစည်းများ ၊ ပြည်သူများပူးပေါင်း၍ ဖမ်းဆီးဖော်ထုတ်ဆောင်ရွက်လျက်ရှိပြီး ပြစ်မှုကျူးလွန်သူ များကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင် ရေးကြိုးပမ်းလျက်ရှိရာတွင် ဝန်ထမ်းများသည် တရားမဝင် သစ်ကုန်သွယ်သူများ၏ ရန်ပြုတိုက်ခိုက်ခြင်း၊ ခုခံခြင်း၊ အသက်အန္တရာယ်ပြုခြင်းများအား မကြာခဏကြုံတွေ့ လျက်ရှိသော်လည်း ကျရာတာဝန်များအား သစ်တောဝန် ထမ်းများသည် ဖွဲ့သတ္တိရှိစွာဖြင့် ညီညွတ်စွာဆောင်ရွက် လျက်ရှိပါသည်။

တိုင်းဒေသကြီး ၊ ပြည်နယ်သစ်တောဦးစီးဌာနများ အလိုက် တရားမဝင်သစ် ခိုးထုတ်သယ်ယူခြင်းနှင့် ရောင်း ဝယ်ဖောက်ကားမှုများအား ဒေသခံများနှင့် ပြည်သူလူထု ဗဟိုပြုသည့် သတင်းပေးပို့မှု (Community Monitoring and Reporting System-CMRS)စနစ်များကျင့်သုံး၍ သတင်းရယူခြင်းဖြင့် ထိရောက်စွာ ဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံတော်မှပေး အပ်သည့်တာဝန်များအား အထက်အဆင့်ဆင့် တာဝန် ရှိသူများမှ စနစ်တကျကြီးကြပ်ဆောင်ရွက်ခြင်း၊ ဝန်ထမ်း များမှလည်း စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းတာဝန်များ အား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရလဒ် ကောင်းများထွက်ပေါ်ရရှိမှုများအတွက် အသိ အမှတ်ပြုသည့်အနေဖြင့် ၂၀၁၅ ခုနှစ်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာနအား နိုင်ငံတော်၏ တန်ဖိုး ကြီးမားသောဘဏ္ဍာဖြစ်သည့် သစ်တောသယံ ဇာတများ မဆုံးရှုံးစေရန် တားဆီးကြိုးပမ်း ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်သမ္မတ၏ အထူး ဂုဏ်ထူးဆောင်ဆုကို ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရ ပါသည်။

သစ်တောဦးစီးဌာနတွင်လက်ရှိ (အရာထမ်းနှင့် အမှုထမ်း)ဝန်ထမ်းအင်အား(၇၉၈၈)ဦးဖြင့် ဌာန ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက် ရှိရာတွင် လုပ်ငန်းများအလိုက် တာဝန်ယူဆောင်ရွက်ရမှုနှင့် ဝန်ထမ်းအင်အားမှာ လုံလောက်မှု မရှိသော်လည်း လုပ်ငန်း တာဝန်များအား အထက်အဆင့်ဆင့်၏ လမ်းညွှန်မှုကို ခံယူ၍ တာဝန်သိမှု တာဝန်ယူမှုများဖြင့် အစဉ်အလာကောင်း မွန်ခဲ့သည့် သစ်တောဌာန၏ ဂုဏ်ရှိန်အားမြင့်တင်နိုင်ရေး အတွက် ဝန်ထမ်းအားလုံးမှ မိမိဌာန၏ လုပ်ငန်းတာဝန်များ အပြင် အခါအားလျော်စွာ ပေါ်ပေါက်လာသည့် နိုင်ငံတော် ၏တာဝန်များကိုပါ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

နောက်ကျောဖုံးမှအဆက်

ဒိုဒိုတို့ဟာ ဘဝတစ်လျှောက်လုံး ဘယ်လိုဘေးဒုက္ခကိုမှ ရင်ဆိုင်ဖူးခြင်းမရှိတာရယ်၊ တိုက်ခိုက်မယ့်သတ္တဝါလည်း မရှိတာရယ်ကြောင့် အရေးကြုံလာတဲ့အခါ ဘေးအန္တရာယ် ရင်ဆိုင်တုန့်ပြန်နိုင်ခြင်း၊ ခုခံပြေးလွှားရှောင်ရှားတတ်ခြင်း မရှိတဲ့ ထုံထုံထိုင်းထိုင်းငှက်မျိုးပဲ ဖြစ်ပါတယ်။ မြေပြင်ပေါ်မှာ အသိုက်လုပ် ဥအု သားပေါက်ပြီး၊ သစ်ပင်တွေက ကြွေကျတဲ့သစ်သီးတွေကိုပဲ ရှာဖွေစားတတ်ပါတယ်။ ကျွန်းပေါ်ထူထပ်တဲ့ သစ်တောကြီးထဲမှာ နှိတိုက်သတ္တဝါမရှိပဲ ငှက်မျိုးစိတ်များစွာ ကျက်စားနေထိုင်ကြပါတယ်။

၁၅၈၁ခုနှစ် (မှတ်တမ်းတချို့တွင် ၁၅၉၈ခုနှစ်ဟုလည်းဆိုသည်)တွင် ဒတ်ချ်လူမျိုးများက ရွက်သင်္ဘောတွေနဲ့ကျွန်းတွေဆီ ဆိုက်ရောက်လာချိန်မှာတော့ ဒိုဒိုတို့ဘဝ ဒုက္ခပင်လယ်ဝေခဲ့ရပါတယ်။ ကိုယ်အလေးချိန်ပေါင်(၅၀)ရှိတဲ့ ဒိုဒိုငှက်တွေဟာ သင်္ဘောသားတွေအတွက် အသားရိက္ခာဖြစ်လာကြရပြီး၊ အရေအတွက်များစွာ သတ်ဖြတ်ခံကြရတယ်။ ဘေးဒုက္ခအန္တရာယ် လုံးဝရင်ဆိုင်တွေ့ကြုံခြင်းမရှိသည့်ဒိုဒိုတို့ဟာ ထွက်ပြေးတိမ်းရှောင်တာတွေ၊ ခုခံကာကွယ်တာတွေ မလုပ်တတ်တဲ့အတွက် ကျွန်းပေါ်ရောက်လာတဲ့ လူတို့ရဲ့တိုက်ခိုက်မှုကို အလွယ်တကူ ခါးစည်းခံကြရပါသည်။ လူတွေဟာဒိုဒိုတို့ကိုသတ်ဖြတ်ကြ၊ အသိုက်တွင်းမှ ဥတွေကိုရှာဖွေစားကြနဲ့ နှစ်ကာလတိုတို အတွင်းမှာ အကောင်ဦးရေဟာ လျင်မြန်စွာကျဆင်းလာပြီး၊ မျိုးတုံးပျောက်ကွယ်ကုန်ပါတယ်။ ဒိုဒိုငှက်တွေ ဘယ်ကာလမှာ ပျောက်ကွယ်သွားတာကို အတိအကျမသိပေမယ့်၊ နောက်ဆုံးမြင်တွေ့ခဲ့တာက ၁၆၈၁ခုနှစ် ပတ်ဝန်းကျင်ကာလ (မှတ်တမ်းတချို့တွင် ၁၆၆၂ခုနှစ်ဟုဆိုသည်)လို့သိရပါတယ်။ ဒိုဒိုမျိုးတုံးပျောက်ကွယ်ကုန်တော့မှ ဂေဟစနစ်အပေါ် မျိုးတုံးခြင်းအကျိုးသက်ရောက်မှုကို လူတွေနားလည်လာကြတယ်။

ဒိုဒိုငှက်သေဆုံးခြင်း အကြောင်းအရာ အထောက်အထားများပြည့်စုံသော်လည်း၊ ဒိုဒိုငှက်ရဲ့ ပြည့်စုံတဲ့ခန္ဓာကိုယ် အစိတ်အပိုင်း နမူနာပုံစံ စုဆောင်းမရခဲ့ပါဘူး။ ခန္ဓာတစ်ပိုင်းတစ်စစီနဲ့ အရိုးအစိတ်အပိုင်းများသာ စုဆောင်းရခဲ့ပါတယ်။ မောရိရှပ်ကျွန်းမှာ ဒိုဒိုငှက်တစ်မျိုးတည်းသာလျှင် မျိုးတုံးပျောက်ကွယ်ခဲ့ခြင်းဖြစ်ပါတယ်။ အခြားသော မျိုးစိတ်များကတော့ ၁၉ ရာစုပိုင်း မောရိရှပ်သစ်တောများကို လက်ဖက်နဲ့ကြံစိုက်ခင်းများ ပြောင်းလဲလိုက်ချိန်မှာ ပျောက်ဆုံးကုန်ကြပါတယ်။ မကြာသေးမီကာလက သိပ္ပံပညာရှင်က မောရိရှကျွန်းပေါ်တွင် သစ်ပင်မျိုးစိတ်တချို့ အလွန်ရှားပါးလာတာကို သတိထားလာမိပါတယ်။ အမှန်တကယ်တော့ သိပ္ပံပညာရှင်က နှစ်(၃၀၀)ခန့်ကြီးတဲ့ ကျန်ရှိနေတဲ့ သစ်ပင်မျိုး(၁၃)မျိုးအားလုံးကို သတိထားမိတာဖြစ်ပါတယ်။ အဲဒီအပင်တွေကနေ ၁၆၀၀နှစ်ကတည်းက အပင်သစ်တစ်ပင်မှမပေါက်ကြဘူး။ နှစ်(၃၀၀)ခန့်မျှမ်းမျှ သက်တမ်းရှိတဲ့ သစ်ပင်မျိုးစိတ်တွေဟာ အသက်အလွန်ကြီးနေပါပြီ။ မကြာခင်မှာပဲ သေဆုံးကုန်မှာဖြစ်ပြီး မျိုးတုံးပျောက်ကွယ်မှာဖြစ်ပါတယ်။ ဒိုဒိုငှက်မျိုးတုံးခဲ့တဲ့ နှစ်ပေါင်း(၃၀၀)ကတည်းက အဲဒီအပင်တွေဟာ မျိုးဆက်ပွံ့ပွားမှု ရပ်သွားတာဖြစ်ပါတယ်။ ဒိုဒိုငှက်တွေ စားလိုက်တဲ့သစ်သီးတွေဟာအစာလမ်းကြောင်းထဲမှာ အစာချေဖျက်ခံရပြီး မစင်နဲ့အတူစွန့်လိုက်တဲ့အခါ အပင်ပေါက်ရှင်သန်ကြီးထွားလာကြပေမယ့်၊ အဲဒီသစ်သီးတွေဟာ သဘာဝအတိုင်းအပင်ပေါ်က ကြွေကျရင် မြေပေါ်မှာ ဒီအတိုင်းအပင်မပေါက်နိုင်ပါဘူး။ အကြောင်းကတော့ ဒိုဒိုငှက်အစာလမ်းကြောင်းထဲမှာ သစ်သီးအစေ့ကိုအုပ်ထားတဲ့ အတွင်းခွံတွေဟာ ချေဖျက်စုပ်ယူခြင်းခံရပြီး အတွင်းခွံမပါတဲ့ အစေ့တွေက မစင်နဲ့အတူစွန့်ပစ်ခံရတဲ့အခါ အပင်ပေါက်လာတာဖြစ်ပါတယ်။ သဘာဝအတိုင်း မြေပြင်ပေါ် ကြွေကျတဲ့သစ်သီးအစေ့တွေက အတွင်းခွံအုပ်ကာထားတဲ့အတွက် အညှောင့်မထွက်နိုင်ဘူးလို့သိရပါတယ်။ ဒိုဒိုအစာဖြစ်တဲ့ သစ်သီးမျိုးစိတ်တချို့ဟာ ဒိုဒိုစားလိုက်ပြီး မစင်နဲ့အတူစွန့်လိုက်မှ မျိုးပွံ့ပွားနိုင်တယ်လို့ဆိုရမယ်။ ဒိုဒိုလည်း မျိုးတုံးရော အဲဒီသစ်သီးတွေလည်း အပင်မပေါက်နိုင်တော့ပဲ တဖြည်းဖြည်း မျိုးတုံးကုန်ကြပါတယ်။ ဒိုဒိုနဲ့အပင်တို့ရဲ့ ဆက်နွယ်မှုသဘာဝဂေဟစနစ်လို့ဆိုရမှာပေါ့။

ဇီဝထိန်းသိမ်းရေးပညာရှင်တွေက မျိုးတုံးတာနဲ့ပတ်သက်ပြီး၊ ဒိုဒိုငှက်ကိုစံနမူနာထားကြတယ်။ လူတွေကြောင့် ဒိုဒိုသေကြေပျက်စီးပျောက်ကွယ်ခဲ့ရတယ်။ ကမ္ဘာကြီးရဲ့ ကျွန်းလေး တစ်ကျွန်းမှာပဲ နေထိုင်ကျက်စားတဲ့ ဒိုဒိုသေဆုံးကုန်တော့ မျိုးတုံးသွားတယ်။ ကျွန်းနေဇီဝမျိုးစိတ်ထိန်းသိမ်းရေးအတွက် အလေးထားရမယ့်အချက်ပါပဲ။ ဒိုဒိုမျိုးတုံးတော့ ဒိုဒိုစားတဲ့စားပင်မျိုးစိတ် တချို့ဟာမျိုးမပွားနိုင်တော့ပဲ မျိုးတုံးကုန်တာတွေ့ရတယ်။ ဇီဝမျိုးစိတ်တစ်ခု မျိုးတုံးပျောက်ကွယ်ရင် သူနဲ့ဆက်စပ်နေတဲ့ အခြားမျိုးစိတ်တစ်ချို့ပါ ထိခိုက်ပျက်စီး၊ မျိုးတုံးပျောက်ကွယ်ကြတာပေါ့။ မမြင်မသိလိုက်တဲ့ သူတို့ရဲ့ဂေဟစနစ်တွေလဲ ပြောင်းလဲကုန်တယ်။ တချို့လည်း ပျောက်ကုန်တာပေါ့။ ဒီအချက်တွေဟာ လူတိုင်းသိသင့်တဲ့ ထိန်းသိမ်းရေးဆိုင်ရာ ဗဟုသုတများဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ကျွန်းပေါင်း(၈၀၀)ကျော်ရှိတဲ့ တနင်္သာရီမြိတ်ကျွန်းစုကို ပိုင်ဆိုင်ထားပါတယ်။ ကျွန်းတွေရဲ့ သဘာဝပတ်ဝန်းကျင် ဇီဝမျိုးစုံမျိုးကွဲနဲ့ ဂေဟစနစ်တွေ မလေ့လာမဖော်ထုတ်ပဲ အပြောင်ရှင်းစိုက်ပျိုးမြေလုပ်၊ ခရီးသွားလုပ်ငန်းအမည်နဲ့ ဖွံ့ဖြိုးရေးလုပ်နေတာတွေကို သတိထားဖို့လိုပါတယ်။ မြိတ်ကျွန်းစုတွေမှာ သဘာဝပတ်ဝန်းကျင်နဲ့ ဇီဝမျိုးစိတ်တွေလေ့လာလို့ တုနှိုင်းလို့မရတဲ့ထူးခြားဆန်းကြယ်တဲ့ သဘာဝပတ်ဝန်းကျင်၊ ထူးခြားတဲ့မျိုးစိတ်သစ်တွေ ဖော်ထုတ်နိုင်မယ်ဆိုရင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အထောက်အကူဖြစ်စေပြီး ကမ္ဘာမှာဂုဏ်ယူနိုင်တဲ့ခရီးသွားဒေသတစ်ခု ဖြစ်လာနိုင်ပါကြောင်း ရေးသားလိုက်ပါတယ်။



ဒေါက်တာသိန်းအောင် ၊ ဥက္ကဋ္ဌ
မြန်မာငှက်နှင့် သဘာဝထိန်းသိမ်းရေးအသင်း

# ဒိုဒို



ကာတွန်းရုပ် ဒိုဒိုငှက်



အောက်စ်ဖို့ဒ် တက္ကသိုလ်တွင် ပြသထားသည့် ဒိုဒိုငှက်



ဒိုဒိုငှက်နှင့် အနီးစပ်ဆုံးအသက်ရှင်တည်ရှိတဲ့ နီကိုဘာခို

ဒိုဒိုလို့ကြားလိုက်တာနဲ့ ဝေါ့ဒစ္စနီ Walt Disney ကာတွန်းဇာတ်လမ်းတွေထဲက ကာတွန်းဒိုဒိုငှက်ကလေးကို မြင်ယောင်မိကြမှာပါ။ အမှန်တကယ်တော့ ဒိုဒိုငှက်က ကမ္ဘာပေါ်မှာရှင်သန်နေထိုင်တဲ့ ငှက်မျိုးစိတ်တစ်မျိုးဖြစ်ပါတယ်။ အခုတော့ကမ္ဘာကြီးကနေ စွန့်ခွာသွားပါပြီ။ ဒိုဒိုငှက်များဟာ လွန်ခဲ့တဲ့နှစ်ပေါင်း(၃၀၀)ကျော်ကတည်းက မျိုးတုံးပျောက်ကွယ်သွားပြီ ဖြစ်ပါတယ်။ ဒိုဒိုရုပ်ကြွင်းအထောက်အထားများကို လေ့လာအခြေခံပြီး ပုံဖော်ထားတဲ့ ဒိုဒိုရုပ်ပုံပန်းချီ၊ ငှက်ရုပ်တွေကိုပဲ မြင်တွေ့ရမှာဖြစ်ပါတယ်။

ဒိုဒိုငှက်ရဲ့ သိပ္ပံအမည်ကတော့ (*Raphus cucullatus*)ဖြစ်ပါတယ်။ ဒိုဒိုနဲ့အနီးစပ်ဆုံးဆက်နွယ်တဲ့ (Rodrigues Solitatire)ငှက်ကလည်း မျိုးတုံးပျောက်ကွယ်သွားပြီဖြစ်ပါတယ်။ ဒိုဒိုဟာ ခိုနှင့်ချိုးမျိုးနွယ်မှဆင်းသက်လာပြီး ဒိုဒိုနှင့်အနီးစပ်ဆုံး အသက်ရှင်တည်ရှိတဲ့ မျိုးစိတ်ကတော့ နီကိုဘာခို (Nicobar Pigeon)ငှက်ပဲဖြစ်ပါတယ်။ နီကိုဘာခိုဟာ မျိုးတုံးမှုအန္တရာယ်ခြိမ်းခြောက်ခံလုနီး (NearThreatened-NT)မျိုးစိတ်ဖြစ်ပြီး နီကိုဘာကျွန်းမှာကျက်စားပါတယ်။ မြန်မာနိုင်ငံ ကိုကိုးကျွန်းနဲ့တနင်္သာရီဒေသမှာ ကျက်စားပါတယ်။ ဒိုဒိုဟာ အရပ်(၃)ပေမြင့်ပြီး ကိုယ်အလေးချိန်ပေါင်(၅၀)လေးပါတယ်။

အိန္ဒိယသမုဒ္ဒရာအတွင်း မဒါကားစကတ်(Madagascar)ကျွန်း အရှေ့ဖက်မိုင်(၇၀၀)ဝေးသော မောရိရှပ်(Mauritius)ကျွန်းမှာ ရှင်သန်ပေါက်ပွားနေထိုင်တဲ့ ဒေသရင်းငှက်မျိုးစိတ်(Endemic bird species)ဖြစ်ပါတယ်။ မောရိရှပ်ကျွန်းကလွဲရင် အခြားဘယ်ဒေသ၊ ဘယ်ကျွန်းမှာမှ မတွေ့ရတဲ့ငှက်မျိုးစိတ်ပဲဖြစ်ပါတယ်။ ဒိုဒိုဟာ ကမ္ဘာပေါ်မှာ နှစ်ထောင်သောင်းချီပြီး သဘာဝပတ်ဝန်းကျင်မှာ လိုက်လျောညီထွေစွာမပျံသန်းပဲ မြေပြင်ပေါ်တွင် ခြေလျင်သွားလာကျက်စားတတ်တဲ့ ငှက်မျိုးဖြစ်ပါတယ်။ အရောင်ကတော့ မီးခိုးရောင်ဖြစ်ပြီး အမြီးမှာ အဖြူရောင် အမွေးအတောင်များပါရှိပါတယ်။ တောင်ပံမဲ့ငှက်ဖြစ်ပြီး ခန္ဓာကိုယ်ကြီးမားကာ ချိတ်ကောက်သည့် နှုတ်သီးပါရှိတယ်။

ကမ္ဘာကြီးမှာ ဒိုဒိုအသက်ရှင်ခဲ့တုန်းက ဒိုဒိုဘဝဟာ နိဗ္ဗာန်လို့ဆိုနိုင်ပါတယ်။ ကျွန်းပေါ်မှာ တိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ် စားသောက်တတ်တဲ့ သားရဲတိရစ္ဆာန်၊ သားရဲငှက်တွေကနည်းပါးတော့၊ ဒိုဒိုနဲ့ တိရစ္ဆာန်အတော်များများဟာ ဘေးအန္တရာယ်ကင်းရှင်းစွာ ကျက်စားနေထိုင်ကြပါတယ်။ ရာသီဥတုလည်းကောင်းမွန်၊ သဘာဝဘေးအန္တရာယ်လည်းမရှိ၊ အစာရေစာကလည်းပေါများ၊ စုံလင်လေတော့ ဒိုဒိုတို့ဟာ တိုက်ခိုက်ယှဉ်ပြိုင်မှုမရှိပဲ၊ ကိုယ့်အစာကိုယ်အေးအေးဆေးဆေးစွာ ရှာဖွေစားနိုင်တာကြောင့် ဒိုဒိုနဲ့အခြားသော တောရိုင်းတိရစ္ဆာန်တွေဟာ ပြီးပြည့်စုံတဲ့ဘဝမှာ ဘေးအန္တရာယ်ကင်းကင်းနဲ့ စိတ်လက်ချမ်းသာစွာ သဘာဝပတ်ဝန်းကျင်နဲ့လိုက်လျောညီထွေ ရှင်သန်ပေါက်ပွားနေကြပါတယ်။

စာမျက်နှာ ( ၄၉ )သို့